# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ် ၊ ဝါခေါင်လပြည့်ကျော် (၉)ရက် ၊ တနင်္ဂနွေနေ့ ၊ (17-8-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၁၀၉)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။



## ၂၀၂၅ အာဆီယံအမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲတွင် ထိုင်းအသင်းကို အနိုင်ယူပြီး မြန်မာအမျိုးသမီးအသင်း ဗိုလ်လုပွဲ တက်ရောက်

ဟန္နိုင်း ဩဂုတ် ၁၆

ဗီယက်နမ်နိုင်ငံတွင် ကျင်းပနေသည့် ၂၀၂၅ အာဆီယံအမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်ကို မြန်မာစံတော်ချိန် ယနေ့ညနေ ၃ နာရီခွဲတွင် အုပ်စု(ခ)မှ အုပ်စုပထမနေရာဖြင့် တက်ရောက်လာသည့် မြန်မာအမျိုးသမီး အသင်းနှင့် အုပ်စု(က)မှ အုပ်စုဒုတိယနေရာဖြင့် တက်ရောက်လာသည့် ထိုင်းအမျိုးသမီးအသင်းတို့တွေ့ဆုံခဲ့ရာ မြန်မာအမျိုးသမီးအသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် နိုင်ပွဲရခဲ့သောကြောင့် ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့သည်။

ဆီမီးဖိုင်နယ်ပွဲစဉ်တွင် မြန်မာအသင်းတိုက်စစ်ကို မေထက်လူနှင့် ဝင်းသီရိထွန်းတို့ ဦးဆောင်လာခဲ့ပြီး

စာမျက်နှာ ၁၇ ကော်လံ ၃

## နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံကြီး၌ ဒေသခံတိုင်းရင်းသားပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဩဂုတ် ၁၆

ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့၌ ဒေသခံတိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအဆင်ပြေချောမွေ့စေရန်အတွက် အကြမ်းဖက်သမားများ ဖျက်ဆီးခဲ့သည့် နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံကြီးအား ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများဆောင်ရွက်ကာ ဩဂုတ် ၂ ရက်တွင် ပြန်လည်ဖွင့်လှစ်ပေးခဲ့ပြီး ဒေသခံတိုင်းရင်းသားပြည်သူများကို လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပြည်သူ့ဆေးရုံကြီး၌ ပြင်ပလူနာစုစုပေါင်း ၂၄ ဦးတို့ကို ငှက်ဖျားရောဂါ၊ တုပ်ကွေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများဆောင်ရွက်ပေးခြင်း၊

စာမျက်နှာ ၁၆ ကော်လံ ၁



နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံကြီး၌ ဒေသခံတိုင်းရင်းသားပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။




ရတနာပုံ
၂၀၂၅ ခုနှစ် ဩဂုတ် ၁၇ ရက်
အယ်ဒီတာ့အာဘော်

## စာကြည့်တိုက်များဖွံ့ဖြိုးရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ပါဝင်နွဲပျော်

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးတွင် ပညာရေးသည် အခြေခံအုတ်မြစ်ဖြစ်ပါသည်။ နိုင်ငံသူ နိုင်ငံသားတို့၏ အသိပညာ၊ အတတ်ပညာကြွယ်ဝစေရန်အတွက် စာကောင်းပေမွန်များဖတ်ရှုနိုင်ရန် ပညာရေးအထောက်အကူပြု ပညာဘဏ်တိုက်ခေါ် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးသည်လည်း အရေးပါပဓာနကျလှပါသည်။ထို့ကြောင့် ယခုကဲ့သို့ အခြေခံပညာကျောင်းများဖွင့်လှစ်ထားချိန်တွင် အနာဂတ်မျိုးဆက်သစ်ကျောင်းသူကျောင်းသားများအတွက် ရည်ရွယ်၍ ပြန်ကြားရေး၊ ပညာရေးဝန်ကြီးဌာနအပါအဝင် သက်ဆိုင်ရာဌာနများပူးပေါင်း၍ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်များ နိုင်ငံတစ်ဝန်း၌ ကျင်းပဖော်ဆောင်လျက်ရှိသည်ကိုတွေ့ရသည်။

ကျောင်းသားကျောင်းသူများ စာအုပ်စာပေလေ့လာဖတ်ရှုခြင်းမှ အသိပညာဗဟုသုတများ တိုးပွားစေရန်အတွက် စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးသည် အလွန်အရေးပါသောလုပ်ရပ်များဖြစ်သည်။ မိမိနိုင်ငံတွင် စာကြည့်တိုက်များသည် ကျောင်းသားကျောင်းသူများအတွက်သာမက ပြည်သူ့အကျိုးပြုလုပ်ငန်းအဖြစ် ရပ်တည်နိုင်ခဲ့သည်မှာ ပေထက်အက္ခရာတင်သည့်ခေတ်မှ ယခုမျက်မှောက်ခေတ်ထိ နှစ်ပေါင်းထောင်ချီရှိခဲ့ပြီဖြစ်သည်။ စာကြည့်တိုက်များသည် မိမိတို့နိုင်ငံတွင် ကျေးလက်မြို့ပြမကျန် အများပြည်သူတို့ ပညာရှာမှီးရာတွင် ကူညီပံ့ပိုးပေးခဲ့သည်မှာ မည်သူမျှမငြင်းနိုင်သော ပကတိအခြေအနေပင်ဖြစ်ပါသည်။ မြန်မာအဘိဓာန်၌ စာကြည့်တိုက်ကို ကြည့်ရှုလေ့လာရန်၊ ငှားရမ်းရန် စာအုပ်များကို သိမ်းဆည်းထားရာအဆောက်အအုံဟူ၍ ဖွင့်ဆိုထားသည်။ ထိုသို့ ဝေါဟာရအနက် ဖွင့်ဆိုနိုင်ရန်ထိပင် စာကြည့်တိုက်များက နိုင်ငံသူနိုင်ငံသားများ၏ အသိပညာဗဟုသုတများမြှင့်တင်ရာ၌ ထိရောက်စွာအထောက်အကူပြုနိုင်ခဲ့သည်။ ထို့ကြောင့် နိုင်ငံတစ်ဝန်း၌ စာကြည့်တိုက်များ တည်ဆောက်ထားသည်နှင့်အညီ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးကို နိုင်ငံသားအားလုံးက အလေးထားဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

ထိုသို့စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်စေရေးကြိုးပမ်းဆောင်ရွက်ခြင်းနည်းတူ ကျောင်းသားလူငယ်များစာဖတ်သည့် အလေ့အကျင့်များတိုးပွားလာအောင် စာဖတ်ရှိန်မြှင့်တင်ရေးလေ့ကျင့်ပျိုးထောင်မှုကိုပါ ဆောင်ရွက်ကြရမည်ဖြစ်သည်။ ပျိုးမျစ်တက်ကြွနေသော ကျောင်းသားအရွယ်ကစ၍ စာဖတ်သည့်အလေ့အထများ စနစ်တကျပျိုးထောင်ပေးနိုင်ပါက လူကြီးအရွယ် ကူးပြောင်းလာသည့်အခါတွင် ငယ်စဉ်က စာဖတ်နာခဲ့သည့်အတွက် ကျိုးကြောင်းဆင်ခြင်မှုအားကောင်းသော နိုင်ငံ့အတွက် အဖိုးတန်သားကောင်းရတနာများအဖြစ် မလွဲမသွေပေါ်ထွန်းလာမည်ဖြစ်ပါသည်။

ယခုအချိန်တွင် နိုင်ငံတော်အစိုးရက ဦးဆောင်၍ မြို့နယ်အသီးသီးတွင် စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်များကို အလေးအနက်ထား၍ အားပေးပံ့ဖော်ပံ့ပိုးပေးနေချိန်ဖြစ်ပါသည်။ ယခုကဲ့သို့ အချိန်အခါကောင်းတွင် ဆရာ၊ ဆရာမများ၊ မိဘပြည်သူများကပါ မိမိတို့၏ သားကောင်းသမီးမွန်များနှင့်အတူ ထာဝရအကျိုးရှိစေမည့် ပွဲတော်များ၌ တစ်တပ်တစ်အားပါဝင်အားပေးဖော်ဆောင်သင့်လှပါသည်။ ပညာပြည့်ဝနှလုံးလှသည့် လူ့စွမ်းအားအရင်းအမြစ်များဖြင့်သာ နိုင်ငံတော်ကို ခေတ်နှင့်အမီ ကမ္ဘာနှင့်အညီ ဖွံ့ဖြိုးတိုးတက်စေရေး အမှန်တကယ်ဆောင်ရွက်နိုင်မည်ဖြစ်ပါသဖြင့် နိုင်ငံသားများ၏ ပညာရည်မြင့်မားမှုကို အထောက်အကူပြုသည့် စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့်စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်များကို တပျော်တပါးပါဝင်နွှဲပျော်ကြပါရန် အလေးအနက်ထားတိုက်တွန်းရေးသားလိုက်ရပါသည်။

## မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမျိုးအောင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုအခမ်းအနားသို့ တက်ရောက်



**မန္တလေး ဩဂုတ် ၁၆**

၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှု (မန္တလေးတိုင်းဒေသကြီးအဆင့်) အခမ်းအနားကို ဩဂုတ် ၁၅ ရက် နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ အမှတ်(၁၆) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့နာယက ဝန်ကြီးချုပ်၏ဇနီး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ဇနီးများ၊ တိုင်းဒေသကြီး ပညာရေးမှူးရုံး၊ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနတို့မှ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဆေးရုံအုပ်ကြီးများ၊ သက်ဆိုင်ရာဌာနများ၊ အသင်းအဖွဲ့များနှင့် နီးနွယ်အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြပြီး ကျောင်းသား၊ ကျောင်းသူများက ကျောင်းကျန်းမာရေးသီချင်းသီဆို၍ အခမ်းအနားကို ဖွင့်လှစ်ခဲ့သည်။

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် လူ့စွမ်းအားအရင်းအမြစ်များဖြစ်သော ကျောင်းသား၊ ကျောင်းသူများ၏ ကျန်းမာရေးအဆင့်အတန်း မြင့်မားခြင်းသည် ကျန်းမာသန်စွမ်းသည့် လူ့အဖွဲ့အစည်း တည်ဆောက်နိုင်ရေးတွင် အခြေခံဖြစ်၍ အဓိကကျသည့်အခန်းကဏ္ဍတွင် ပါဝင်ကြောင်း၊ ကျန်းမာရေးအဆင့်အတန်း မြင့်မားတိုးတက်လာစေရန်၊ ကျန်းမာရေးနှင့်ညီညွတ်သော လူနေမှုဘဝပုံစံများ သိရှိကျင့်သုံးစွဲမြဲလာစေရန်၊ ဗလငါးတန်နှင့်ပြည့်စုံသည့် ကျောင်းသား၊ ကျောင်းသူများ ပေါ်ထွက်လာစေရန် "လူငယ်များဗလငါးတန်ဖွံ့ဖြိုးဖို့ ကျောင်းကျန်းမာရေးမြှင့်တင်စို့" ဆောင်ပုဒ်အတိုင်း ကျန်းမာရေးအဆင့်မြှင့် ကျောင်းလုပ်ငန်းစဉ်များကို အားလုံးဝိုင်းဝန်း၍ အကောင်းဆုံးပူးပေါင်းလုပ်ဆောင်မှုအားဖြင့် ပိုမိုထိရောက်အောင်မြင်အောင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုများ မှတ်တမ်း Video Clip ကို ပြသပြီးနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျောင်းသား၊ ကျောင်းသူတစ်ဦးစီ၏ ကျောင်းကျန်းမာရေးစစ်ဆေးမှုမှတ်တမ်းကတ်တွင် အတန်းအလိုက်ဖြည့်သွင်းထားရှိမှုကို ကြည့်ရှုအားပေးပြီးနောက် အသက်အရွယ်အပိုင်းအခြားအလိုက် ကျောင်းသား၊ ကျောင်းသူများကို ဗီတာမင်အေဆေး၊ သန်ချဆေးနှင့်သံဓာတ်ဆေးပြားများ တိုက်ကျွေးခဲ့ကြောင်း၊ အမှတ်တရ လက်ဆောင်ပစ္စည်းများပေးအပ်ခဲ့ကြောင်း၊ ကျောင်းတွင်း အာဟာရဖြည့်စွက်စာများ ကျွေးမွေးနေမှုများကို လိုက်လံကြည့်ရှု အားပေးခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

## တမူးခရိုင်တွင် လာမည့် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၄၁၈၉ ဧက စိုက်ပျိုးမည်

**တမူး ဩဂုတ် ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင်တွင် လာမည့် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၄၁၈၉ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း တမူးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တမူးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်စိုက်ပျိုးရန် လျာထားမှုအနေဖြင့် မြို့သစ်မြို့နယ်တွင် ၁၁၈၉ ဧက၊ တမူးမြို့နယ်တွင် ဧက ၁၅၀၀၊ ခါမ်းပါတ်မြို့တွင် ဧက ၁၅၀၀ စုစုပေါင်း ၄၁၈၉ ဧကတို့ဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီ တမူးခရိုင်မှာ ဟင်းသီးဟင်းရွက် ဧက ၄၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးသွားမယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း၊ မုန်လာ စတဲ့သီးနှံတွေဖြစ်ပါတယ်။ ဟင်းသီးဟင်းရွက်အားလုံးကို GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်ဖို့၊ ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ ကိုက်ညီအောင်စိုက်ပျိုးဖို့ နည်းပညာတွေပေးသွားပါမယ်"ဟု တမူးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမြင့်က ပြောပြသည်။

တမူးခရိုင်တွင် နှစ်စဉ် ရာသီအလိုက် ဟင်းသီးဟင်းရွက်မျိုးစုံ စိုက်ပျိုးလျက်ရှိရာ စိုက်ပျိုးသော ဟင်းသီးဟင်းရွက်များ အောင်မြင်ဖြစ်ထွန်းပြီး မိသားစုဝင်ငွေရရှိကြောင်း၊ ဟင်းသီးဟင်းရွက်စိုက်ပျိုးမည့်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းစင်ရေး၊ သဘာဝမြေဩဇာ၊ သဘာဝပိုးသတ်ဆေးပြုလုပ်သုံးစွဲရေး အသိပညာပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဦးလှမြင့်က ပြောပြ၍ သိရသည်။

(၂၀၆)

## သာပေါင်းမြို့နယ်တွင် ပဲလွမ်းဖြူများ အရောင်းအဝယ်ကောင်းမွန်နေ

**သာပေါင်း ဩဂုတ် ၁၆**

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ်တွင် ပဲလွမ်းဖြူများ အရောင်းအဝယ်ကောင်းမွန်နေကြောင်း သာပေါင်းမြို့နယ်မှ လယ်ယာထွက်ကုန် ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ရီရီထွန်းက ပြောပြ၍ သိရသည်။

သာပေါင်းမြို့နယ်တွင် ဩဂုတ်လပထမပတ်မှစတင်၍ ယနေ့ထိ ပဲလွမ်းဖြူများ ဝယ်ယူမှုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါ ပဲလွမ်းဖြူများ ဝယ်ယူမှုအားကောင်းလာခြင်းသည် ဒေသထွက်ပဲလွမ်းဖြူများကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုအားကောင်းလာပြီး ဒေသထွက် ပဲလွမ်းဖြူများ အထွက်နည်းနေခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

"ဒေသထွက်ကုန် ပဲလွမ်းဖြူတွေကို ဒေသဈေးကွက်အပြင် အခြားဒေသတွေကပါ အဝယ်လိုက်နေပါတယ်။ အခုလပထမပတ်လောက်ကနေ သိသိသာသာ အဝယ်လိုက်လာတာဖြစ်ပါတယ်။ ဒေသထွက် ပဲလွမ်းဖြူတွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေပါတယ်။ ပဲအထွက်နည်းလာတာနဲ့အဝယ်လိုက်ပြီး အရောင်းသွက်နေတာဖြစ်ပါတယ်။ လက်ရှိဒေသမှာတော့ ပဲလွမ်းဖြူအသစ်တွေ သိပ်မထွက်သေးပါဘူး"ဟု သာပေါင်းမြို့နယ်မှ လယ်ယာထွက်ကုန် ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ရီရီထွန်းက ပြောပြသည်။

သာပေါင်းမြို့နယ်တွင် ပဲလွမ်းဖြူ ၁၆ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၁၁၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါဒေသမှ လယ်ယာထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ဒေသထွက် လယ်ယာထွက်ကုန် ပစ္စည်းများကို ရန်ကုန်ဈေးကွက်သို့ အဓိကထား တင်ပို့ရောင်းချလျက်ရှိပြီး ပဲလွမ်းဖြူအပြင် မတ်ပဲ၊ ပဲတီစိမ်း၊ ပြောင်း၊ စပါး၊ ဆန်၊ ရာသီထွက်ကုန်များကို တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် ၂၀၂၅ ခုနှစ် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ(အမျိုးသား၊ အမျိုးသမီး)ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲ ဆုချီးမြှင့်ခြင်းအခမ်းအနားသို့ တက်ရောက်



**မန္တလေး ဩဂုတ် ၁၆**

၂၀၂၅ ခုနှစ် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ (အမျိုးသား၊ အမျိုးသမီး) ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲ ဆုချီးမြှင့်ခြင်း အခမ်းအနားကို ဩဂုတ် ၁၅ ရက် ညနေပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ ဗထူး အားကစားခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ တိုင်းဒေသကြီး ရိုးရာခြင်းလုံး ဆပ်ကော်မတီမှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများ၊ အုပ်ချုပ်သူ နည်းပြများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး မြန်မာ့လက်ရွေးစင် အားကစားသမားများက မြန်မာ့ ရိုးရာခြင်းလုံး အလှခတ်ကစား ပြသနေမှုများကို ကြည့်ရှုအားပေးကြကြောင်း သိရသည်။

ထို့နောက် ဆုချီးမြှင့်ခြင်း အခမ်းအနားကို ဆက်လက်ကျင်းပရာ တိုင်းဒေသကြီးရိုးရာခြင်းလုံး ဆပ်ကော်မတီမှ နာယကနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး ဝန်ကြီးများက အတိုးတက်ဆုံး အားကစားသမားဆု ရရှိသည့် အောင်မြေသာစံခရိုင်၊ ညောင်ဦးခရိုင်၊ မဟာအောင်မြေခရိုင်အသင်းမှ အားကစားသမားများကို ဆုတံဆိပ်နှင့် ငွေသားဆုများ၊ အတိုးတက်ဆုံးအသင်းဆု ရရှိသည့် အောင်မြေသာစံခရိုင်အသင်း(အမျိုးသမီး)နှင့် ကျောက်ဆည်ခရိုင် အသင်း(အမျိုးသား)အသင်းဆုတို့ကို ငွေသားဆုများ၊ တတိယဆုရရှိသည့် မိတ္ထီလာခရိုင်အသင်း (အမျိုးသမီး)နှင့် အမရပူရခရိုင်အသင်း (အမျိုးသား)တို့ကို တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေသားဆုများ၊ ဒုတိယဆုရရှိသည့် အမရပူရခရိုင် အသင်း(အမျိုးသမီး)နှင့် မြင်းခြံ ခရိုင်အသင်း(အမျိုးသား) တို့ကို တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသား ဆုများ၊ ပထမဆုရရှိသည့် မဟာ အောင်မြေခရိုင်အသင်း (အမျိုးသမီး)ကို တစ်ဦးချင်းဆုတံဆိပ်၊ ဆုဖလားနှင့် ငွေသားဆုများကို ချီးမြှင့်ပေးပြီးနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ပထမတံခွန်စိုက်ဆုဖလားရရှိသည့် မဟာ အောင်မြေခရိုင်အသင်း (အမျိုးသား)ကို တံခွန်စိုက်ဆုဖလားနှင့် ငွေသားဆုကို ချီးမြှင့်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၅၈၃၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**မုံရွာ ဩဂုတ် ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၅၈၃၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အရာတော်မြို့နယ်တွင် မြေပဲ ဧက ၁၆၉၈၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလတတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ



၁၅၈၃၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ အရာတော်မြို့နယ်မှာ မြေပဲ ဧက ၁၆၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၅၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ဆက်လက်စိုက်ပျိုး လျက်ရှိပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက်လဲ ဆောင်ရွက်ပေးနေပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့ အနေအထားမှာရှိတယ်။ မြေပဲ စိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက် တစ်နှစ်တိုးတက်လာပါတယ်" ဟု မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

အရာတော်မြို့နယ်တွင် မြေပဲ စိုက်ပျိုးရာ၌ တစ်ဧကကို မျိုးတစ်တင်းခွဲစိုက်ပျိုးရပြီး မျိုးစရိတ်၊ အလုပ်သမားခများနှင့် မြေဩဇာ၊ ပိုးသတ်ဆေးဖိုးများ အပါအဝင် ငွေကျပ် နှစ်သိန်းကျော် ကုန်ကျစရိတ်ရှိကြောင်း၊ တစ်ဧကစိုက်ပျိုးပါက တင်း ၅၀ ကျော် ထွက်ရှိကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေရုံမျှမက ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် မြေပဲကို ဒေသမရွေးကြိုးပမ်း စိုက်ပျိုးသင့်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ဆက်လက်ပြောပြ၍ သိရသည်။

(၂၀၆)

# မလှိုင်မြို့နယ် ကံသစ်ကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မလှိုင် ဩဂုတ် ၁၆**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကံသစ်ကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိသော လုပ်ငန်းများကို ဩဂုတ် ၁၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကံသစ်ကြီးကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ် လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့်လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကံသစ်ကြီးကျေးရွာတွင် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၈၂ ဦးကို ငွေကျပ် ၄၅ ဒသမ ၈ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ သုံးဦးကို ငွေကျပ် ၂ ဒသမ ၇ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၅ ဦးကို စီမံကိန်း ရန်ပုံငွေကျပ် ၄၈ ဒသမ ၅ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# အိမ်မဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ဖွဲနု ၂၄ ပြည်ဝင်အိတ်ရေ ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**အိမ်မဲ ဩဂုတ် ၁၆**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ဖွဲနု ၂၄ ပြည်ဝင်အိတ်ရေ ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း အိမ်မဲမြို့နယ်မှ ဆန်၊ စပါး၊ ဖွဲ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မိုးသူဇာက ပြောပြ၍ သိရသည်။

အိမ်မဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ဖွဲနု ၂၄ ပြည်ဝင် အိတ်ရေ ၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လအတွင်း ဖွဲနု ၂၄ ပြည်ဝင် အိတ်ရေ ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဖွဲနုများသည် ပြည်တွင်း၌ ငါးစာ၊ ကြက်စာ၊ ဝက်စာ၊ ဘဲစာ စသည့်မွေးမြူရေးလုပ်ငန်းသုံးအစာအဖြစ် အသုံးပြုခြင်း ဖြစ်ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ဇူလိုင်လအတွင်း ၂၄ ပြည်ဝင် ဖွဲနုအိတ်ရေ ၇၅၀၀၀ ထိ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ ဖွဲနုက စပါးကြိတ်ခွဲရင်ထွက်လာတဲ့ ကုန်ကြမ်း တစ်ခုပါ။ ပြည်တွင်းမှာ တိရစ္ဆာန်အစာအဖြစ် အသုံးပြုတာများပါတယ်။ ပြည်ပဈေးကွက်လဲ ရှိပါတယ်။ လက်ရှိ စပါးသစ်ပေါ်တာနည်းနေသေးတော့ ဖွဲနုလဲ အထွက်နည်းနေပါတယ်။ လက်ရှိ ဩဂုတ်လထဲမှာလဲ ဖွဲနုအိတ်တွေ ရန်ကုန်ဈေးကွက်ကနေ ဝယ်ယူအားများနေပါတယ်။ မွေးမြူရေးလုပ်ငန်းတွေ အပြိုင်လည်ပတ်လုပ်ကိုင်နေတာကြောင့် ရန်ကုန်ဈေးကွက်ကနေ အခုလို ဖွဲနုအိတ်တွေအရောင်းအဝယ်ကောင်းလာတာပါ။ ဝယ်ယူအားကောင်းလာတော့ လယ်သမားတွေ၊ စက်သမားတွေ အလုပ်တွေအဆင်ပြေပြေ လည်ပတ်ရတာပေါ့"ဟု အိမ်မဲမြို့နယ်မှ ဆန်၊ စပါး၊ ဖွဲ ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မိုးသူဇာက ပြောပြသည်။

အိမ်မဲမြို့နယ်မှ ထွက်ရှိသည့် ဖွဲနုများကို ဒေသမွေးမြူရေးလုပ်ငန်းရှင်များက အများဆုံး ဝယ်ယူလျက်ရှိသည့်အပြင် ရန်ကုန်ဈေးကွက်သို့လည်း တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ဖွဲနုအိတ်ရေ ၁၀၀ လျှင် ငွေကျပ် ၂၇၅၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# ကိန်းဂဏန်း၊ သတင်းအချက်အလက်၊ အသိပညာနှင့် ချင့်ချိန်မြော်မြင်တွေးခေါ်မှု

မျိုးသူ(ကုန်သွယ်မြှင့်)

ယနေ့ခေတ်တွင် လက်တွေ့ကျကျတွေးခေါ်စဉ်းစားမှုကိုပြုလုပ်ချင်ကြသည်။ အချက်အလက် ကိန်းဂဏန်းများပေါ်မှသာ အဖြေကိုထုတ်လိုကြသည်။ စိတ်ခံစားချက်များ၊ အတွေ့အကြုံများထက် ကိန်းဂဏန်းများက ပြောသောအချက်များကိုသာ အဓိကထားလိုကြပါသည်။ သို့သော်လည်း ကိန်းဂဏန်းများ၊ သတင်းအချက်အလက်များသည် အသိပညာ ဗဟုသုတများနှင့် စဉ်းစားချင့်ချိန်ခြင်း၊ တွေးခေါ်မြော်မြင်ခြင်း၊ ဆင်ခြင်တုံတရားဖြင့် တရားမျှတမှုလုပ်သင့်မလုပ်သင့် ချင့်ချိန်မှု၊ အတွေ့အကြုံများ ဖြင့်ပေါင်းစပ်၍ ဆုံးဖြတ်ချက်ချမှတ်ခြင်းတို့သည် ဆက်စပ်လျက်ရှိသည်ကိုတွေ့နိုင်သည်။ ကိန်းဂဏန်းအချက်အလက် Data များနှင့် သတင်းအချက်အလက်ဆိုသော Information တို့သည် ကိစ္စတစ်ခုကိုဆုံးဖြတ်ချက်ချရန်အတွက် မရှိမဖြစ်လိုအပ်သော အရာများဖြစ်သည်။ ကိစ္စတစ်ခုကို ဆုံးဖြတ်ချက်ချသည်နှင့်တစ်ပြိုင်နက် မျှော်မှန်းချက်၊ ဦးတည်ချက်များသည်လည်း ပြောင်းလဲမှုကြီးများဖြစ်ပေါ်နိုင်သည်။ ကိန်းဂဏန်း၊ သတင်းအချက်အလက်၊ အသိပညာနှင့် ချင့်ချိန်မြော်မြင်တွေးခေါ်မှုမှ ဆုံးဖြတ်ချက်ချမှတ်ခြင်းထိသည် အဆင့်ဆင့်တစ်ဆင့်ချင်း တည်ဆောက်ရန်လိုအပ်သည်။ လေ့ကားထစ်များသဖွယ် ကိန်းဂဏန်းဟူသော Data များမှသည် သတင်းအချက်အလက်ဟူသော Information၊ သတင်းအချက်အလက်ဟူသော information မှသည် အသိပညာဟူသော Knowledge၊ Knowledge မှသည် ချင့်ချိန်စဉ်းစားတွေးခေါ်မြော်မြင်ခြင်းဟူသော Wisdom တို့သည် တည်ရှိကြသည်။ ထို့ကြောင့် ကိစ္စတစ်ခုကို ဆုံးဖြတ်ချက်တစ်ခုချမှတ်ရန်မှာ အဆိုပါ အဆင့်လေးဆင့်တို့သည် မဖြစ်မနေ လိုအပ်နေသည်။

**ကိန်းဂဏန်း Data**

ကိစ္စတစ်ခုကို မှန်မှန်ကန်ကန် ဆုံးဖြတ်ချက်ချမှတ်နိုင်ရန်အတွက် လော့ဂျစ်နည်းအရ အချက်အလက်ကိုအခြေခံပြီး စဉ်းစားမည်ဆိုပါက ကိန်းဂဏန်းများသည် အခြေခံအကျဆုံးလိုအပ်ချက်ဖြစ်သည်။ ပထမဆုံး စဉ်းစားရမည်မှာ မည်သည့်ကိစ္စကို ဆုံးဖြတ်ချက်ချမည်ကို စဉ်းစားရမည်။ ဥပမာ- စပါးစိုက်ပျိုးထုတ်လုပ်မှု တိုးတက်စေရေးအတွက် မည်သို့ဆုံးဖြတ်ချက်များ ချမှတ်ရမည်နည်း။ ဆိုပါက ပထမဆုံး ကျွန်တော်တို့သိထားရမည်မှာ မည်သည့်မြေတွင် စိုက်မည်နည်း၊ မည်မျှကျယ်မည်နည်း၊ ရေရရှိနိုင်သလား၊ မြေကောင်းသလား၊ မိုးရေချိန်မှန်သလား၊ မိုးမရွာပါက ရေတင်ရန်ချောင်းမြောင်းမြစ်များနီးသလား၊ ဘာစပါးအမျိုးအစား စိုက်ပျိုးမှာလဲ၊ ဘာမြေဩဇာသုံးမှာလဲ၊ ဘယ်အချိန်စိုက်မှာလဲ၊ တစ်နှစ်ဘယ်နှစ်သီးစိုက်မှာလဲ၊ ပျိုးထောင်စိုက်မှာလား၊ ကြဲစိုက်မှာလား စသည့်မေးခွန်းများစွာကို သိနိုင်ရန်လုပ်ရမည်။ အဆိုပါ မေးခွန်းများအတွက် ရလာသည့်အဖြေများသည် သတင်းအချက်အလက်များ ဖြစ်ပြီး ထိုသတင်းအချက်အလက်များအတွက် လိုအပ်သည်မှာ ကိန်းဂဏန်းများဖြစ်သည်။ ကိန်းဂဏန်းများသည် တစ်ခုနှင့်တစ်ခု အဆက်အစပ်မရှိဘဲရှိနေတတ်ပြီး ထိုကိန်းဂဏန်းများကို ဆက်စပ်ခြင်း၊ ပေါင်းစပ်ခြင်းပြုလုပ်မှသာ သတင်းအချက်အလက်ဖြစ်လာသည်။ ဥပမာအားဖြင့်- ဇူလိုင်လ၊ မိုးရေချိန် လက်မ ၂၀၊ လယ်ဧက ၁၀၀၊ ထွန်စက် ၁စီး၊ ပျိုးခင်း တစ်ခင်း စသည်တို့သည် ကိန်းဂဏန်းများဖြစ်ကြပြီး တစ်ခုနှင့်တစ်ခု အဆက်အစပ်မရှိကြပါ။ ဆက်စပ်ခြင်း ပေါင်းစပ်ခြင်းများမရှိသဖြင့် အဓိပ္ပာယ်ကိုလည်း သေချာမဖော်ပြနိုင်သေးပါ။ အခြားဥပမာတစ်ခု ပြရလျှင် ဒယ်အိုးတစ်အိုး၊ ဆီ တစ်ဆယ်သား၊ ကြက်ဥ နှစ်လုံး တို့သည် ကိန်းဂဏန်းများဖြစ်ကြပြီး အဆက်အစပ်မရှိသေးကြောင်းတွေ့ရသည်။ နယ်ပယ်အလိုက်ဖြစ်စေ၊ အကြောင်းကိစ္စအလိုက်ဖြစ်စေ လိုအပ်သော ကိန်းဂဏန်းများသည် လိုအပ်သော သတင်းအချက်အလက်ပေါ်တွင် အခြေခံသည်ကို တွေ့နိုင်သည်။

**သတင်းအချက်အလက် Information**

မည်သည့်ကိစ္စရပ်ကိုမဆို မှန်မှန်ကန်ကန် ဆုံးဖြတ်ချက်တစ်ခုချနိုင်ရန်မှာ မှန်ကန်သော သတင်းအချက်အလက်များ ရရှိရေးဖြစ်သည်။ သတင်းအချက်အလက်ဆိုသည်မှာ ကိန်းဂဏန်းများပေါ်တွင် အခြေခံတတ်ပြီး တစ်ခုနှင့်တစ်ခု အဆက်အစပ်မပါသော ကိန်းဂဏန်းများကို ဆက်စပ်ထားသည့်အခါတွင် ဆုံးဖြတ်ရမည့်ကိစ္စအတွက် အရေးပါသော သတင်းအချက်အလက်ဖြစ်လာသည်။ ဆုံးဖြတ်ချက်ကို မှန်မှန်ကန်ကန်ချမှတ်နိုင်ရန် အတွက် အရေးအကြီးဆုံးမှာရရှိသော သတင်းအချက်အလက်များသည် တိတိကျကျမှန်ကန်ရန် လိုအပ်သည်။ ကိန်းဂဏန်းများလွဲလျှင် ဆုံးဖြတ်ချက်သည် မှန်မှန်ကန်ကန် ချမှတ်နိုင်မည်မဟုတ်ပါ။ နောက်ဆက်တွဲ ဆိုးကျိုးများကိုလည်း ထပ်မံဖြေရှင်းနေရမည်ဖြစ်သည်။ အေးသည်ကို ပူသည်ဟုမှားယွင်းပြီး သတင်းအချက်အလက်ရရှိသဖြင့် ခရီးသွားအနေဖြင့် အနွေးထည်မယူဟု ဆုံးဖြတ်မိသည် အအေးမိသည့် အခြေအနေမျိုးကို ကြုံရနိုင်သည်။ သို့မဟုတ် မလိုအပ်ဘဲ အနွေးထည်အသစ်ဝယ်ရသည့် အဖြစ်မျိုး ကြုံနိုင်သည်။ ထို့ကြောင့် ကိန်းဂဏန်းများက ပြောသည့် သတင်းအချက်အလက်များသည် မှန်ကန်မှသာ ဆုံးဖြတ်ချက်မှန်ပြီး နောက်ဆက်တွဲလုပ်ဆောင်ချက်လည်း မှန်မည်ဖြစ်သည်။ သတင်းအချက်အလက်မှန်ရေးသည် အလွန်အရေးကြီးသည်။

> ❖ကိန်းဂဏန်း၊ သတင်းအချက်အလက်၊ အသိပညာနှင့် ချင့်ချိန်မြော်မြင်တွေးခေါ်မှုမှ ဆုံးဖြတ်ချက်ချမှတ်ခြင်းထိသည် အဆင့်ဆင့်တစ်ဆင့်ချင်းတည်ဆောက်ရန် လိုအပ်သည်။ လေ့ကားထစ်များသဖွယ် ကိန်းဂဏန်းဟူသော Data များမှသည် သတင်းအချက်အလက်ဟူသော Information၊ သတင်းအချက်အလက်ဟူသော information မှသည် အသိပညာဟူသော Knowledge ၊ Knowledge မှသည် ချင့်ချိန်စဉ်းစားတွေးခေါ်မြော်မြင်ခြင်းဟူသော Wisdom တို့သည် တည်ရှိကြသည်။ ထို့ကြောင့် ကိစ္စတစ်ခုကိုဆုံးဖြတ်ချက်တစ်ခုချမှတ်ရန်မှာ အဆိုပါ အဆင့်လေးဆင့်တို့သည် မဖြစ်မနေလိုအပ်နေသည်။ ❖

အလက်များသည် မှန်ကန်မှုရှိရမည်၊ အသုံးဝင်ရမည် ဖြစ်သည်။ အထူးသဖြင့် ကိန်းဂဏန်းများပေါ်အခြေခံသော ဆုံးဖြတ်ချက်ချမှတ်ရန် စဉ်းစားသည့်အခါတွင် သတင်း အချက်အလက်သည် မဖြစ်မနေမှန်သင့်သည်။ မှားယွင်းသော သတင်းအချက်အလက်သည် ဆုံးဖြတ်ချက်ကို လွဲမှားစွာချမှတ်စေမည်ဖြစ်သည်။ ဥပမာအားဖြင့် မြန်မာနိုင်ငံရှိ လူများအားလုံးပြည်တွင်းထုတ်စားသုံးဆီများဖြင့် ဆီဖူလုံရေးအတွက် လိုအပ်သော သတင်းအချက်အလက်များမှာ ဆီထွက်သီးနှံများ စိုက်ပျိုးထုတ်လုပ်မှုသည် စားသုံးဆီများထုတ်လုပ်ရန် လိုအပ်သော ကုန်ကြမ်းဖြစ်သဖြင့် ဆီထွက်သီးနှံ စိုက်ဧက၊ အထွက်နှုန်း၊ အထွက်စုစုပေါင်း၊ ရာသီအလိုက်ထွက်ပေါ်သည့်အခြေအနေ၊ အရည်အသွေးကောင်းမွန်မှု စသည့်သတင်းအချက်အလက်များ မှန်ကန်ရန် မဖြစ်မနေလိုအပ်ပါသည်။ မြေပဲ၊ နှမ်း၊ နေကြာစသော ဆီထွက်သီးနှံများ၏ အထွက်နှုန်း ကိန်းဂဏန်းသည် မှန်ကန်မှသာ စားသုံးဆီအတွက် လိုအပ်သော ကုန်ကြမ်းကို အမှန်တကယ်ရရှိနိုင်သည်။ အရေအတွက် ရရှိမှုမှန်ကန်မှသာ ထုတ်လုပ်မှုအတွက် လိုအပ်သော ကုန်ကြမ်းရရှိမည်။ အထွက်နှုန်း စုစုပေါင်း လျော့နည်းသည်နှင့်လိုအပ်သော ကုန်ကြမ်း မရရှိပဲ ကုန်ထုတ်လုပ်မှုလည်း လျော့နည်းသွားမည် ဖြစ်သည်။ ထိုအခါ ဖူလုံမှုလည်းမရှိနိုင်ပါ။ ကိန်းဂဏန်းကို အမှန်ထက်တိုး၍ ပြသမှုမျိုးကြောင့် ကောင်းမွန်သော တိုးတက်မှုရှိသည်ဟု ထင်မှတ်စေသည်။ ထို့ကြောင့် ဆုံးဖြတ်ချက်ချရာတွင် လိုအပ်သောကုန်ကြမ်းကို အခြားမှဝယ်ယူဖြည့်တင်းခြင်း မပြုမိသဖြင့် ကုန်ထုတ်လုပ်မှုလျော့ကျပြီး ဖူလုံမှုမရှိခြင်းမျိုးကို ရင်ဆိုင်ရနိုင်သည်။ သို့ဖြစ်၍ ဆုံးဖြတ်ချက်များကို မှန်မှန်ကန်ကန်ချမှတ်နိုင်ရန် ကိန်းဂဏန်းများသည် တိတိကျကျမှန်ကန်ရန် လိုအပ်သည်။ ...

**အသိပညာ ဗဟုသုတ Knowledge**

သတင်းအချက်အလက်အခြေအနေကို ဆုံးဖြတ်ချက်ချမှတ်နိုင်ရန် အသိပညာအဆင့် တိုးမြှင့်နိုင်ရန်လိုအပ်ပါသည်။ သတင်းအချက်အလက်မှ အသိပညာအဆင့် တက်လှမ်းရန် အချက်ငါးချက်လိုအပ်သည်။ ပထမအနေဖြင့် သတင်းအချက်အလက် ဆက်စပ်ထည့်သွင်းရပါမည်။ သတင်းအချက်အလက်ကို မည်သည့်အခြေအနေ၊ မည်သည့်အချိန်၊ မည်သည့်နေရာတွင်အသုံးချမည်ကို ဆက်စပ်ပေးနိုင်ရန်လိုအပ်ပါသည်။ ဥပမာအားဖြင့် မိုးရေချိန် လက်မ ၂၀ ထိ မိုးရွာသည် ဆိုသည်ကို ယခုနှစ်မိုးတွင်းတွင် ရွာသောမိုးဟူသောအချိန်နှင့် ပဲခူးမြို့အနီးဟူသော နေရာ စသည့်သတင်းအချက်အလက်များကို ဖြည့်၍ ဆက်စပ်ကြည့်ပါက ပဲခူးမြို့အနီးတွင် ယခုနှစ်မိုးတွင်းတွင် လက်မ ၂၀ ထိ မိုးရွာသွန်းသဖြင့် မိုးသီးနှံများအတွက် စိုက်ပျိုးရေလုံလောက်မည်။ မိုးများသည့်ရက်များတွင် ရေကြီးရေလျှံမှုများဖြစ်ပွားနိုင်သည်။ စသည့် အချက်အလက်များက အသိပညာဖြစ်လာပြီး ထိုအချက်အပေါ်တွင်အခြေခံ၍ မိုးကြီးရေလျှံခြင်း မဖြစ်ရန် မြောင်းဖောက်ထားမည်၊ သီးနှံများပိုမို စိုက်ပျိုးနိုင်ရန် မျိုးစေ့များစုဆောင်းမည်၊ အထွက်တိုးနိုင်သဖြင့် သိုလှောင်ရုံများပြင်ဆင်ထားမည်၊ စသည့်ဆုံးဖြတ်ချက်များကို ဆက်လက်ချမှတ်နိုင်ပါသည်။ ထို့ကြောင့် ကိန်းဂဏန်းများကို အခြားသော အချက်အလက်များနှင့်ဆက်စပ်ပေးရန်လိုအပ်သည်။

ဒုတိယအချက်အနေဖြင့် အတွေ့အကြုံနှင့် ဆက်စပ်ပေးရန်လိုအပ်သည်။ ယခင်နှစ်က မိုးရွာသွန်းမှုသည် ယခုနှစ်နှင့် အတူတူပင်ဖြစ်သော်လည်း မြေဩဇာသုံးစွဲမှုနည်း၍ အထွက်မတိုးခဲ့၊ ထို့ကြောင့် ယခုနှစ်တွင် မြေဩဇာပိုမိုသုံးစွဲမည်၊ မိမိလိုမြေဩဇာသုံးစွဲသူများပြားလာလျှင် မြေဩဇာဈေးတက်နိုင်သဖြင့် ကြိုတင်ဝယ်ယူစုဆောင်းထားမည် စသဖြင့် သတင်းအချက်အလက်ကို အတွေ့အကြုံနှင့်ဆက်စပ်ပေးရမည်။

တတိယအချက်အနေဖြင့်ပေါင်းစပ်ခြင်းနှင့် ခွဲခြမ်းစိတ်ဖြာခြင်းတို့ကိုပြုလုပ်၍ စဉ်းစားသုံးသပ်ခြင်းဖြင့် အသိပညာဗဟုသုတကို ရရှိမည်ဖြစ်သည်။ ဥပမာအားဖြင့် ပဲခူးတွင် မိုးရေချိန် ၁၀ လက်မရွာသည်၊ ရန်ကုန်တွင်လည်း မိုးရေချိန် ၁၀ လက်မရွာသည် လပြည့်နေ့ဖြစ်၍ ရေတက်နေခြင်းလည်းရှိသည်။ ထို့ကြောင့် ပဲခူးဘက်မှ မိုးရေများသည် မြစ်ချောင်းများမှ ရန်ကုန်သို့ရောက်လာမည်၊ ရန်ကုန်တွင်လည်း အလားတူ မိုးများ၍ မြစ်ချောင်းများ ရေပြည့်နေမည်၊ အထက်မှလာသော ရေနှင့်ပင်လယ်ဘက်မှ ရေတက်ခြင်းတို့ကြောင့် မြစ်ချောင်းများတွင် ရေကြီးလာနိုင်သည်။ မြစ်ချောင်းကမ်းစပ်များတွင် နေထိုင်သူများ ရေကြီးမည့်အချက်ကို သတိပြုရန်လိုအပ်သည်။ လူထုကို မြစ်ရေကြီးနိုင်သည့်သတင်းပေးရန်လိုအပ်သည်။ အရေးကြီးပြီး ရေစိုလျှင် ပျက်စီးနိုင်သည့် မြစ်ကမ်းဘေး သိုလှောင်ရုံများမှ ပစ္စည်းများကို ရွှေ့သင့်ကရွှေ့ရန် သတိပေးရမည်စသည်ဖြင့် ဆက်စပ်စဉ်းစားခြင်း သတင်းအချက်အလက်များကို ပေါင်းစပ်စဉ်းစားပြီး ကြိုတင်ပြင်ဆင်ခြင်းများ ပြုလုပ်ရန်ဆုံးဖြတ်နိုင်သည်။

စတုတ္ထအချက်မှာ ဆင်ခြင်တုံတရားဖြင့်ဆက်စပ်ခြင်းဖြစ်သည်။ ယခုနှစ်တွင် ရာသီဥတုပူပြင်းနိုင်သည်၊ အပူလှိုင်းဖြတ်နိုင်သည် ဟူသော မိုးလေဝသကြိုတင်သတင်းပေးချက်များအရ နွေရာသီတွင် ရေခဲသေတ္တာများ၊ ပန်ကာများ၊ အဲကွန်းများ ရောင်းအားတက်နိုင်သည်။ သို့သော် နွေရာသီတွင် မီးပျက်မှု ပိုမိုတတ်သဖြင့် အင်ဗာတာ၊ ဘက်ထရီ စသည်တို့ဖြင့် ဖွင့်၍ရသော ပန်ကာများ၊ အဲကွန်းများက ပိုမိုရောင်းအားတက်နိုင်သဖြင့် အဆိုပါ ပစ္စည်းများကို ပိုမိုသိုလှောင်သင့်သည်။ အစားအစာပိုင်းတွင် အအေးများ၊ ရေသန့်များ သိုလှောင်ထားသင့်သည် စသည်ဖြင့်ဆင်ခြင်စဉ်းစားခြင်းဖြင့် သတင်းအချက်အလက်ကို ဆက်စပ်ပေးရမည်ဖြစ်သည်။

ပဉ္စမအချက်မှာ လက်တွေ့အသုံးချခြင်းနှင့် ဆက်စပ်ရမည်။ ဆေးလိပ်သောက်ခြင်းကြောင့် နှလုံးသွေးကြောကျဉ်းခြင်း ဖြစ်နိုင်ခြေများခြင်း ဆိုသည်ကို လက်တွေ့အားဖြင့် ဆေးလိပ်ဖြတ်ခြင်း၊ ကိုယ်လက်လှုပ်ရှားလုပ်ခြင်း စသည့်လက်တွေ့လုပ်ဆောင်ချက်များနှင့် သတင်းအချက်အလက်ကို ပေါင်းစပ်ဆောင်ရွက်ရမည်။ အထက်ဖော်ပြပါ အချက် ငါးချက်ဖြင့် သတင်းအချက်အလက်ကို ပေါင်းစပ်ပေးခြင်းဖြင့် အသိပညာ၊ ဗဟုသုတ အဆင့် အဖြစ်တက်လှမ်းနိုင်သည်။ မေးခွန်းများထုတ်ခြင်း၊ ဘာကြောင့်၊ ဘယ်လို၊ ဘယ်အချိန် စသဖြင့်ဆန်းစစ်ခြင်း၊ ပြန်လည်သုံးသပ်ခြင်း၊ ရလဒ်များကို အမြဲစိစစ်ပြီး မိမိ၏အသိပညာဗဟုသုတကို တိုးတက်စေခြင်း၊ ဆွေးနွေးမှုများ၊ အခြားသူများ၏အတွေ့အကြုံများနှင့် အသိပညာဖလှယ်ခြင်းများ ပြုလုပ်ပေးခြင်းဖြင့် အသိပညာဗဟုသုတကို တိုးတက်စေနိုင်သည်။

**တွေးခေါ်မြော်မြင်တတ်မှု Wisdom**

တွေးခေါ်မြော်မြင်တတ်မှုသည် အရေးကြီးဆုံးဖြစ်သည်ဟုပင်ဆိုနိုင်သည်။ သတင်းအချက်အလက် အမှန်များရရှိပြီး အသိပညာဗဟုသုတလည်း ရှိပါလျက်လွဲမှားသော ကောက်ချက်များဖြင့် ဆုံးဖြတ်ချက်အမှားများ ချမှတ်တတ်ခြင်းမျိုးလည်းရှိသည်။ လွဲမှားသော ဆုံးဖြတ်ချက်များချမှတ်မိခြင်းသည် ဆင်ခြင်တုံတရားနှင့် တွေးခေါ်မြော်မြင်တတ်မှုအားနည်းခြင်းကြောင့်လည်းဖြစ်တတ်သည်။ သတင်းအချက်အလက်များ မှန်ခြင်းမှားခြင်းကိုလည်း

စာမျက်နှာ ၅ သို့ ➤

# လမ်းလျှောက်ခြင်းဖြင့် အဆုတ်အားကောင်းစေနိုင်သည်



လမ်းလျှောက်တဲ့အခါမှာ မိမိတို့ရဲ့အဆုတ်က အောက်ဆီဂျင်ကို ပိုမိုရရှိပါတယ်။ ရရှိလာတဲ့အောက်ဆီဂျင်တွေကို သွေးနီဥတွေကရယူပြီး ခန္ဓာကိုယ်တစ်လျှောက်ကို သယ်ဆောင်သွားပေးပါတယ်။

ဒ့ါအပြင် အဆိပ်အတောက်တွေကိုလည်း ဖယ်ရှားပေးနိုင်တဲ့အတွက် အဆုတ်ရဲ့လုပ်ငန်း လည်ပတ်မှုကိုလည်း အားကောင်းစေတာကြောင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါတွေဖြစ်ပွားနိုင်မှုကိုလည်း လျှော့ချပေးနိုင်ပါတယ်။

# နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး လျာထားကေထက်ပိုမိုစိုက်ပျိုးနိုင်ခဲ့



**မုံရွာ ဩဂုတ် ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး လျာထားကေထက်ပိုမို စိုက်ပျိုးနိုင်ခဲ့ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးကေ ၂၅၄၀၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ်မေလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၂၆၅၂၉ ကေစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာ မိုးစပါး ကေ ၂၅၄၀၀ စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၂၆၅၂၉ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လက်ရှိ မိုးစပါးစိုက်ပျိုးမှုအနေနဲ့ လျာထားကေထက်ကျော်လွန်စိုက်ပျိုးနိုင်ခဲ့ပါတယ်။ မိုးစပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ ဆောင်ရွက်ပေးခဲ့ပါတယ်။ တောင်သူတွေအနေနဲ့ မိုးစပါးတွေ အချိန်မီစိုက်ပျိုးနိုင်ဖို့ ကွင်းဆင်း ဆောင်ရွက်ပေးနေပါတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာတင်မာမာဦးက ပြောပြသည်။

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် မိုးစပါးစိုက်ပျိုးပြီးစီးမှုအနေဖြင့် လေရှီးမြို့နယ်တွင် ၃၂၁၇ ကော၊ ဆွမ္မရာမြို့တွင်၂၀၂၈ ကော၊ လဟယ်မြို့နယ်တွင် ၅၈၈၄ ကော၊ ထန်ပါခွေမြို့တွင် ၁၅၁၁ ကော၊ နန်းယွန်းမြို့နယ်တွင် ၃၂၀၁ ကော၊ ဒုံဟီးမြို့တွင် ၄၉၀၉ ကော၊ ပန်ဆောင်မြို့တွင် ၅၇၇၉ ကေ စုစုပေါင်း ၂၆၅၂၉ ကေဖြစ်ကြောင်း သိရသည်။

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါးစိုက်ပျိုးရန်အတွက် လျာထားမှုအနေဖြင့် လေရှီးမြို့နယ်တွင် ကေ ၃၃၃၀၊ ဆွမ္မရာမြို့တွင် ၂၀၂၈ ကော၊ လဟယ်မြို့နယ်တွင်၅၈၈၄ ကော၊ ထန်ပါခွေမြို့တွင် ၁၅၁၁ ကော၊ နန်းယွန်းမြို့နယ်တွင် ၂၅၅၆ ကော၊ ဒုံဟီးမြို့တွင် ၄၉၀၉ ကော၊ ပန်ဆောင်မြို့တွင် ၅၁၈၂ ကေ စုစုပေါင်း ကေ ၂၅၄၀၀ ဖြစ်ကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာမည်ဖြစ်သောကြောင့် စပါးကိုဒေသမရွေး ပိုမိုတိုးချဲ့စိုက်ပျိုးသင့်ကြောင်း လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာတင်မာမာဦးက ပြောပြ၍ သိရသည်။ (၂၀၆)

➤ စာမျက်နှာ ၄ မှအဆက်

ဆင်ခြင်စဉ်းစားနိုင်ရမည်၊ အတွေ့အကြုံဗဟုသုတများလည်း ပြည့်စုံသည့်အပြင် ဆင်ခြင်တုံတရားဖြင့် တွေးခေါ်မြော်မြင်တတ်လျှင် အမှန်ကို ဆုံးဖြတ်သွားနိုင်သည်။ မှန်ကန်သောဆုံးဖြတ်ချက်များကို လျင်လျင်မြန်မြန်ချမှတ်နိုင်ရေးအတွက် တွေးခေါ်မြော်မြင်မှုကောင်းရမည်ဖြစ်ပြီး ထိုသို့ဖြစ်စေရန်အတွက် အတွေ့အကြုံများဖြင့် ဆင်ခြင်သုံးသပ်ခြင်း၊ ရေရှည်အခြေအနေကို တွေးတောဆင်ခြင်ခြင်း၊ ပေါင်းစပ်ဖြည့်စွက်ဆောင်ရွက်ခြင်း၊ ဆင်ခြင်တုံတရားဖြင့်ဆုံးဖြတ်ခြင်း၊ စိတ်ခံစားမှုဉာဏ်ရည်ကို အသုံးချဆင်ခြင်ခြင်း စသည့်အချက် ငါးချက်ကိုပေါင်းစပ်ဆောင်ရွက်ပေးရမည်။ တစ်ခုချင်းဖြင့် ပေါင်းစပ်နိုင်သည်များရှိသကဲ့သို့ တစ်ချက်ထက်ပို၍လည်း စဉ်းစားဆင်ခြင်နိုင်သည်။ ဥပမာအားဖြင့် အသိပညာအနေဖြင့် အမြတ်များစေရန် ကုန်ကျစရိတ် သို့မဟုတ် အရည်အသွေးကို လျှော့ချနိုင်သည်ဟု သိထားသည်ကို ဝန်ထမ်းများအားလုပ်အားခလျှော့ချခြင်းမပြု၊ အရည်အသွေးလည်း မလျှော့ချပဲ ကုန်ထုတ်လုပ်မှု နည်းပညာတိုးမြှင့်ခြင်း၊ စက်ရုပ်များပိုမိုသုံးစွဲခြင်း စသည်တို့ကို ဆောင်ရွက်ခြင်းဖြင့် ကုန်ကျစရိတ်ကို လျှော့ချပြီးဖြစ်စေ၊ ထုတ်လုပ်မှုကို တိုးမြှင့်ခြင်းဖြင့်ဖြစ်စေ အမြတ်ကိုပိုမိုရရှိအောင် လုပ်သင့်သည်၊ လုပ်ရမည်ဟု တွေးခေါ်ဆင်ခြင် ဆုံးဖြတ်ခြင်း မျိုးဖြစ်ပါသည်။ တွေးခေါ်မျှော်မြင်ဆင်ခြင်တုံတရားဖြင့် ဆုံးဖြတ်နိုင်ခြင်းသည် ပညာရှိခြင်းပင်ဖြစ်သည်။ ဆုံးဖြတ်ချက်တစ်ခု၏တန်ဖိုးကိုဖြစ်ပေါ်လာသောအကျိုးတရားများက ဖော်ပြကြသည်။

ထို့ကြောင့် ဆုံးဖြတ်ချက်တစ်ခု ချမှတ်နိုင်ရန်အတွက် ကိန်းဂဏန်း၊ သတင်းအချက်အလက်၊ အသိပညာနှင့် ချင့်ချိန်မြော်မြင်တွေးခေါ်မှု(DIKW) နည်းလမ်းအတိုင်း ကိန်းဂဏန်းများ၊ သတင်းအချက်အလက်များကို စုဆောင်းပြီး မိမိ၏အသိပညာဗဟုသုတဖြင့် စဉ်းစားချင့်ချိန်၍ ဆင်ခြင်တုံတရားနှင့်ယှဉ်ကာ တွေးခေါ်မျှော်မြင်ဆုံးဖြတ်နိုင်ရန် လိုအပ်သည်။ ဆုံးဖြတ်ချက်ချမှတ်ရာတွင် စိတ်ခံစားချက်ကို အလေးပေး၍ ဆုံးဖြတ်ချက်ချမှတ်ပါက အောင်မြင်သင့်သလောက် အောင်မြင်မည်မဟုတ်ပါ။ လူအများစုသည် ပြောင်းလဲမှုပြုလုပ်ရန် ဝန်လေးတတ်သဖြင့် ခေတ်နှင့်အညီလိုက်ခြင်းပြောင်းလဲခြင်းများထက် Comfort Zone အတွင်းတွင်သာ စိတ်ကိုထားရှိပြီး ဆုံးဖြတ်လေ့ရှိသည်။ အောင်မြင်မှု ရနိုင်ခြေနည်းတတ်သည်။ ထို့ပြင် အချက်အလက် မပြည့်စုံဘဲ မှန်းဆဆုံးဖြတ်ခြင်း၊ ရွေးချယ်စရာများကို စနစ်တကျနှိုင်းယှဉ်၍ ပကတိအကျိုးအမြတ်နှင့် နှိုင်းယှဉ်အကျိုးအမြတ် စသောအကျိုးကျေးဇူးများရနိုင်ခြေကိုတွက်ချက်ပြီးမှ ဆုံးဖြတ်ခြင်းမျိုးမပြုလုပ်ဘဲ ဆုံးဖြတ်ခြင်းတို့သည် မှန်ကန်သောဆုံးဖြတ်ချက်ကို ရရှိနိုင်မည်မဟုတ်ပေ။ ထို့ကြောင့် မှန်ကန်သောဆုံးဖြတ်ချက်များချမှတ်နိုင်ရန်အတွက် အထက်ပါ DIKW နည်းလမ်းကို မှန်ကန်စွာသုံးစွဲနိုင်ရန် ရေးသားလိုက်ရပါသည်။

**ကိုးကား**

**- AI ၏ ဖြေကြားချက်များ၊**

**- support.dataquest.io website မှ "Transforming Data into Wisdom" ဆောင်းပါး**

## ပန်းတိုင်သို့

- လောကကို အကျိုးပြု
မကောင်းမှု ရှောင်ကြဉ်ပါ၊
တန်ဖိုးဝင် လူသားအဖြစ်
ထုဆစ်မှန်စွာ၊
မှတ်ကျောက်ကောင်း ဝန်းကျင်မှာ
ကိုယ်ကျိုးမရှာ ဖြူစင်ပေး၊
ထမ်းဆောင်လေ အများအတွက်
ရှေ့ဆက်ဖို့တွေး။

- တစ်ယူသန် အသိဝေးနဲ့
စိတ်ညစ်ကြေး မထားရန်၊
ကူညီပါ ပရဟိတ
စံပြလမ်းမှန်၊
ကောင်းမြတ်သော အတွေးဉာဏ်
စိတ်အကြံ မကောက်ဘဲ၊
အစဉ်သာ မင်္ဂလာတိုးမယ်
ကြိုးစားအောင်ပွဲ။

- အိပ်မက်တွေ မပြိုလဲဖို့
ဆင်ယင်နွဲ ပန်းတိုင်ဆီ၊
ဖြတ်လမ်းကို လိုက်မလျှောက်
တောက်ပလင်းမည်၊
သမာဓိ လက်ကိုင်အညီ
တန်ဖိုးသည် ထပ်ဆုံးမြင့်၊
သမိုင်းကျန် လူသားအဖြစ်
သစ်လွင်ဂုဏ်တင့်။ ။

**မောင်မျိုးချစ်(အညာမြေ)**

# ရေကြည်မြို့နယ် ရေလဲကြီးကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်း စစ်ဆေး

**ရေကြည် ဩဂုတ် ၁၆**

ရောဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ရေကြည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ဖြင့် ရေလဲကြီးကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်ဘီးလမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဩဂုတ် ၁၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျုံပျော်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်မောင်ဌွေး၊ ရေကြည်မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းဆွေနှင့် တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းအဖွဲ့ဝင်များနှင့်အတူ ရေလဲကြီးကျေးရွာ၌ ကျေးရွာတွင်းကွန်ကရစ်ဘီးလမ်းခင်းခြင်း လုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ဆောင်ရွက်ပြီးဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန်ဆွေးနွေးမှာကြားသည်။

ရေလဲကြီးကျေးရွာ၌ တစ်ဖက်လျှင် အရှည် ၇၆၅ ပေ၊ အကျယ် သုံးပေ၊ အမြင့် ခြောက်လက်မစီရှိ ကွန်ကရစ်ဘီးလမ်း ခင်းခြင်း လုပ်ငန်းကိုကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရန်ပုံငွေကျပ် ၁၅ သန်း၊ ကျေးရွာနေပြည်သူထည့်ဝင်ငွေကျပ် သုံးသန်းဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဇူလိုင်လပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ၈၀ ရာခိုင် နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**သံသာ**

# နိုင်ငံတကာ သတင်းများ

## တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိ အိန္ဒိယနိုင်ငံသို့ သွားရောက်မည်

**ပေကျင်း ဩဂုတ် ၁၆**

တရုတ် နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိသည် ဩဂုတ် ၁၈ ရက်မှ ၂၀ ရက်ထိ အိန္ဒိယနိုင်ငံသို့သွားရောက်မည်ဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

အိန္ဒိယနိုင်ငံ ခရီးစဉ်တွင် တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိသည် အိန္ဒိယခေါင်းဆောင်များနှင့် တွေ့ဆုံ၍ ဟိမဝန္တာဒေသနယ်စပ်အငြင်းပွားမှု ပြဿနာများကို အဓိကထား ဆွေးနွေးမည်ဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

၂၀၂၀ ပြည့်နှစ်အတွင်း ပိုင်ဆိုင်ခွင့်အငြင်းပွား ဟိမဝန္တာနယ်စပ်၌ နှစ်ဖက်တပ်ဖွဲ့ဝင်များ ပဋိပက္ခဖြစ်ပွားခဲ့ပြီးနောက် တရုတ်နှင့် အိန္ဒိယတို့ကြား နှစ်နိုင်ငံဆက်ဆံရေးတင်းမာခဲ့ရသည်။


သို့ရာတွင် ပြီးခဲ့သည့်နှစ်အောက်တိုဘာလအတွင်း ဟိမဝန္တာနယ်စပ်နှစ်နိုင်ငံတပ်များကင်းလှည့်မှုဆိုင်ရာ သဘောတူညီချက်တစ်ရပ်ရယူနိုင်ခဲ့ပြီးနောက် နှစ်နိုင်ငံဆက်ဆံရေး ပြန်လည်နွေးထွေးလာခဲ့သည်။

အိန္ဒိယဝန်ကြီးချုပ် မိုဒီကိုယ်တိုင်သည်လည်း ယခုလကုန်ပိုင်းတွင် တရုတ်နိုင်ငံသို့သွားရောက်၍ တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် တွေ့ဆုံဆွေးနွေးရန် စီစဉ်ထားသည်။

အဆိုပါခရီးစဉ်သည် အိန္ဒိယဝန်ကြီးချုပ်မိုဒီအတွက် ခုနစ်နှစ်တာကာလအတွင်း ပထမဆုံး တရုတ်နိုင်ငံခရီးစဉ် ဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO




## ယာဆူကူနီဂူဗိမာန်သို့ ဂျပန်စိုက်ပျိုးရေးဝန်ကြီး သွားရောက်

**တိုကျို ဩဂုတ် ၁၆**

ဒုတိယကမ္ဘာစစ်အတွင်း ဂျပန်နိုင်ငံ စစ်ရှုံးမှု နှစ် ၈၀ ပြည့် အခမ်းအနားနေ့ဖြစ်သည့် ဩဂုတ် ၁၅ ရက်တွင် ဂျပန်အစိုးရအဖွဲ့မှ အနည်းဆုံး ဝန်ကြီးတစ်ဦးသည် ယာဆူကူနီဂူဗိမာန်သို့ သွားရောက်ခဲ့ကြောင်း သိရသည်။

ယာဆူကူနီဂူဗိမာန်ကို ဂျပန်နိုင်ငံ၏ စစ်ကာလဗိုလ်ကျမှု၏ သင်္ကေတအဖြစ် ဂျပန်နိုင်ငံ၏ အိမ်နီးချင်း နိုင်ငံများဖြစ်သည့် တရုတ်နှင့်တောင်ကိုရီးယားတို့က သတ်မှတ်ထားသည်။

သို့ရာတွင် ဩဂုတ် ၁၅ ရက်တွင် ဂျပန်အစိုးရအဖွဲ့မှ စိုက်ပျိုးရေးဝန်ကြီး ရှင်ဂျီရိုကိုအီဇူမီသည် ယာဆူကူနီဂူဗိမာန်သို့ သွားရောက်၍ ဂါရဝပြုခဲ့ကြောင်း သိရသည်။

ယာဆူကူနီဂူဗိမာန်သည် စစ်ရာဇဝတ်မှုတရားခံများအပါအဝင် စစ်ပွဲများအတွင်း သေဆုံးခဲ့ကြသည့် ဂျပန်စစ်သည် ၂ ဒသမ ၂ သန်းခန့်အတွက် ရည်စူးတည်ဆောက်ထားသော ဂူဗိမာန်ဖြစ်သည်။

ယာဆူကူနီဂူဗိမာန်သို့ ဂျပန်စိုက်ပျိုးရေးဝန်ကြီး သွားရောက်ခဲ့မှုအတွက် လွန်စွာစိတ်ပျက်ရကြောင်း တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

ဒုတိယကမ္ဘာစစ် ဂျပန်စစ်ရှုံးမှု အထိမ်းအမှတ်နေ့၌ ယာဆူကူနီဂူဗိမာန်သို့ သွားရောက်ခဲ့သော နောက်ဆုံး ဂျပန်ဝန်ကြီးချုပ်မှာ စိုက်ပျိုးရေးဝန်ကြီး ကိုအီဇူမီ၏ ဖခင်ဝန်ကြီးချုပ်ဟောင်း ဂျူနီချီယိုကိုအီဇူမီဖြစ်ပြီး ၂၀၀၆ ခုနှစ်တွင် သွားရောက်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## ရုရှားသမ္မတပူတင်နှင့် အမေရိကန်သမ္မတဒေါ်နယ်ထရမ့်တို့ အလက်စကာပြည်နယ်၌ တွေ့ဆုံဆွေးနွေး




**မော်စကို ဩဂုတ် ၁၆**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် ရုရှားသမ္မတ ပူတင်တို့သည် သုံးနှစ်ကျော်ကြာ ယူကရိန်းပဋိပက္ခကို အဆုံးသတ်နိုင်ရေးအတွက် အမေရိကန်နိုင်ငံ အလက်စကာပြည်နယ် အယ်လ်မင်ဒေါ့ဖ်-ရစ်ချက်ဆန် စစ်စခန်း၌ တွေ့ဆုံဆွေးနွေး ခဲ့ကြကြောင်း သိရသည်။

အဆိုပါထိပ်သီးဆွေးနွေးပွဲမှာ ယူကရိန်းပဋိပက္ခနှင့်ပတ်သက်၍ မည်သည့်ရလဒ်မျှ ပေါ်ထွက်ခဲ့ခြင်း မရှိဘဲ ပြီးဆုံးခဲ့ရကြောင်း အမေရိကန်မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

သို့ရာတွင် ဩဂုတ် ၁၅ ရက် ထိပ်သီးဆွေးနွေးပွဲတွင် မိမိတို့အနေဖြင့် အပြုသဘောဆောင်သည့်သဘောတူညီချက်အချို့ရယူနိုင်ခဲ့ကြောင်း သမ္မတ ဒေါ်နယ်ထရမ့်နှင့် သမ္မတပူတင်တို့က ဆွေးနွေးပွဲအပြီး သတင်းစာရှင်းလင်းပွဲ၌ ထုတ်ဖော်ပြောကြားထားသည်။

သို့သော် ဩဂုတ် ၁၅ ရက် ထိပ်သီးဆွေးနွေးပွဲ ရလဒ်များနှင့်ပတ်သက်၍ အမေရိကန်သမ္မတနှင့် ရုရှားသမ္မတတို့က ထုတ်ဖော်ပြောကြားခြင်း မရှိခဲ့ကြောင်း သိရသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် ရုရှားသမ္မတပူတင်တို့၏ အယ်လ်မင်ဒေါ့ဖ်ရစ်ချက်ဆန် စစ်စခန်း ထိပ်သီးဆွေးနွေးပွဲမှာ သုံးနာရီနီးပါး ကြာမြင့်ခဲ့ကြောင်း သိရသည်။

ဩဂုတ် ၁၅ ရက် ထိပ်သီးဆွေးနွေးပွဲသည် ယူကရိန်းပဋိပက္ခနှင့် ပတ်သက်၍ မည်သည့်ရလဒ်မျှ ဖန်တီးနိုင်မှု မရှိသော် လည်း ရုရှားသမ္မတ ပူတင် အတွက် သံတမန်ရေးအရ အောင်ပွဲတစ်ခုဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO

## ရုရှားနိုင်ငံ ရာဇန်ဒေသ၌ စက်ရုံပေါက်ကွဲမှုဖြစ်ပွား အနည်းဆုံး ၁၁ ဦးသေဆုံး၍ ဦးရေ ၁၃၀ ဒဏ်ရာရရှိ

**မော်စကို ဩဂုတ် ၁၆**

ရုရှားနိုင်ငံ ရာဇန်ဒေသရှိ စက်ရုံတစ်ရုံ၌ ဩဂုတ် ၁၅ရက်ကပေါက်ကွဲမှုတစ်ခုဖြစ်ပွားခဲ့ရာ လူပေါင်း ၁၁ ဦးသေဆုံး၍ ဦးရေ ၁၃၀ ဒဏ်ရာရရှိခဲ့ကြောင်း ရုရှားအစိုးရအရေးပေါ်အခြေအနေဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

ပေါက်ကွဲမှု ဖြစ်ပွားခဲ့သည့် စက်ရုံသည် မော်စကိုမြို့ အရှေ့တောင်ဘက် ၁၉၈ မိုင်အကွာတွင် တည်ရှိကြောင်း သိရသည်။

လက်ရှိအချိန်တွင် ရှာဖွေကယ်ဆယ်ရေးသမားများက စက်ရုံအပျက်အစီးများကြားတွင် ရှာဖွေရှင်းလင်းရေးလုပ်ငန်းများ လုပ်ဆောင်နေကြောင်း ရုရှားတာဝန်ရှိသူများက ပြောကြားခဲ့သည်။

စက်ရုံအတွင်းပိုင်း၌ မီးလောင်မှုတစ်ခု ဖြစ်ပွားခဲ့ပြီးနောက် ပေါက်ကွဲမှု ထပ်မံဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ရုရှားတာဝန်ရှိသူများက သုံးသပ်ထားသည်။

ပေါက်ကွဲမှု ဖြစ်ပွားခဲ့သည့် စက်ရုံမှာ မည်သည့်ကုန်ပစ္စည်းမျိုး ထုတ်လုပ်သည့်စက်ရုံဖြစ်ကြောင်း ရုရှားတာဝန်ရှိသူများက ထုတ်ဖော်ပြောကြားခြင်း မရှိခဲ့ကြောင်း သိရသည်။

ရှေးယခင်က ရာဇန်ဒေသရှိ ရုရှားတပ်မတော်နှင့် စီးပွားရေး အခြေခံ အဆောက်အအုံများကို ယူကရိန်းနိုင်ငံက မောင်းသူမဲ့ လေယာဉ်များဖြင့် တိုက်ခိုက်လေ့ရှိကြောင်း သိရသည်။

Ref : RT

Trs : KKO

## ဆီးရီးယားနိုင်ငံ ထရူဂျီလိုမြို့၌ ပေါက်ကွဲမှုဖြစ်ပွား လူ ၁၀ ဦးသေဆုံးပြီး နေအိမ်များပျက်စီး

**လီမာ ဩဂုတ် ၁၆**

ပီရူးနိုင်ငံမြောက်ပိုင်း ထရူဂျီလိုမြို့၌ ဩဂုတ် ၁၅ ရက်က ပေါက်ကွဲမှုတစ်ခုဖြစ်ပွားခဲ့ရာ အနည်းဆုံး လူ ၁၀ ဦးသေဆုံး၍ လူနေအိမ် ၂၅ လုံး ပျက်စီးခဲ့သည်။

ထရူဂျီလိုမြို့ပေါက်ကွဲမှုသည် ရာဇဝတ်ဂိုဏ်းများကြား အငြင်းပွားမှုနှင့်ဆက်စပ်နေနိုင်ကြောင်းပီရူး ပြည်ထဲရေးဝန်ကြီး ကားလို့စ်မာလာဗာက ပြောကြားခဲ့သည်။

ထရူဂျီလိုမြို့သည် ပြီးခဲ့သည့် နှစ်များအတွင်း ပီရူးနိုင်ငံ၏ ရာဇဝတ်မှုဖြစ်ပွားနှုန်းအမြင့်ဆုံး ဖြစ်လာခဲ့သည့်မြို့ဖြစ်သည်။

ဩဂုတ် ၁၅ ရက် ပေါက်ကွဲမှုကြောင့် ထရူဂျီလိုမြို့ လျှပ်စစ်ဓာတ်အားပေးဝေရေး လုပ်ငန်း ထိခိုက်ခဲ့ရပြီး မော်တော်ယာဉ်များလည်းပျက်စီးခဲ့ကြောင်းသိရသည်။



ပီရူးနိုင်ငံ လီမာမြို့နှင့် အခြားမြို့ကြီးများ၌ စီးပွားရေးလုပ်ငန်းအငယ်စားများကို ဖောက်ခွဲတိုက်ခိုက်မှုများ နေ့စဉ်လိုလိုဖြစ်ပွားလျက်ရှိကြောင်းသိရသည်။

ပီရူးနိုင်ငံအတွင်းရှိ ရာဇဝတ်ဂိုဏ်းများသည် စီးပွားရေးလုပ်ငန်းများအား ခြိမ်းခြောက်၍ ဆက်ကြေးကောက်ခံမှုများ အဓိကပြုလုပ်လေ့ရှိသည်။

ယခုနှစ် ဇန်နဝါရီလနှင့် ဇူလိုင်လကြားကာလအတွင်း ပီရူးနိုင်ငံ၌ ဆက်ကြေး ကောက်ခံမှုများနှင့် ပတ်သက်၍ တိုင်ချက်ဖွင့်မှုပေါင်း ၁၅၉၈၉ ခုထိ ရှိခဲ့ကြောင်း သိရသည်။

Ref : RT

Trs : KKO

# SCIENCE AND TECHNOLOGY

## PUNCH မစ်ရှင် ဂြိုဟ်တုလေးစင်း နောက်ဆုံးပတ်လမ်းပေါ်ရောက်ရှိ



**ဝါရှင်တန် ဩဂုတ် ၁၆**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)က လွှတ်တင်ထားသော PUNCH မစ်ရှင် ဂြိုဟ်တုလေးစင်းသည် ၎င်းတို့ အတည်တကျနေရာယူမည့် ပတ်လမ်းပေါ်သို့ ရောက်ရှိနေပြီဖြစ်ကြောင်း ဩဂုတ် ၁၅ ရက် သတင်းများတွင် ဖော်ပြထားသည်။

လက်ရှိအချိန်တွင် PUNCH မစ်ရှင်ဂြိုဟ်တုလေးစင်းတို့သည် နေကိုနေ့ညမပြတ် စောင့်ကြည့်လေ့လာနိုင်သော ပတ်လမ်းပေါ်သို့ ရောက်ရှိနေပြီဖြစ်သည်ဟု နာဆာအဖွဲ့က သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

PUNCH မစ်ရှင်ဂြိုဟ်တု လေးစင်းတို့သည် နေမှထုတ်လွှတ်လိုက်သည့် စွမ်းအင်ဆောင် အမှုန်စီးကြောင်းများကို စူးစမ်းလေ့လာမည်ဖြစ်သည်။

နာဆာအဖွဲ့သည် PUNCH မစ်ရှင်ဂြိုဟ်တုလေးစင်းကို ယခုနှစ် မတ် ၁၁ ရက်တွင် စပေ့စ်အိတ်ကုမ္ပဏီ၏ ဖယ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

PUNCH မစ်ရှင်ဂြိုဟ်တုလေးစင်းသည် ၎င်းတို့ရိုက်ကူးထားသော ပထမဆုံးဓာတ်ပုံများကို ဧပြီ ၁၈ ရက်တွင် မြေပြင်စခန်းသို့ ပြန်လည်ပေးပို့ခဲ့ခြင်းဖြစ်သည်။

လက်ဆွဲသေတ္တာအရွယ်အစားမျှသာရှိသော PUNCH မစ်ရှင်ဂြိုဟ်တုလေးစင်းတို့တွင် စူးစမ်းလေ့လာရေးကင်မရာစနစ်များ တပ်ဆင်ထားကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**

## အင်္ဂါဂြိုဟ်ဆက်သွယ်ရေးအာကာသယာဉ်ကို Blue Origin ကုမ္ပဏီ လွှတ်တင်ရန်စီစဉ်ထား

**ဝါရှင်တန် ဩဂုတ် ၁၆**


အမေရိကန်နိုင်ငံအခြေစိုက် Blue Origin ကုမ္ပဏီသည် အင်္ဂါဂြိုဟ်ဆက်သွယ်ရေး အာကာသယာဉ်(MTO)အမည်ရှိ အာကာသယာဉ်ကိုလွှတ်တင်ရန် စီစဉ်ထားကြောင်း ဩဂုတ် ၁၅ ရက် သတင်းများတွင်ဖော်ပြထားသည်။

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ အင်္ဂါဂြိုဟ်မစ်ရှင်များကို အထောက်အကူပြုနိုင်ရေးအတွက် MTO အာကာသယာဉ်ကို လွှတ်တင်ရန် စီစဉ်ထားခြင်းဖြစ်သည်။

MTO အာကာသယာဉ်သည် အင်္ဂါဂြိုဟ်နှင့် ကမ္ဘာဂြိုဟ်တို့ကြား ကြားခံဆက်သွယ်ရေးယာဉ်အဖြစ် တာဝန်ယူမည်ဖြစ်သည်ဟု Blue Origin ကုမ္ပဏီက သတင်း ထုတ်ပြန်ထားကြောင်း သိရသည်။

MTO အာကာသယာဉ်ကို ၂၀၂၈ ခုနှစ်တွင် လွှတ်တင်ရန် Blue Origin ကုမ္ပဏီက စီစဉ်ထားကြောင်း သိရသည်။

နာဆာအဖွဲ့သည် အင်္ဂါဂြိုဟ်ကျောက်သားနမူနာများရယူရေးနှင့် အင်္ဂါဂြိုဟ်ပေါ်သို့ လူသားများစေလွှတ်ရေးတို့အတွက် စီစဉ်ထားရာ ၎င်းမစ်ရှင်များအတွက် အဆင့်မြင့်ကြားခံဆက်သွယ်ရေး အာကာသယာဉ်တစ်စင်းလိုအပ်ကြောင်း သိရသည်။



MTO အာကာသယာဉ်၏ ဒုံးကန်အား စနစ်များအတွက် လျှပ်စစ်စွမ်းအင်နှင့် ဓာတုလောင်စာရည် နှစ်မျိုးလုံးသုံးစွဲမည်ဖြစ်ကြောင်း Blue Origin ကုမ္ပဏီက သတင်းထုတ်ပြန်ထားသည်။

**Ref : Russia Today**

**Trs : KKO**

## စတားလင့်ဂြိုဟ်တု ၂၈ စင်း စပေ့စ်အိတ်ကုမ္ပဏီလွှတ်တင်ခဲ့

**နယူးယောက် ဩဂုတ် ၁၆**

အမေရိကန်နိုင်ငံအခြေစိုက် စပေ့စ်အိတ်ကုမ္ပဏီသည် ဩဂုတ် ၁၄ ရက်တွင် စတားလင့်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တု ၂၈ စင်းကို ဖယ်ကွန်-၉ ဒုံးပျံဖြင့် ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ် အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ကြောင်း ဩဂုတ် ၁၅ ရက် သတင်းများအရ သိရသည်။



အဆိုပါမစ်ရှင်သည် စပေ့စ်အိတ်ကုမ္ပဏီက လွှတ်တင်ခဲ့သော ဒုတိယမြောက်စတားလင့်ဂြိုဟ်တုမစ်ရှင်ဖြစ်ကြောင်း၊ လွှတ်တင်ပြီး တစ်နာရီနှင့် လေးမိနစ်အကြာတွင် ဖယ်ကွန်-၉ ဒုံးပျံသည် သယ်ဆောင်ထားသည့် စတားလင့်ဂြိုဟ်တု ၂၈ စင်းကို သတ်မှတ်ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့သည်။

ဖယ်ကွန်-၉ ဒုံးပျံ၏ ပင်မအဆင့် ဒုံးယာဉ်သည် အတ္တလန္တိတ် သမုဒ္ဒရာအတွင်း အသင့်စောင့်ဆိုင်းနေသော မောင်းသူမဲ့တွဲရေယာဉ်ပေါ်သို့ ဆယ်ကြိမ်မြောက်အဖြစ် အောင်မြင်စွာဆင်းသက်နိုင်ခဲ့သည်။

၎င်းမစ်ရှင်မတိုင်မီ စပေ့စ်အိတ်ကုမ္ပဏီသည် ဩဂုတ် ၁၄ ရက်၏ ပထမဆုံးမစ်ရှင်အဖြစ် စတားလင့်ဂြိုဟ်တု ၂၄ စင်းကို ကယ်လီဖိုးနီးယားပြည်နယ် ဗင်ဒန်ဘာ့အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ကြောင်း၊ စပေ့စ်အိတ်ကုမ္ပဏီသည် ယခုနှစ်အတွင်း ဖယ်ကွန်-၉ ဒုံးပျံမစ်ရှင်ပေါင်း ၉၉ ခုထိ လွှတ်တင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**

# HEALTH

## သီတင်းပတ်ကုန်ကာလ ဘဝနေထိုင်မှုပုံစံများကြောင့် Sleep Apnea ပြဿနာ ပိုဆိုးလာနိုင်

**ကင်ဘာရာ ဩဂုတ် ၁၆**

သီတင်းပတ်ကုန် အားလပ်ရက်များ၌ အိပ်ရာထဲကြာမြင့်စွာလှဲနေတတ်ခြင်း၊ အိပ်ရာဝင်ချိန်နောက်ကျခြင်းနှင့် အရက်သေစာသောက်သုံးခြင်းများကြောင့် အိပ်စက်ချိန် လေပြွန်ပိတ်ဆို့မှုပြဿနာ (Sleep Apnea) ပိုဆိုးလာနိုင်ကြောင်း ဩဂုတ် ၁၅ ရက် သတင်းများအရ သိရသည်။

Sleep Apnea ပြဿနာကြောင့် အိပ်စက်ရာတွင် ကျယ်လောင်သည့်ဟောက်သံများ ပေါ်ထွက်လာတတ်ပြီး လေပြွန်လည်းပိတ်ဆို့မှုကြောင့် မကြာခဏ အသက်ရှူ ရပ်သွားတတ်သည်။

ဩစတြေးလျနိုင်ငံ ဖလင်းဒါးတက္ကသိုလ်မှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ Sleep Apnea ပြဿနာသည် သီတင်းပတ်ကုန် အားလပ်ရက်ကာလနေထိုင်မှုပုံစံ စသည့်အလေ့အကျင့်များနှင့်ဆက်စပ်နေကြောင်း သိရသည်။

မိမိတို့၏လေ့လာတွေ့ရှိချက်အရ သီတင်းပတ်ကုန်ကာလ ဘဝနေထိုင်မှုပုံစံများကြောင့် Sleep Apnea ပြဿနာ ပိုဆိုးလာနိုင်ကြောင်း၊ ဩစတြေးလျသုတေသနပညာရှင်များသည် လူပေါင်း ၇၀၀၀၀ ကျော်ကို လေ့လာခဲ့ပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်သည်။

Sleep Apnea ပြဿနာကို ကုသခြင်းမရှိခဲ့ပါက ပုံစံ-၂ ဆီးချိုရောဂါ၊ စိတ်ကျရောဂါ၊ ဦးနှောက်စွမ်းဆောင်ရည်ထိခိုက်ပျက်စီးမှုရောဂါ(Dementia) ဖြစ်နိုင်ခြေများ မြင့်တက်လာတတ်ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**

## ညအိပ်ပျော်ရန်ခက်ခဲသည့်ပြဿနာက အစာခြေလမ်းကြောင်းစနစ်နှင့်ဆက်စပ်နေ

**ပေကျင်း ဩဂုတ် ၁၆**

ညပိုင်းအိပ်ပျော်ရန် ခက်ခဲမှုပြဿနာ(Insomnia) သည် အစာခြေလမ်းကြောင်းစနစ် ဗက်တီးရီးယားစုဖွဲ့မှုပုံစံနှင့် ဆက်စပ်နေကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ ဩဂုတ် ၁၅ ရက် သတင်းများအရ သိရသည်။


တရုတ်နိုင်ငံ နန်ကျင်းဆေးတက္ကသိုလ်မှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ အစာခြေလမ်းကြောင်းစနစ် ဗက်တီးရီးယားစုဖွဲ့မှုပုံစံသည် Insomnia ပြဿနာနှင့်တိုက်ရိုက်ဆက်စပ်နေကြောင်း၊ မိမိတို့၏လေ့လာတွေ့ရှိချက်အရ အစာခြေလမ်းကြောင်းစနစ်အတွင်းရှိ ဗက်တီးရီးယားအုပ်စု ၁၄ မျိုးကြောင့် Insomnia ပြဿနာဖြစ်ပွားနိုင်ခြေမြင့်တက်လာနိုင်သည်ကို တွေ့ရကြောင်း တရုတ်သုတေသနပညာရှင်များက ပြောကြားသည်။

သို့ရာတွင် အစာခြေလမ်းကြောင်းစနစ်အတွင်းရှိ အခြားဗက်တီးရီးယားအုပ်စု ရှစ်အုပ်စုက Insomnia ဖြစ်နိုင်ခြေကို လျှော့ချပေးနိုင်ကြောင်း၊ အထူးသဖြင့် Odoribacter ခေါ် ဗက်တီးရီးယားအုပ်စုသည် Insomnia ပြဿနာနှင့် ဆက်စပ်နေသည်ကိုတွေ့ရကြောင်း တရုတ်သုတေသနပညာရှင်များက ပြောကြားသည်။

တရုတ်သုတေသနပညာရှင်များသည် Insomnia ပြဿနာရှိသူ ၃၀၀၀၀၀ ကျော်တို့ကို လေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**



# နိုင်ငံတကာ အားကစားသတင်းများ

## ကွင်းလယ်ကစားသမား ဘစ်ဆူးမားကို ရောင်းချမည်ဟု စပါးအသင်းထုတ်ပြန်

**လန်ဒန် ဩဂုတ် ၁၆**

စပါးအသင်းသည် ကွင်းလယ်ကစားသမား ဘစ်ဆူးမားကို စည်းကမ်း ချိုးဖောက်မှုကြောင့် နွေရာသီ အပြောင်းအရွှေ့ကာလ မပိတ်သိမ်းမီ ရောင်းချသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်။

ဘစ်ဆူးမားသည် ပီအက်စ်ဂျီအသင်းနှင့် စူပါဖလားပြိုင်ပွဲမကစားမီအသင်းနှင့် ပူးပေါင်းရန် နောက်ကျခဲ့သောကြောင့် နည်းပြသစ်ဖရန့်က ၎င်းကိုစည်းကမ်းချိုးဖောက်မှုဖြင့် အသင်းမှရောင်းချသွားရန် ဆုံးဖြတ်ခဲ့ပြီး ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၂၀ ရရှိပါက လက်လွှတ်သွားမည်ဖြစ်ကြောင်း သိရသည်။

၎င်းသည် စပါးအသင်းနှင့် စာချုပ်သက်တမ်း အနည်းဆုံး တစ်နှစ်သာ ကျန်ရှိတော့သည့် အချိန်တွင် အသင်းမှထွက်ခွာရန် ဆန္ဒရှိခဲ့ပြီး ဘစ်ဆူးမားကို တူကီယဲ ကလပ် ဖီနာဘာချီအသင်းက ခေါ်ယူရန် ကမ်းလှမ်းမှုများပြုလုပ်ခဲ့သော်လည်း စပါးအသင်းက ငြင်းဆိုခဲ့ပြီးနောက် ယခုအခါ ကစားသမားအနေဖြင့် အသင်းက ချမှတ်ထားသည့် မူဝါဒများကို လိုက်နာရန် အားနည်းမှုများ ရှိလာသောကြောင့် အပြောင်းအရွှေ့ကာလ မပိတ်သိမ်းမီရောင်းချသွားမည်ဖြစ်ပြီး ရိုးမားအသင်းကခေါ်ယူရန် ဆွေးနွေးမှုများပြုလုပ်လျက်ရှိသည်။

ရိုးမားအသင်းသည် နည်းပြသစ် ဂတ်စ်ပါရီနီကို ခန့်အပ်ခဲ့ပြီးနောက် ကစားသမား ဖြည့်တင်းမှုများ ပြုလုပ်လျက်ရှိပြီး အသင်းတိုက်စစ်ပိုင်းအတွက် ပရီးမီးယားလိဂ်မှ အေဗီလာကစားသမား လီယိုဘိုင်လီနှင့် မန်ယူကစားသမား ဆန်ချိုတို့ကိုခေါ်ယူရန် ကြိုးပမ်းနေသည့် အပြင် ကွင်းလယ်ကစားသမား ကိုနေးက အင်တာမီလန်သို့ ပြောင်းရွှေ့သွားချိန်တွင် စပါးအသင်းမှ ဘစ်ဆူးမားကို အဆောတလျင်ခေါ်ယူရန် ပြင်ဆင်နေကြောင်း သိရသည်။

အသက် ၂၈ နှစ်ရှိ ဘစ်ဆူးမားသည် စပါးအသင်းသို့ ၂၀၂၂ ခုနှစ်တွင် ရောက်ရှိခဲ့ပြီးနောက် ပြီးခဲ့သည့်ဘောလုံးရာသီ နည်းပြပိုစတီကိုဂလူ လက်ထက်တွင် ပြိုင်ပွဲစုံ ၄၄ ပွဲ ပါဝင်၍ ခြေစွမ်းပြသနိုင်ခဲ့သကဲ့သို့ အသင်းနှင့်အတူ ပြိုင်ပွဲစုံ ပွဲ ၁၀၀ တွင် သွင်းဂိုး နှစ်ဂိုးသွင်းယူနိုင်ခဲ့ကြောင်း သိရသည်။

**Ref : Goal.com**

**Trs : ML**



### အားကစားသတင်းအတိုအထွာများ

- ဝက်စ်ဟမ်းအသင်း ကွင်းလယ်ကစားသမား အက်ဆွန်အယ်ဗာရက်ဇ်က နည်းပြဂရာဟမ်ပေါ်တာ၏ စီမံကိန်းတွင်ပါဝင်ခွင့် မရခဲ့သောကြောင့် လက်ရှိ အပြောင်းအရွှေ့ကာလမသိမ်းမီ အသင်းမှထွက်ခွာရန် ဆုံးဖြတ်ထားကြောင်း သိရသည်။
- ပဲလေ့စ်အသင်း တောင်ပံကစားသမား အက်ဇီက ချဲလ်ဆီးအသင်းနှင့် ကစားမည့်အသင်းလူစာရင်းမှ ထွက်ခွာခဲ့ပြီးနောက် စပါးအသင်းသို့ပြောင်းရွှေ့ရန် ပုဂ္ဂိုလ်ရေးသဘောတူညီမှုရရှိခဲ့သည်ဟု ထုတ်ဖော်ပြောကြားခဲ့သည်။
- ပရီးမီးယားလိဂ်သို့ တန်းတက်လာခဲ့သည့် ဆန်းဒါးလန်းအသင်းက ပရီးမီးယားလိဂ်အဖွင့်ပွဲစဉ်တွင် ဝက်စ်ဟမ်းအသင်းကို သုံးဂိုးဂိုးမရှိဖြင့် အနိုင်ရခဲ့ပြီးနောက် ၂၀၁၃ ခုနှစ် ဇန်နဝါရီလနောက်ပိုင်း ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ပထမဆုံးနိုင်ပွဲပြန်လည်ရရှိခဲ့ကြောင်း သိရသည်။

**ML**

## ၂၀၂၅-၂၀၂၆ ပရီးမီးယားလိဂ်အဖွင့်ပွဲစဉ်တွင် လက်ရှိချန်ပီယံလီဗာပူးအသင်း နောက်ကျဂိုးများဖြင့် နိုင်ပွဲရရှိ



**လန်ဒန် ဩဂုတ် ၁၆**

၂၀၂၅-၂၀၂၆ ပရီးမီးယားလိဂ် အဖွင့်ပွဲစဉ်အဖြစ် လက်ရှိချန်ပီယံ လီဗာပူးအသင်းနှင့် ဘုန်းမောက်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ လီဗာပူးအသင်းက နောက်ကျသွင်းဂိုးများဖြင့် လေးဂိုးနှစ်ဂိုးဖြင့် နိုင်ပွဲရခဲ့ပြီး ချန်ပီယံဆုကိုကာကွယ်နိုင်ရန် အကောင်းဆုံးစတင်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် နှစ်သင်းစလုံး အပြန်အလှန် ဖိအားပေးမှုများ ပြုလုပ်နိုင်ခဲ့ပြီး လီဗာပူးအသင်းက ထိရောက်သည့် ဂိုးပေါက်ခြိမ်းခြောက်မှုများ ပိုမိုပြုလုပ်နိုင်ခဲ့ကာ ပွဲကစားချိန် ၃၇ မိနစ်တွင် အီကီတီကီ၏ တိုးအားကောင်းမွန်မှုကြောင့် ဦးဆောင်ဂိုးရခဲ့ပြီး ပထမပိုင်းကို တစ်ဂိုးဂိုးမရှိဖြင့် နိုင်ပွဲရခဲ့သည်။

ဒုတိယပိုင်း ပြန်လည်စတင်ချိန်တွင်လည်း ယုံကြည်မှုပိုကောင်းလာသည့် လီဗာပူးအသင်းက တိုက်စစ်ဆင်မှု ပိုမိုပြုလုပ်နိုင်ခဲ့သဖြင့် ပွဲကစားချိန် ၄၉ မိနစ်တွင် ဂတ်ပိုက ဒုတိယဂိုးသွင်းယူနိုင်ခဲ့သော်လည်း ဘုန်းမောက်အသင်းက ချေပဂိုးရရှိရေး တိုက်စစ်မြှင့်တင်လာသောကြောင့် ပွဲချိန် ၆၄ မိနစ်နှင့် ၇၆ မိနစ်တို့တွင် ဆီမီညိုက အသင်းအတွက် ချေပဂိုးများ သွင်းယူခဲ့ရာ လီဗာပူးအသင်း အခက်တွေ့ခဲ့ပြီး တိုက်စစ်ပိုင်း အပြောင်းအလဲ ပြုလုပ်ခဲ့သဖြင့် ပွဲချိန် ၈၈ မိနစ်တွင် ချီဆာ၊ ပွဲချိန် မိနစ် ၉၀ ကျော်တွင် ဆာလာဟ် တို့၏ သွင်းဂိုးများဖြင့် လေးဂိုး နှစ်ဂိုးဖြင့် နိုင်ပွဲရခဲ့သည်။

ထို့ပြင် တိုက်စစ်မှူး အီကီတီကီသည် အသင်းနှင့် ပွဲထွက်ခဲ့သည့် ပရီးမီးယားလိဂ် ပထမဆုံးပွဲစဉ်တွင် ဂိုးသွင်းယူနိုင်သည့် မှတ်တမ်းကောင်းကို ရရှိခဲ့သည့်အပြင် တိုက်စစ်မှူး ဆာလာဟ်အနေဖြင့်လည်း ပရီးမီးယားလိဂ်ဘောလုံးရာသီ ၁၀ ကြိမ်ဆက်တိုက် ပထမဆုံးပွဲစဉ်တွင် ဂိုးသွင်းယူနိုင်သည့် ကစားသမားအဖြစ် မှတ်တမ်းကောင်းကို ပိုင်ဆိုင်ခဲ့ကြောင်း သိရသည်။

**Ref : Fotmob**

**Trs : ML**

## ဝုဖ်အသင်း ဂိုးသမား တွန်ကင်းကို နှစ်နှစ်စာချုပ်ဖြင့် အဲဗာတန်အသင်းခေါ်ယူ

**လန်ဒန် ဩဂုတ် ၁၆**

အဲဗာတန်အသင်းသည် ဝုဖ်အသင်းမှ ဂိုးသမား တွန်ကင်းကို နှစ်နှစ်စာချုပ်ဖြင့် ခေါ်ယူခဲ့ပြီးနောက် လက်ရှိနွေရာသီအပြောင်းအရွှေ့ကာလတွင် စုစုပေါင်း ကစားသမား ခုနစ်ဦးထိ ခေါ်ယူနိုင်ခဲ့ကြောင်း သိရသည်။

အသက် ၃၀ ရှိ တွန်ကင်းသည် ပြီးခဲ့သည့် ဘောလုံးရာသီက နော်သမ်တန်အသင်းမှ ဝုဖ်အသင်းသို့ အလွတ်ပြောင်းရွှေ့ခွင့်နှင့် ရောက်ရှိခဲ့ပြီးနောက် အသင်းတွင် အရန်ခုံတွင်သာ ထိုင်နေခဲ့ရကာ ပြိုင်ပွဲစုံတစ်ပွဲသာ ပါဝင်ခဲ့ရသောကြောင့် အဲဗာတန်အသင်းက ကမ်းလှမ်းလာချိန်တွင် ပြောင်းရွှေ့ရန် ဆုံးဖြတ်ခဲ့ပြီး ၂၀၂၇ ခုနှစ်ထိ နှစ်နှစ်စာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

အဲဗာတန်အသင်း အနေဖြင့် လက်ရှိအပြောင်းအရွှေ့ကာလတွင် ဂိုးသမား ဘီဂိုဗစ်၊ ဂိုးသမားဗာဂျီးနီးယား၊ ဂိုးသမား ခရီလင်း၊ ကွင်းလယ်မှဒိုကိုရီ၊ ခံစစ်ပိုင်းမှ မိုက်ကယ်ကိန်း၊ ဟိုးလ်ဂိတ်၊ အက်ရှလ်လေယန်း၊ တိုက်စစ်ပိုင်းမှကယ်ဘက်လေဝင်တို့ကို အလွတ်ပြောင်းရွှေ့ခွင့်ပြုရသဖြင့် ကစားသမားသစ် ထပ်မံဖြည့်တင်းရန် ကြိုးပမ်းခဲ့ရသည်။

လက်ရှိတွင် အသင်းအနေဖြင့် တောင်ပံကစားသမား အယ်ဗာရက်ဇ်ကို စတာလင်ပေါင် ၁၅ သန်း၊ တိုက်စစ်မှူးဘာရီကို စတာလင်ပေါင် သန်း ၃၀၊ ဘုန်းမောက် ဂိုးသမား ထရာဗာ၊ ဘိုင်ယန်ခံစစ် ကစားသမားအက်ဒ်ဖိနို၊ ချဲလ်ဆီးအသင်း ကွင်းလယ်ကစားသမား ဒူဘာရီဟော၊ မန်စီးတီး တောင်ပံကစားသမား ဂရီလစ်နှင့် ဂိုးသမား တွန်ကင်တို့ကို ခေါ်ယူ၍ ကစားသမား ခုနစ်ဦးထိ ထပ်မံ ဖြည့်တင်းနိုင်ခဲ့ကြောင်း သိရသည်။

**Ref : Goal.com**

**Trs : ML**

## ဇူလိုင်လ၏ တစ်လတာအကောင်းဆုံး Sportswoman ဆုကို အိုင်ယာလန်လက်ဝှေ့မယ် ကေတီတေလာ ဆွတ်ခူး

**အီဒင်ဘာ့ဂ် ဩဂုတ် ၁၆**

အိုင်ယာလန်နိုင်ငံ အခြေစိုက် The Irish Times Irish Sports Council က ဇူလိုင်လအတွက် တစ်လတာအကောင်းဆုံးSports womanဆုအဖြစ် အိုင်ယာလန်လက်ဝှေ့မယ် ကေတီတေလာကို ရွေးချယ်လိုက်ကြောင်း ယနေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။

ကေတီတေလာသည် လိုက်ဝယ်သာဝိတ်တန်းပြိုင်ဘက်ကင်း ကမ္ဘာ့ချန်ပီယံဆု ကာကွယ်ပွဲစဉ်အဖြစ် ဇူလိုင် ၁၁ ရက်တွင် ထိုးသတ်ခဲ့ပြီး ကေတီတေလာက ဆာရန်နိုအား Major Decision(MD) ရလဒ်ဖြင့် အနိုင်ရရှိခဲ့ပြီး လက်ရှိပြိုင်ဘက်ကင်း ကမ္ဘာ့ချန်ပီယံဆုကို ထိန်းသိမ်းနိုင်ခဲ့သည်။

ကေတီတေလာသည် ဆာရန်နိုနှင့် တတိယမြောက် မကျေပွဲစဉ်အဖြစ် ထိုးသတ်ခဲ့ခြင်းဖြစ်ပြီး သုံးကြိမ်စလုံး၌ အနိုင်ရခဲ့ခြင်းဖြစ်သည်။

ကေတီတေလာသည် ဇူလိုင်လတွင် ဆာရန်နိုနှင့် ထိုးသတ်ခဲ့သည့် မကျေပွဲစဉ်တွင်အကောင်းဆုံးပုံစံဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သလို လက်ရှိပြိုင်ဘက်ကင်း ကမ္ဘာ့ချန်ပီယံအား ကာကွယ်နိုင်ခဲ့ခြင်းကြောင့် The Irish Times Irish Sports Council က အားကစားနယ်ပယ်အသီးသီးမှ ထူးချွန်သူများအနက် ကေတီတေလာအား ဇူလိုင်လ၏ တစ်လတာ အကောင်းဆုံး Sports woman ဆုရှင်အဖြစ် ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

ကေတီတေလာသည် အိုင်ယာလန်နိုင်ငံ၏ တစ်နှစ်တာ အကောင်းဆုံးSports woman of the Yearဆုကိုလည်း ငါးကြိမ်တိုင်တိုင် ဆွတ်ခူးထားသူဖြစ်ပြီး အိုင်ယာလန် အားကစားလောက၏ ဂုဏ်ဆောင်အားကစားမယ် တစ်ဦးအဖြစ်လည်း သတ်မှတ်ခြင်းခံထားရသူဖြစ်သည်။



အမျိုးသမီး လက်ဝှေ့လောက၏ အကြီးအကျယ် အခမ်းအနားဆုံး လက်ဝှေ့မယ် စာရင်းတွင်လည်း ပါဝင်နေသူဖြစ်ပြီး အိုင်ယာလန် အမျိုးသမီး လက်ဝှေ့လောက၏ ဂန္ထဝင်လက်ဝှေ့မယ် အဖြစ်လည်း သတ်မှတ်ခြင်းခံထားရသူဖြစ်သည်။

The Irish Times Irish Sports Council က "ဇူလိုင်လအတွက် တစ်လတာ အကောင်းဆုံး Sports woman ဆုရှင်အဖြစ် လက်ရှိ လိုက်ဝယ်သာဝိတ်တန်းရဲ့ ပြိုင်ဘက်ကင်းကမ္ဘာ့ချန်ပီယံ ကေတီတေလာကို ရွေးချယ်လိုက်ပါတယ်။ ဇူလိုင်လမှာ ဆာရန်နိုကို အနိုင်ထိုးသတ်ပြီး လက်ရှိပြိုင်ဘက်ကင်း ကမ္ဘာ့ချန်ပီယံဆုကို ကာကွယ်နိုင်ခဲ့တဲ့ ကေတီတေလာဟာ ဒီဆုနဲ့ အထိုက်တန်ဆုံး အားကစားမယ် ဖြစ်ပါတယ်"ဟု ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

**Ref : Irish Times**

**Trs : AZL**

# အာဆီယံကလပ်ချန်ပီယံရှစ်ဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲ ဒုတိယအကျော့ပွဲစဉ်တွင် လာအိုကလပ် EZRAကို အနိုင်ယူကာ ရှမ်းယူနိုက်တက်အသင်း အုပ်စုအဆင့်တက်ရောက်



**ရန်ကုန် ဩဂုတ် ၁၆**

အာဆီယံကလပ် ချန်ပီယံရှစ် (Shopee Cup 2025-2026 ) ဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲ ဒုတိယ အကျော့ပွဲစဉ်အဖြစ် ရှမ်းယူနိုက်တက်အသင်းနှင့် လာအိုကလပ် EZRAအသင်းတို့သည် ဩဂုတ် ၁၅ ရက် ညပိုင်းက သုဝဏ္ဏကွင်း၌ ကစားခဲ့ကြရာ ရှမ်းယူနိုက်တက်အသင်းက တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့ပြီး အုပ်စုအဆင့်သို့တက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ရှမ်းယူနိုက်တက်အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပထမပိုင်း အချိန်ပို လေးမိနစ်တွင် ရဲရင့်အောင်က ပင်နယ်တီမှတစ်ဆင့် သွင်းယူပေးခဲ့သည်။

ရှမ်းယူနိုက်တက်အသင်းသည် ပထမအကျော့တွင် လာအိုကလပ် EZRAအသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိထားပြီး ယနေ့ ဒုတိယ အကျော့ပွဲစဉ်တွင်လည်း တစ်ဂိုး ဂိုးမရှိဖြင့် ထပ်မံအနိုင်ရခြင်း ဖြစ်သည်။

ထို့ကြောင့် ရှမ်းယူနိုက်တက်အသင်းသည် နှစ်ကျော့ပေါင်းရလဒ် သုံးဂိုး တစ်ဂိုးဖြင့် လာအိုကလပ် EZRA အသင်းကို အနိုင်ယူကာ ၂၀၂၅-၂၀၂၆ ခုနှစ် အာဆီယံကလပ် ချန်ပီယံရှစ်ဘောလုံးပြိုင်ပွဲ အုပ်စုအဆင့်သို့ တက်ရောက်ကစားခွင့် ရခဲ့ပြီဖြစ်သည်။

ရှမ်းယူနိုက်တက် အသင်းသည် အုပ်စု(B)၌ ထိုင်းကလပ်ဗန်ကောက်ယူနိုက်တက်၊ မလေးရှားကလပ် ဂျိုဟိုးဒါရူလ်းတာ၊ ဗီယက်နမ်ကလပ် နမ်ဒင်းအက်ဖ်စီ၊ စင်ကာပူကလပ်လိုင်းယွန်းစီးတီး ဆေလ်လာ၊ ကမ္ဘောဒီးယားကလပ် PKR Svay Rieng အသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်လျက်ရှိနေကြောင်း သိရသည်။ STA

# 2025 SKYNET ပိုက်ကျော်ခြင်းပြိုင်ပွဲ အုပ်စုပွဲစဉ်များ ထုတ်ပြန်ကြေညာ ဩဂုတ် ၁၇ ရက်မှ စတင်ကျင်းပသွားမည်

**ရန်ကုန် ဩဂုတ် ၁၆**

မြန်မာနိုင်ငံ ပိုက်ကျော်ခြင်း အဖွဲ့ချုပ်နှင့် SKYNET တို့ ပူးပေါင်းကျင်းပမည့် 2025 SKYNET ပိုက်ကျော်ခြင်းပြိုင်ပွဲ၏ အုပ်စုများကို ထုတ်ပြန်ခဲ့ပြီး ပြိုင်ပွဲကို ဩဂုတ်၁၇ရက်မှစတင်ပြီး ရန်ကုန်မြို့ ရွှေထွဋ်တင်ဝန်းတွင် ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ထိပ်တန်းပိုက်ကျော်ခြင်းကစားသမားအများစု ပါဝင်မည်ဖြစ်ပြီး ပြိုင်ပွဲကို ဩဂုတ် ၁၇ ရက်မှ စတင်ပြီး ၂၄ ရက်ထိ ကျင်းပသွားမည် ဖြစ်သည်။

2025 SKYNET ပိုက်ကျော်ခြင်းပြိုင်ပွဲ အုပ်စုခွဲဝေမှုအပြီး အမျိုးသားပြိုင်ပွဲ အုပ်စု (A)တွင် ခေတ်ကျောင်းသားအသင်း၊ YRG အသင်း၊ ဘယ်တဲဗိုလ်အသင်းနှင့် လိပ်သုံးကောင်အသင်း၊ အုပ်စု (B) တွင် ရွှေကျွန်းသားအသင်း၊ ကျောင်းဆရာအသင်း၊ပိုင်စိုးအသင်း နှင့် ဒွေးမယ်နော်အသင်းတို့ပါဝင်ခဲ့သည်။

အမျိုးသမီးပြိုင်ပွဲတွင် အုပ်စု(A)၌ လိပ်သုံးကောင်အသင်း၊ ပိုင်စိုးအသင်းနှင့် ဘယ်တဲဗိုလ်အသင်း၊ အုပ်စု (B)တွင် ခေတ်ကျောင်းသားအသင်း၊ ရွှေကျွန်းသားအသင်းနှင့် ဒွေးမယ်နော်အသင်းတို့ ပါဝင်ခဲ့ကြသည်။

အဆိုပါပြိုင်ပွဲအတွက် ဝင်ကြေးများအဖြစ် ဩဂုတ် ၁၇ ရက်မှ ၂၂ ရက်ထိကို ငွေကျပ် ၅၀၀၀ သတ်မှတ်ထားပြီး ဩဂုတ် ၂၃ ရက်နှင့် ၂၄ ရက်တို့မှ ပွဲစဉ်များကို ငွေကျပ် ၇၀၀၀ သတ်မှတ်ထားကာ လက်မှတ်များကို ကြိုတင်ရောင်းချမည်မဟုတ်ဘဲ ပြိုင်ပွဲနေ့များမှသာ ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။ STA

# Cincinnati Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်မှ ဆာဘာလင်ကာနှင့် ကိုကိုဂတ်ဖ်တို့ထွက်ခွာခဲ့ရ

**အိုဟိုင်းယိုး ဩဂုတ် ၁၆**

အမေရိကန်နိုင်ငံ အိုဟိုင်းယိုး ပြည်နယ်တွင် ကျင်းပနေသည့် Cincinnati Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ် အဆင့်ပွဲစဉ်များအဖြစ် ကမ္ဘာ့အဆင့်(၁) တင်းနစ်မယ် ဆာဘာလင်ကာနှင့် ကမ္ဘာ့အဆင့်(၂) တင်းနစ်မယ် ကိုကိုဂတ်ဖ်တို့သည် ပြိုင်ဘက်များအား ရှုံးနိမ့်ကာ ပြိုင်ပွဲမှ ထွက်ခွာခဲ့ရပြီဖြစ်ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။





ဘယ်လာရုစ် တင်းနစ်မယ် ဆာဘာလင်ကာသည် ကာဇက်စတန်တင်းနစ်မယ် ရိုင်ဘာကီနာနှင့် ယှဉ်ပြိုင်ကစားခဲ့ရပြီး ကိုကိုဂတ်ဖ်က အီတလီတင်းနစ်မယ် ပါအိုလီနီနှင့် ယှဉ်ပြိုင်ကစားခဲ့ရသည်။

ဆာဘာလင်ကာနှင့် ရိုင်ဘာကီနာတို့ပွဲစဉ်တွင် ရိုင်ဘာကီနာက (၆-၁၊ ၆-၄) ရလဒ်ဖြင့် အနိုင်ရရှိခဲ့ပြီး ပါအိုလီနီက ကိုကိုဂတ်ဖ်အား (၂-၆၊ ၆-၄၊ ၆-၃) ရလဒ်ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

နိုင်ခြေအဆင့်(၁)နှင့် နိုင်ခြေအဆင့်(၂) အဖြစ် သတ်မှတ်ခြင်းခံထားရသည့် ပြိုင်ပွဲဝင်နှစ်ဦး ထွက်ခွာခဲ့ခြင်းကြောင့် နိုင်ခြေအဆင့် (၃)တင်းနစ်မယ် စဝီယာတက်ခ်က ချန်ပီယံဆုကို ဆွတ်ခူးနိုင်ရန် ရေပန်းစားလာခဲ့သည်။

ဆာဘာလင်ကာနှင့် ရိုင်ဘာကီနာတို့ပွဲစဉ်တွင် ရိုင်ဘာကီနာသည် ချန်ပီယံလက်စွမ်းမျိုးပြသနိုင်ခဲ့ကာ ပြတ်သားသည့်ရလဒ်ဖြင့် အနိုင်ရရှိခဲ့ပြီး ယင်းပွဲစဉ်တွင် Ace ရိုက်ချက် ၁၁ ကြိမ်ထိရရှိခဲ့ပြီး စပေးဘောဖြင့် ဆာဘာလင်ကာကို ဖိအားပေးကစားနိုင်ခဲ့ကာ စပေးဘောများကြောင့်လည်းအနိုင်ရလဒ်ကို စွမ်းဆောင်နိုင်ခဲ့ခြင်းဖြစ်သည်။

ပါအိုလီနီက "ပထမပွဲငယ်ကတော်တော်လေးကို ခက်ခဲခဲ့ပါတယ်။ အထနှေးခဲ့တယ်။ ဒါပေမဲ့လဲ နောက်ပိုင်းပွဲစဉ်တွေမှာ အကောင်းဆုံးကစားနိုင်ခဲ့ပြီးတော့ အနိုင်ရလဒ်နဲ့ ထိုက်တန်တဲ့စွမ်းဆောင်ရည်မျိုးကို ပြသနိုင်ခဲ့တဲ့အတွက် ဝမ်းသာဂုဏ်ယူပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT
Trs : AZL

# ရန်ကုန်ယူနိုက်တက်အသင်း၏ နည်းပြချုပ်အဖြစ် ဦးတင်မောင်ထွန်းအား ခန့်အပ်

**ရန်ကုန် ဩဂုတ် ၁၆**

ရန်ကုန် ယူနိုက်တက်အသင်းသည် မကြာမီစတင်တော့မည့် ၂၀၂၅-၂၀၂၆ ခုနှစ် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲအတွက် ဦးတင်မောင်ထွန်းအား နည်းပြချုပ်အဖြစ် ခန့်အပ်လိုက်ကြောင်း သိရသည်။

နည်းပြ ဦးတင်မောင်ထွန်းသည် ရန်ကုန်ယူနိုက်တက်အသင်း စတင် တည်ထောင်သည့်အချိန်မှစတင်၍ အသင်းနှင့်အတူ လက်တွဲခဲ့သည့် နည်းပြတစ်ဦးဖြစ်ပြီး ယာယီနည်းပြချုပ်အဖြစ် ကိုင်တွယ်ခဲ့သည့် ၂၀၁၅ ခုနှစ်တွင် မြန်မာနေရှင်နယ်လိဂ် ချန်ပီယံ၊ နည်းပြချုပ်အဖြစ် ကိုင်တွယ်ခဲ့သည့် ၂၀၁၉ ခုနှစ်တွင် ဗိုလ်ချုပ်အောင်ဆန်းဒိုင်းချန်ပီယံ စသည့် အောင်မြင်မှုများကို ရယူပေးခဲ့သည့် သူတစ်ဦးဖြစ်သည်။

ဦးတင်မောင်ထွန်းသည် ၂၀၁၉ ခုနှစ်ပြီးနောက် လူငယ်ဖွံ့ဖြိုးတိုးတက်ရေးကိုရှေးရှုပြီး ရန်ကုန်ယူနိုက်တက်အသင်း အကယ်ဒမီ၏ တာဝန်ခံ နည်းပြချုပ်တစ်ယောက်အဖြစ် သင်ကြားပြသပေးခဲ့သည့် နည်းပြလည်းဖြစ်သည်။

ဦးတင်မောင်ထွန်းက "အသင်းက လိုအပ်နေတဲ့အချိန်မှာ ကျွန်တော့်ကို ခေါ်ယူတဲ့အတွက် ဝမ်းသာစွာနဲ့ လက်ခံပေးတာဖြစ်ပါတယ်။ မိသားစုစိတ်ဓာတ်နဲ့ အမှတ်ပေးချန်ပီယံဆု ရရှိအောင် ကြိုးစားပြီး အလုပ်လုပ်သွားပါမယ်။ ကျွန်တော်တစ်ယောက်ထဲမဟုတ်ဘဲနဲ့ ကစားသမားတွေ၊ နည်းပြအဖွဲ့ဝင်တွေနဲ့ ပူးပေါင်းပြီး လုပ်ဆောင်သွားပါမယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

STA



# BMW Championship ပြိုင်ပွဲ အမှတ်ပေးဇယားကို မက်အင်တိုင်ရီ ဆက်လက်ဦးဆောင်

**မယ်ရီလန်း ဩဂုတ် ၁၆**

အမေရိကန်နိုင်ငံ မယ်ရီလန်း ပြည်နယ်တွင် ကျင်းပနေသည့် BMW Championship ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့အပြီးတွင် စကော့တလန် ဂေါက်သီးရိုက်ကစားသမား မက်အင်တိုင်ရီက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၄ချက်လျော့ရိုက်ကာ အမှတ်ပေးဇယားကို ဆက်လက်ဦးဆောင်နေကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အမေရိကန် ဂေါက်သီးရိုက်ကစားသမား စကော့တီရှက်ဖလာက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ကိုးချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင်ရပ်တည်နေပြီး ဆွီဒင်ဂေါက်သီးရိုက်ကစားသမား လက်ဗစ်အဗက်က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ရှစ်ချက် လျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ဦးဆောင်လျက်ရှိသည်။

မက်အင်တိုင်ရီသည် ပထမနေ့က စွမ်းဆောင်နိုင်ခဲ့သော အကောင်းဆုံးပုံစံကို ဆက်လက်ထိန်းသိမ်းနိုင်ခဲ့ပြီး ဒုတိယနေ့တွင်လည်း အကောင်းဆုံး စွမ်းဆောင်နိုင်ခဲ့သူဖြစ်သည်။

ကမ္ဘာ့အဆင့်(၁) နေရာတွင် ရပ်တည်နေသည့် စကော့တီရှက်ဖလာသည်လည်း ပထမနေ့ကပုံစံကောင်းကို ဆက်လက်ထိန်းသိမ်းနိုင်ခဲ့ပြီး မက်အင်တိုင်ရီကို ဆက်လက် ဖိအားပေးထားနိုင်ခဲ့သည်။

မက်အင်တိုင်ရီသည် ပထမနေ့တွင် Bogey free ရိုက်နိုင်ခဲ့သလို ဒုတိယနေ့တွင်လည်း Bogey free ရိုက်နိုင်ခဲ့ပြီး အကောင်းဆုံးပုံစံဖြင့် အမှတ်ပေးဇယားကို ဆက်လက်ဦးဆောင်နိုင်ခဲ့ခြင်းဖြစ်သည်။

စကော့တီရှက်ဖလာ သည်လည်း ဒုတိယနေ့တွင် Bogey free ရိုက်နိုင်ခဲ့ပြီး ကျင်း ငါးကျင်းထိ Birdies ရိုက်ချက် ရရှိခဲ့ကြောင်း သိရသည်။

Ref : RT
Trs : AZL

# သတ္တိရှိသူများ၏ အောင်မြင်သူအဆင့်မှသည် မော်ကွန်းတင်ခံဘဝဆီသို့

ဒေါက်တာမောင်သင်း

"တကယ်တော့ သတ္တိဆိုတာဟာပညာအရင်းခံပါပဲ။ လုပ်သင့်လုပ်ထိုက်တာကိုသိပြီး အောင်မြင်အောင်ဆက်လက်လုပ်ကိုင်နိုင်စွမ်းနှင့် မလုပ်သင့်မလုပ်ထိုက်တာကို ခွဲခြားနိုင်ပြီးရှောင်ရှားနိုင်စွမ်းပါ"

ဆရာကြီးဇော်ဂျီ

(ပလေးတိုးနိဒါန်းမှ)

ယခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ(G-12) အောင်စာရင်းများထွက်သည့်အခါ အောင်ကြသူများ ပျော်ကြ၊ ရွှင်ကြပြီး မိဘ၊ ဆရာသမားများက ဂုဏ်ပြုကြသည်။ မင်္ဂလာသတင်း၊ ကျက်သရေအပေါင်း ပြည့်စုံသည့်မြင်ကွင်းများ နေ့စဉ်ရက်ဆက် ပြည့်နှက်နေသည်။ ထိုဖြစ်စဉ်တွင် စာရေးသူကိုယ်တိုင်လည်း ဆုများချ၊ ဂုဏ်ပြုစကားပြောကြားရဖြင့် လွန်စွာပီတိဖြစ်ခဲ့ရသည်။ အောင်မြင်မှုဆိုသည်မှာ ချွေး၊ ဖွဲ၊ အချိန်နှင့် ရုပ်ဝတ္ထု၊ မိဘဆွေမျိုးပံ့ပိုးမှု၊ ပေးဆပ်မှုဖြင့်ရင်းခဲ့ရသည်။ ယခုနှစ် ဇွန် ၁၆ ရက် စာမေးပွဲမတိုင်မီ နှစ်လအကြာက မန္တလေးတိုင်းဒေသကြီးအတွင်း လှည့်လည်၍ စာမေးပွဲဖြေ ဆိုရေး စာရေးသူကိုယ်တိုင် လိုက်လံအားပေးခဲ့မှုများကိုလည်း ပြေးမြင်မိသည်။ အညာနွေ၏ပူပြင်းသည့်ဒဏ်ကိုအန်တုရင်း မန္တလေးတိုင်းဒေသကြီးအတွင်းမှ အနာဂတ်ခေါင်းဆောင်လောင်းများ၏ "ဦးနှောက်ကိုမီးထွန်း"ခဲ့သည်။

ယခုနှစ် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သည့် ၇ ဒသမ ၇ ရစ်ချ်တာစကေးရှိ မန္တလေးငလျင်ကြီးကြောင့် မန္တလေးတက္ကသိုလ် ပင်မအဆောက်အအုံ မီးလောင်ခဲ့သည်။ မီးလောင်မှုကြောင့် G-12 အဖြေလွှာများပျက်စီးခဲ့သည်။ နေပြည်တော်ကောင်စီနယ်မြေ၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ကချင်ပြည်နယ်တို့မှ အဖြေလွှာများ ပါဝင်သွားသည်။ စာမေးပွဲကိုပြန်ဖြေရမည်ဟု ကြေညာလိုက်သောအခါ မီဒီယာမျိုးစုံက "ဘာလို့ပြန်ဖြေခိုင်းတာလဲ၊ ဟယ်ရီတန်ခေတ် (၁၉၅၆ ခုနှစ် ၇ တန်း အစိုးရစစ်စာမေးပွဲ)ကလို အအောင်ပေးလိုက်ပါလား" စသည်ဖြင့် ပြောကြ၊ ဆိုကြဖြင့် ဝေဖန်သံများစုံ၏။ G-12 ကလေးများ နားယောင်မည်ကို စိုးရိမ်မိ၏။ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတချို့ကဘာကြောင့်စာမေးပွဲဖြေသင့်ကြောင်း ရှင်းလင်းပြောပြ၏။ နိုင်ငံတော်အနေဖြင့် ငလျင်ကြောင့် စိတ်ဒဏ်ရာရရှိခဲ့သည့် ကလေး၊ မိဘ၊ ဆရာသမားများအတွက် ဝန်ထုပ်ဝန်ပိုးနည်းနိုင်သမျှ နည်းရေးကိုပံ့ပိုးပေး၏။ တက္ကသိုလ်မှပါမောက္ခများအဖွဲ့၊ အထက်မြန်မာပြည်မှသာမက အောက်မြန်မာပြည်တက္ကသိုလ်အသီးသီးမှလာ၍ အနီးကပ်ပို့ချပေး၏။ တက္ကသိုလ်ဆရာ၊ ဆရာမများ တစ်ပတ်တာပို့ချပြီးနောက် ဌာနေ အထက်တန်းပြဆရာ၊ ဆရာမများက ဆက်လက်ပို့ချ၏၊ သွားရေးလာရေးဝေးသောနေရာများအတွက် စခန်းသွင်းလေ့ကျင့်ပေးမှု(Camp) ပြုလုပ်ပေး၏။ သက်ဆိုင်ရာမြို့နယ်များမှ အုပ်ချုပ်ရေး၊ ပညာရေးတာဝန်ရှိသူများနှင့်အလှူရှင်များက နေစရာ၊ စားစရာ၊ ဆေးဝါးပံ့ပိုး၏။ ကျွန်တော်တို့အဖွဲ့ကလည်း တတ်နိုင်သမျှသွားရောက်လှူဒါန်း၏။ ထိုကာလအတွင်း မန္တလေးတိုင်းဒေသကြီးအတွင်း အ.ထ.က (၁၆)၊ (၁၄)၊ (၁)မှသည် မြို့နယ်အသီးသီး ကျေးရွာ အ.ထ.က များထိ သွားရောက်ခဲ့သည်။ ရောက်ရာနေရာတိုင်းတွင် G-12 ကလေးများ စာမေးပွဲလာမဖြေမည်ကိုစိုးရိမ်၍၊ သို့ပါ၍ အားပေးစကားပြောကြားခဲ့သည်။ လက်၏ စောင်မခြင်း (ငွေကြေးနှင့် အခြားရုပ်ဝတ္ထုလှူဒါန်းခြင်း)အပြင် နှုတ်၏စောင်မခြင်းဖြစ်သည့် စာမေးပွဲကို အားတက်သရော ဖြေချင်စိတ်များပေါ်ပေါက်လာစေရန်နှင့် စာမေးပွဲ၏လူငယ်ဘဝအတွက် အရေးကြီးပုံတို့ကို အားပေးပြောကြားခဲ့သည်။

**ခေါင်းဆောင်ဗီဇကိုပိုင်ဆိုင်သူများသာလုပ်နိုင်**

စာရေးသူသည် အတန်းထဲကိုဝင်ပြီး မင်္ဂလာပါဟုနှုတ်ဆက်ပြီးနောက် "မတ် ၂၈ ရက်မှာ မောင်တို့၊ မယ်တို့ရဲ့ အဖြေလွှာတွေ မီးလောင်သွားတော့ ထိုင်ငိုမနေဘူး၊ ပြန်ဖြေကြမယ်ဆိုပြီး အခုလို စာသင်ခန်းကိုပြန်ရောက်လာကြတယ်။ ခေါင်းဆောင်မဖြစ်နိုင်သူတွေသာ ဒီစာသင်ခန်းအတွင်းကိုမရောက်ကြတာပါ။ ပြီးတော့ ခေါင်းဆောင်ဆိုတာ မှားတာကို မှားမှန်းသိရင် အမှားအတိုင်းဆက်သွားလား၊ မှားတာကိုပြင်ပြီးချီတက်သလား"ဟု မေးရာ "မှားတာကို ပြင်ပြီးမှ ဆက်သွားပါတယ်"ဟု ကျောင်းသား၊ ကျောင်းသူများက ဖြေကြသည်။ ခေါင်းဆောင်ဗီဇရှိသည့် ကျောင်းသားလူငယ်များဖြစ်သည်။

**❖ ခေါင်းဆောင်ကောင်းဗီဇပိုင်ရှင်၊ သတ္တိရှိသူပီပီလုပ်သင့်လုပ်ထိုက်သည်ကိုသိပြီး G-12 စာမေးပွဲကို ဖြေဆိုအောင်မြင်ခဲ့ခြင်းဖြစ်သည်။ ဤသည်မှာ မိမိ၏အောင်မြင်မှုပင်။ မိမိမိသားစုအတွက် ဆိုသည်ထက် မိမိမြို့၊ မိမိရွာ၊ မိမိ၏လူ့အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်ရန်ပင်။ ထို့မှတစ်ဆင့် မိမိနိုင်ငံ၊ မိမိလူမျိုးဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆိုသော စိတ်ဓာတ်ပိုင်ရှင်ဖြစ်ရပါမည်။ ရှေ့ဆက်လည်း သတ္တိရှိရပါမည်၊ လုပ်သင့်လုပ်ထိုက်သည့် မြန်မာ့လူ့အဖွဲ့အစည်း ကောင်းကျိုးကိုသယ်ပိုးနိုင်သူဖြစ်ပြီး သမိုင်းစာမျက်နှာမော်ကွန်းတင် ဂုဏ်ပြုခံရသည်ထိ ဆက်လက်ကြိုးပမ်းနိုင်ကြသူများဖြစ်ရမည်။❖**

**နှစ်ပင်လိမ်ကြိုးဟာ ပိုခိုင်ပါသတဲ့**

"ဒီနေရာမှာ ခေါင်းဆောင်လုပ်တဲ့လူတွေဟာ နောက်လိုက်လုပ်တဲ့သူတွေနဲ့မတူတာက မမျှော်လင့်ထားတဲ့ဒုက္ခတွေ၊ အန္တရာယ်တွေရင်ဆိုင်ရတိုင်း ငါတို့ဘဝ၊ ငါတို့အဖွဲ့အတွက် ဘာတွေများ အားသာချက်တွေရှိမလဲဆိုတာကို ရှာဖွေတတ်ရပါတယ်။ အခုမန္တလေးငလျင်ကြီးကြောင့် မောင်တို့မယ်တို့ အရင်စာမေးပွဲက မှားတာကိုပြင်ဆင်ခွင့်ရတယ်။ နှစ်ခါဖြေခွင့်ရတယ်။ ကြိုးဟာတစ်ပင်လိမ်ထက်၊ နှစ်ပင်လိမ်က ပိုခိုင်တယ်မဟုတ်လား။ မောင်တို့မယ်တို့က နှစ်ပင်လိမ်တွေပါ၊ ပိုပြီးခိုင်တဲ့ကြိုးဖြစ်ဖို့၊ ခေါင်းဆောင်ဖြစ်လာမဲ့သူချင်းအတူတူ အတွေ့အကြုံ ပိုရဖို့ သဘာဝတရားကြီးက ဖန်တီးပေးတာပါ။ ပိုခိုင်တဲ့ကြိုးနှစ်ပင်လိမ်မို့ ဒီစာမေးပွဲကစလို့ ပိုတောင့်အောင်၊ ပိုခိုင်အောင်ကြိုးစားကြမယ်မဟုတ်လား"ဆိုတော့ လူငယ်များစိတ်အားထက်သန်စွာဖြင့် "ကြိုးစားပါမယ်"ဟုဖြေသည်။ အဆိုးမြင်ကြသည့်သူများ၏ G-12 မဖြေရေးလမ်းစဉ်နောက်သို့ မလိုက်သည်ကိုသိရလို့ဝမ်းသာမိသည်။ တချို့ Camp များဆို စားသောက်စရာအပြင် မုန့်ဖိုးငွေများပါပေးခဲ့ပြီး စာမေးပွဲအောင်ရင် ဆုလာပြန်ချမည်ဟု ကတိပေးခဲ့သည်။

**သတ္တိရှိကြပါမှ အခက်အခဲကိုရင်ဆိုင်ကျော်လွှားရဲတာ**

ကျွန်တော် တက္ကသိုလ်ဆရာဘဝတစ်လျှောက် (နှစ် ၄၀ ခန့်) ကျောင်းသား၊ ကျောင်းသူများကို သိကြတတ်ကြမှ သတ္တိရှိသူများ ဘဝပိုင်ဆိုင်မှာ၊ သတ္တိရှိကြမှ ဘဝမှာကြုံတွေ့ရမည့်အခက်အခဲကို ရင်ဆိုင်ကျော်လွှားနိုင်မှာဟု အမြဲပြောခဲ့၊ ဟောခဲ့၊ တိုက်တွန်းခဲ့သည်။ ဤသည်မှာ ကျွန်တော်ကိုယ်တိုင် တက္ကသိုလ်ဝင်တန်းကျောင်းသားဘဝက ဆရာကြီးဇော်ဂျီ၏ ပလေးတိုးနိဒါန်းစာအုပ်တွင်ရေးထားသည့် ယခုဆောင်းပါးအစမှာ ဖော်ညွှန်းထားသော သတ္တိအဓိပ္ပာယ်ဖွင့်ဆိုချက်ကို ကိုးကားခဲ့ခြင်းဖြစ်သည်။ သတ္တိဆိုတာပညာအရင်းခံမို့ ဒီစာသင်ခန်းထဲလာတာ ပညာထပ်ဖြည့်တာမဟုတ်လား၊ ပညာပြည့်မှသတ္တိ ပိုရှိမှာပါ။ သတ္တိရှိသူများသာ စာမေးပွဲအပါအဝင် အခက်အခဲကို ရင်ဆိုင်ရဲတာ၊ သတ္တိမရှိသူက ထွက်ပြေးတာ၊ ရလဒ်ကမအောင်မြင်သူ၊ ကျဆုံးသူပါ။ ထွက်မပြေးဘဲ ရင်ဆိုင်ဖြေရှင်းတာက သတ္တိပိုင်ရှင်တွေရဲ့အလုပ်၊ သတ္တိကင်းတဲ့၊ မသိ၊ မတတ်၊ ပညာရေးအမြင်မဲ့သူများရဲ့ အအောင်ပေးလိုက်ပါလားဆိုသည့် နိုင်ငံမှာ လူညံ့မျိုးဆက်များမွေးထုတ်ရေးအစီအမံနောက်ကို လူငယ်တွေမလိုက်ကြပါ။ မလုပ်သင့်မလုပ်ထိုက်တာကို ကျောင်းသားလူငယ်တွေက သိပြီး ရှောင်ရှားခဲ့နိုင်ကြသည့် သတ္တိပိုင်ရှင် ပညာဖြည့်နေသူများပါ။

**ခေါင်းဆောင်ဆိုတာကိုယ့်ကိုယ်ကိုယ် အံ့ဩလောက်အောင် ခိုင်းပြနေသူများပါ**

"မောင်တို့၊ မယ်တို့ကို ဆရာကြီးအောင်သင်းရဲ့ ဘဝအဖိုးတန်စကားတစ်ခွန်းလောက် လက်ဆောင်ပါးချင်ပါတယ်။ အဲဒါကတော့ ငယ်ငယ်ကကိုယ့်ကိုယ်ကိုယ်မခိုင်းခဲ့ရင် ကြီးလာရင်သူများခိုင်းတာခံရမယ်။ ခေါင်းဆောင်ရဲ့အရည်အသွေးဆိုတာ သူများကိုမခိုင်းခင်၊ ကိုယ့်ကိုယ်ကိုယ် အရင်ခိုင်းတတ်ရမယ်။ ဒါမှကိုယ့်မှာခိုင်းတတ်ပြီး အောင်မြင်တဲ့အတွေ့အကြုံရှိမယ်၊ အတွေ့အကြုံရှိမှ သူများကိုခိုင်းနိုင်မှာ၊ ခိုင်းတတ်မှာ၊ ခိုင်းသမျှအောင်မြင်မှာ။ ဒါမှ ဦးဆောင်သူဘဝရောက်မှာ။ အရင်တစ်ခါတုန်းက အမေက ငါ့သား၊ ငါ့သမီးလေး ၄၀ ပတ်ချာလည်နဲ့အောင်ရင်တော်ပါပြီလို့ ဆုတောင်းခိုင်းနေရမယ့်ဘဝ ဆက်သွား ချင်ကြသေးလား"ဆိုတော့ "မသွားချင်"ပါတဲ့၊ "ဒါဆိုပြောပြပါ့မယ် ကိုယ့်မိ၊ ကိုယ့်ဖ၊ အဘိုး၊ အဘွား၊ မောင်နှမတွေ အံ့ဩသွားလောက်အောင် ကိုယ့်ကိုယ်ကိုယ် အချိန်ဖြုန်းဖုန်းပွတ်နေမဲ့အစား ခိုင်းပြလိုက်စမ်းပါ။ အရင်စာမေးပွဲတုန်းက အမှတ် ၄၀ ပတ်ချာလည်လောက်သာအောင်မယ်လို့ မိဘဆွေမျိုးတွေထင်တာ အခုတော့ ငါးဘာသာ ဂုဏ်ထူးတဲ့၊ ဒီငလျင်ကြီး ၇ ဒသမ ၇ က ဘယ်လိုလုပ်လိုက်တယ်မသိ ငါ့သား၊ ငါ့သမီးဦးနှောက်တွေ၊ ထက်လာ၊ မြက်လာတယ်တော့လို့ မြင်သွား၊ အံ့ဩသွားရလောက်အောင် မကြိုးစားပြလိုက်ချင်ဘူးလား"ဟုမေးရာ "ကြိုးစားပြပါမယ်"ဟု ဖြေသည်။ တကယ်တော့ ငလျင်ကြောင့် ဦးနှောက် ပိုထက်မြက်လာတာမဟုတ်ပါ။ ငလျင်ကြောင့်လုပ်သင့်လုပ်ထိုက်တာကိုသိတဲ့ ခေါင်းဆောင်ဗီဇရှိတာ၊ သတ္တိရှိတာ၊ နှစ်ပင်လိမ်လို သန်မာတာ၊ ခေါင်းဆောင်ဖြစ်ချင်ရင် ကိုယ့်ကိုယ်ကိုယ်အရင်ဆုံး ခိုင်းတတ်ရမယ်၊ ကိုယ့်ကိုယ်ကိုယ် မခိုင်းရင်၊ အနာဂတ်မှာ သူများခိုင်းတာခံရမယ်ဆိုတာကြောက်ရမယ်ဆိုတဲ့အရည်အသွေးတွေ ငါ့မှာပိုင်ဆိုင်ထားပါလားဆိုတာသိပြီး အချိန်မဖြုန်းဘဲ အားကြိုးမာန်တက်ကြိုးစားခဲ့လို့ပါဆိုတာကို မိဘတွေကိုရှင်းပြပါ။

ဤသို့ဖြင့် စာမေးပွဲစတင်ဖြေသည့် ဇွန် ၁၆ ရက်တွင် အ.ထ.က (၁၆) မန္တလေးမှစတင်၍ အ.ထ.က (၁၄) မန္တလေး၊ ကျောက်ဆည်၊ ဝမ်းတွင်း၊ မိတ္ထီလာ၊ စဉ့်ကိုင်မြို့တို့ရှိ စာဖြေဌာနများသို့သွားရောက်၍ မိဘများနှင့်စာဖြေပြီးထွက်လာသူများကို ရေဘူး၊ အချိုရည်၊ မုန့်များ ဝေငှပေးရင်း ထပ်မံအားပေးစကားများပြောကြားခဲ့သည်။

**ဂုဏ်ပြုခံရသည်ဆိုသော်ငြားလည်း**

G-12 အောင်စာရင်းထွက်ပြီးနောက်အထက်တွင် ကတိပေးထားသည့် Camp များနှင့်မိသားစုများက သူတို့သားသမီးများကို ဂုဏ်ပြုပွဲအသီးသီးတွင် စာရေးသူအနေဖြင့် အောက်ပါအတိုင်းပြောကြားခဲ့သည်။ ဂုဏ်ပြုထိုက်သူကို ဂုဏ်ပြုရခြင်းသည် မင်္ဂလာမည်၏၊ ဂုဏ်ပြုခံနိုင်အောင်ကြိုးစားခဲ့သူကိုလည်း ဂုဏ်ပြုပါ၏။ ဂုဏ်လည်းယူပါ၏။ သူတစ်ထူးအောင်မြင်မှုကိုအသိအမှတ်ပြုပြီး ဂုဏ်ပြုပွဲသို့ကြွရောက်ချီးမြှင့်ဂုဏ်ပြုကြသူများလည်း မင်္ဂလာရှိသူများဖြစ်ကြသည်။ ဂုဏ်ပြုခံရလောက်အောင် ပြုစုပျိုးထောင်ပေးခဲ့ကြသည့်မိဘများ၊ ထို့အတူရှေ့က လှေကား ၁၂ ထစ် (KG+12)ကိုခိုင်မာအောင် စေတနာ၊ ဝါသနာ၊ အနစ်နာခံ၍ လေ့ကျင့်ပေးခဲ့ကြသည့်ဆရာ၊ ဆရာမများနှင့် ယခု G-12 ကို ပိုမိုထက်မြက်အောင် အနီးကပ်ကြပ်မတ်ပေးခဲ့ကြသည့် ဆရာ၊ ဆရာမများအားလုံးကိုလည်း ဂုဏ်ပြုသည်။ လေးလည်းလေးစားသည်။ ဂုဏ်ပြုခံထိုက်သည့် သားသမီးရတနာများထွန်းကားသည့် မိဘများအတွက်၊ တော်လည်းတော်၊ ပြည့်လည်းပြည့်ကြသည့် "သပြည့်"များ (ဆရာများက ကျောင်းကထွက်သွားသော်လည်း "တသသ" ဖြစ်နေကြရမည့် "ပြည့်ဝ"သည့် တပည့်များ) ပေါ်ထွန်းလာအောင် လေ့ကျင့်ပေးခဲ့ကြသည့် ဆရာ၊ ဆရာမများကိုလည်း လေးစားမိသည်။

**အောင်မြင်မှုဆိုတာ ဘဝခြေလှမ်းအစသာ**

ဂုဏ်ပြုခံကျောင်းသားများအတွက် ဂုဏ်ပြုစကားပြောကြားရာတွင် "ဒီကနေ့ဟာ မိဘကိုမှီခို၊ ဆရာကိုအားထားတဲ့ အခြေခံပညာရေးမှသည် ကိုယ့်ခြေထောက်ပေါ်ကိုယ်ရပ်၊ ကိုယ့်ဘဝကိုယ်ထိန်းကျောင်းပြီးဆက်သွားမဲ့ 'သွားနိုင်ပေဟော့၊ သွားနိုင်ပေ၊ လှမ်းနိုင်ပေဟော့၊ လှမ်းနိုင်ပေ'လို့ အားပေးဂုဏ်ပြုပွဲပါ။ နောင်မှာ အောင်မြင်မှုခြေလှမ်းပေါင်းများစွာလှမ်းနိုင်ဖို့အတွက် ဂုဏ်ပြုတာပါ။ တက္ကသိုလ်ဟာ မိမိကိုယ်ကိုထိန်းကျောင်းနိုင်စွမ်းရှိရပါလိမ့်မည်။ ထိန်းကျောင်းနိုင်ရင်း မိမိရဲ့ကြိုးစားမှုရလဒ်အတွက် နောက်နောင်လဲ ဂုဏ်ပြုခံရတဲ့ပွဲပေါင်းမြောက်မြားစွာ 'လှမ်းနိုင်ပေ၊ သွားနိုင်ပေ'ပွဲပေါင်းမြောက်မြားစွာရှိလာအောင်ရှိနေအောင် ဆက်လက်ကြိုးစားနိုင်ပါစေလို့ ဆုတောင်းပေး၊ သတိပေး၊ တွန်းအားပေးတဲ့ပွဲပါ။ အောင်မြင်တာကိုသာယာပြီး ရပ်နေရမည့်ပွဲမဟုတ်ပါ"ဟု ပြောကြားသည်။

**တန်ဖိုးရှိသူဘဝ ဆက်တက်လှမ်းနိုင်ရေး ခြေလှမ်းပါ**

အောင်မြင်သူဘဝတွင် မရပ်လိုက်ပါနှင့်၊ အောင်မြင်သူဆိုသည်မှာ မိမိကိုယ်ကျိုးအတွက်ကြိုးစားသူဖြစ်သည်။ တန်ဖိုးရှိသူဆိုတာ မိမိကြိုးစားမှု၊ အောင်မြင်မှုတွေကို လူ့အဖွဲ့အစည်းကောင်းကျိုးသယ်ပိုးရန်အတွက်ဖြစ်သည်။ ထင်ရှားသည့် ဥပမာက မြတ်ဗုဒ္ဓမြတ်စွာ၏ "လောကတ္ထစရိယံ၊ ဉာတတ္ထစရိယံ၊ ဗုဒ္ဓတ္ထစရိယံ"ပါတဲ့၊ "လောကကောင်းကျိုး၊

စာမျက်နှာ ၁၁ သို့ ➤

# ငါးရှငါးဆယ်ဇာတ်တော် ဇာတ်လမ်းတွဲ ကန်တော့ပွဲပေးအခမ်းအနားကို ကမာရွတ်မြို့နယ်ရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားစတူဒီယို အတွင်း ပြုလုပ်



**ရန်ကုန် ဩဂုတ် ၁၆**

MRTV ရုပ်သံလိုင်းက ရိုက်ကူးတင်ဆက်မည့် ငါးရှငါးဆယ် ဇာတ်တော် ဇာတ်လမ်းတွဲ ကန်တော့ပွဲပေးအခမ်းအနားကို ဩဂုတ် ၁၅ ရက်က ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ်ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စတူဒီယို အတွင်း ပြုလုပ်ခဲ့ကြောင်း အဆိုပါ ဇာတ်လမ်းတွဲကို တာဝန်ယူ ပုံဖော်ရိုက်ကူးမည့် ဒါရိုက်တာ ဇာတ်မင်းသားကြီး နန်းဝင်းထံမှ သိရသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးကြည်စိုးထွန်း၊ သရုပ်ဆောင် အောင်ရဲချမ်း၊ မြန်မာနိုင်ငံသတင်းစာဆရာအသင်း ဥက္ကဋ္ဌ ဦးမြတ်ခိုင်တို့က မုဒိတာစကား အသီးသီး ပြောကြားကြသည်။

" ရန်ကုန်မှာပဲ အခုကန်တော့ပွဲပေးတဲ့စတူဒီယိုထဲမှာ အများဆုံး ရိုက်ကူးသွားမှာပါ။ ဩဂုတ် ၂၅ ရက်ကနေ စတင်ရိုက်ကူးမှာပါ။ သဘင်အနုပညာရှင် အများဆုံး ပါဝင် သရုပ်ဆောင်ကြမှာပါ။ ဇာတ်ပုံစံမပေါက်အောင် ကြိုးစားရိုက်ကူးသွားမှာပါ" ဟု ဒါရိုက်တာ ဇာတ်မင်းသားကြီး နန်းဝင်းက ပြောပြသည်။

အဆိုပါ ငါးရှငါးဆယ် ဇာတ်တော် ဇာတ်လမ်းတွဲ အပိုင်း (၂၀) စာကို ဇာတ်မင်းသားကြီး နန်းဝင်းကရေးသားပြီး ဒါရိုက်တာအဖြစ်လည်း တာဝန်ယူပုံဖော်ရိုက်ကူးသွားမည်ဖြစ်ကြောင်း၊ ၎င်းဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် အေးချမ်းမောင်၊ အောင်ရဲချမ်း၊ ကိုကိုကျော်(ရွှေကြို)၊ ခြူးလေး၊ စုလှိုင်နှင်း၊ ယွန်းဝင့်လွှာ အောင်နှင့်ရွှေနန်းသဘင်မှ သဘင်အနုပညာရှင်များ ပါဝင်ကြမည်ဖြစ်ကြောင်း သိရသည်။ ASH

# Artificial ဒရာမာဇာတ်ကား၌ မင်းသား ခရစ်အိုဒေါလည်း ပါဝင်လာ

**နယူးယောက် ဩဂုတ် ၁၆**

Amazon MGM စတူဒီယို၏ Artificial ဇာတ်ကားတွင် မင်းသား ခရစ်အိုဒေါ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဩဂုတ် ၁၅ ရက် သတင်းများအရ သိရသည်။

Artificial ဇာတ်ကားတွင် မင်းသား ခရစ်အိုဒေါသည် မင်းသား အင်ဒရူးဂါဖီး၊ ယူရာဘောရစ်ဆော့၊ မင်းသမီး မိုနီကာဘာဘာရိုတို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

Artificial ဇာတ်ကားသည် Open AI လူ့ဉာဏ်ရည်တု နည်းပညာကုမ္ပဏီ၏အကြောင်းကို ဇာတ်အိမ်ဖွဲ့ ရိုက်ကူးမည့် ဒရာမာဇာတ်ကားဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် Artificial ဇာတ်ကား၌ မင်းသား ခရစ်အိုဒေါ သရုပ်ဆောင်ရမည့် ဇာတ်ကောင်နေရာကို မသိရသေးပေ။

Artificial ဇာတ်ကားကို ဒါရိုက်တာ လူကာဂွါဒါနီနိုက တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ဆိုင်မွန်ရစ်က ရေးသားပေးထားသည်။

Artificial ဇာတ်ကား ရုံတင်ပြသမည့်ရက်ကို Amazon MGM စတူဒီယိုက ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**



# ပွဲ ရုပ်ရှင်ဇာတ်ကားကို ဩဂုတ်လ စတုတ္ထပတ်ခန့်တွင် နိုင်ငံတစ်ဝန်း အဆင့်မြင့်ရုပ်ရှင်ရုံများ၌ ရုံတင်ပြသမည်ဖြစ်

**ရန်ကုန် ဩဂုတ် ၁၆**

လူစွမ်းကောင်း ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် ပွဲ ရုပ်ရှင်ဇာတ်ကားကို ဩဂုတ်လ စတုတ္ထပတ်ခန့်တွင် နိုင်ငံတစ်ဝန်း အဆင့်မြင့် ရုပ်ရှင်ရုံများ၌ ရုံတင်ပြသမည် ဖြစ်ကြောင်း အဆိုပါ ပွဲ ရုပ်ရှင်ဇာတ်ကားကို တာဝန်ယူ ရိုက်ကူးပုံဖော်ထားသူ ဒါရိုက်တာ ကိုဇော် (အရုဏ်ဦး) ထံမှ သိရသည်။




အဆိုပါ ပွဲ ရုပ်ရှင်ဇာတ်ကား၏ ဇာတ်လမ်းကို ဒီဒီထက်အောင်က ရေးဖွဲ့ထားပြီး ဒီဒီထက်အောင်နှင့် မင်းကိုစိုး (နတ်သံကွင်း) တို့က ဇာတ်ညွှန်းရေးထားကာ ဒါရိုက်တာ ကိုဇော် (အရုဏ်ဦး)က လူစွမ်းကောင်း ရုပ်ရှင်ထုတ်လုပ်ရေးအတွက် တာဝန်ယူပုံဖော်ရိုက်ကူးထားသည့် သဘာဝ ဟာသဇာတ်မျိုးဖြစ်ကြောင်း သိရသည်။

"ကျေးလက်နောက်ခံသဘာဝ ဟာသဇာတ်မျိုးပါပဲ။ ဒီဇာတ်ကားမှာ ဗိုလ်တောက်နဲ့လှစောဆိုတဲ့ ကာလသားခေါင်း နှစ်ယောက်ရဲ့ အမွှေဇာတ်ပေ့ါ။ ခုခေတ်စကားနဲ့ဆို သူတို့နှစ်ယောက်က ပွဲအလွန်ရှာတဲ့နှစ်ယောက် သူတို့နှစ်ယောက် ပွဲရှာသမျှကို ရွာက ဘယ်သူတွေ အဓိက ခံရမလဲ။ ပွဲရှာသမားနှစ်ယောက်ရဲ့ အချစ်ဇာတ်လမ်းကကော ဘယ်လိုဖြစ်လာမလဲ ဆိုတာကတော့ ပိတ်သားထက်မှာ ဆက်လက်ရှုစားပေးကြပါ"ဟု ဒါရိုက်တာ ကိုဇော် (အရုဏ်ဦး)က ပြောပြသည်။

ပွဲ ရုပ်ရှင်ဇာတ်ကားတွင် မြင့်မြတ်၊ ကျော်ကျော်ဗို၊ ညီထွဋ်ခေါင်၊ ခင်လှိုင်၊ ဇော်ဝင်းနိုင် (မန်း)၊ ဆင်မ၊ ဇင်မျိုး၊ သွက်လက်၊ စူပါလင်း၊ စိုးမြတ်သူဇာ၊ နော်ဖောအယ်ထား၊ ယမုံမြင့်မြတ်နှင့် သရုပ်ဆောင်ပေါင်းများစွာ ပါဝင်ထားကြောင်း သိရသည်။ ASH

# F.A.S.T ရုပ်ရှင်ဇာတ်ကားသစ်၌ မင်းသားလေးဦး ပါဝင်သရုပ်ဆောင်မည်

**နယူးယောက် ဩဂုတ် ၁၆**

ဝါနာဘရားသား ရုပ်ရှင်ကုမ္ပဏီ၏ F.A.S.T ရုပ်ရှင် ဇာတ်ကားသစ်တွင် မင်းသား လာကိတ်စတန်းဖီး၊ ဂျေဆင်ကလပ်၊ ဆမ်ကလဖလင်းနှင့် ထရီဗင်တီရှ့တို့ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဩဂုတ် ၁၅ ရက် သတင်းများအရ သိရသည်။

F.A.S.T ဇာတ်ကားတွင် အထက်ပါ မင်းသားလေးဦးသည် မင်းသား ဘရန်ဒွန်ကလီနာနှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

F.A.S.T ဇာတ်ကားသည် ဗီဗိုင်အေက အကာအကွယ်ပေးထားသည့် မူးယစ်ဆေးဝါး ရောင်းဝယ်သူများကို ရှင်းလင်းပေးရမည့် အထူးတပ်ဖွဲ့ တစ်ဖွဲ့ အကြောင်းကို ဇာတ်အိမ်ဖွဲ့ ရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

F.A.S.T ဇာတ်ကားကို ဒါရိုက်တာ ဘင်ရစ်ချက်ဆန်က တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး ဝတ္ထုဇာတ်ညွှန်းကို တေလာရှရီဒန်က ရေးသားပေးထားကြောင်း သိရသည်။

F.A.S.T ဇာတ်ကားကို ယခုလ ကုန်ပိုင်းတွင် စတင်ရိုက်ကူးရန် ဝါနာဘရားသားကုမ္ပဏီက စီစဉ်ထားကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**



➤ စာမျက်နှာ ၁၀ မှအဆက်

သတ္တဝါတွေသံသရာဝတ်က ကျွတ်ရေးအတွက် ဘုရားအဖြစ်ကို ရရပါလို၏"ဟုဆုတောင်းကျင့်ကြံအားထုတ်ခဲ့ခြင်းဖြစ်သည်။ အများအကျိုး၊ သတ္တဝါများ၏သံသရာဝတ် ကျွတ်ရေးကိုသယ်ပိုးနိုင်ရန်က အဓိကပါ၊ မြတ်စွာဘုရား၏ မြင့်မြတ်သူတို့၏ဘဝအောင်မြင်ရေးလမ်းစဉ်ကို လိုက်နာကျင့်သုံးခဲ့သည့် မြန်မာ့သမိုင်းမှာ ထင်ရှားတာကတော့ ဒုတိယမြန်မာနိုင်ငံတည် ဘုရင့်နောင်မင်းတရားကြီးပင်။ တပင်ရွှေထီးလုပ်ကြံခံရ၍ တိုင်းပြည်ပျက်သဖြင့် သူပုန်သူကန်များကိုနှိမ်နင်းပြီး ထီးပြိုင်၊ နန်းပြိုင်ဟံသာဝတီဘုရင်နှင့် နောက်ဆုံးရင်ဆိုင်ရမည့်ပွဲတွင် "တစ်ဖက်ဘုရင်က ဆင်ချွန်းဖွင့်၍ တိုက်ရန်ပြေးလာသည်ကိုမြင်သော ဘုရင့်နောင်က "သာသနာ့အကျိုး၊ ပြည်သူ့အကျိုးကိုသည်ပိုးလိုပါ၏၊ ဤမှန်သောသစ္စာစကားကြောင့် ဤတိုက်ပွဲမှာနိုင်ရပါလို၏"ဟု သစ္စာပြုသည်။

**မော်ကွန်းတင်ခံရသူဆိုတာ ကိုယ့်အသက်လုနေရသည့်အချိန်မှာတောင် အများအကျိုးဦးထိပ်ထားနိုင်သူမို့ပါ**

ဘုရင့်နောင်သစ္စာပြုသည်မှာ "ငါဘုရင်ဖြစ်ရန်အတွက်"ဟု မပါဝင်ပေ။ အတ္တအကျိုးရှေ့တန်းမတင်ပေ။ ဒီတိုက်ပွဲကိုတိုက်ရတာဟာ အများအကျိုး၊ သာသနာ့အကျိုးသယ်ပိုးလို၍သာ တိုက်ရခြင်းပါဆိုတဲ့စိတ်ထားပိုင်ရှင်မို့မြန်မာနိုင်ငံမှာ ထင်ရှားတဲ့မင်းဆက်များထဲမှာ ဒုတိယမြန်မာနိုင်ငံတည်မင်းအဖြစ် မျိုးဆက်တိုင်းကတန်ဖိုးထားခြင်းပင်ဖြစ်သည်။

သို့ပါ၍ ခေါင်းဆောင်ကောင်းဗီဇပိုင်ရှင်၊ သတ္တိရှိသူပီပီလုပ်သင့်လုပ်ထိုက်သည်ကိုသိပြီး G-12 စာမေးပွဲကို ဖြေဆိုအောင်မြင်ခဲ့တာခြင်းဖြစ်သည်။ ဤသည်မှာ မိမိ၏အောင်မြင်မှုပင်။ မိမိမိသားစုအတွက်ဆိုသည်ထက် မိမိမြို့၊ မိမိရွာ၊ မိမိ၏လူ့အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်ရန်ပင်။ ထိုမှတစ်ဆင့် မိမိနိုင်ငံ၊ မိမိလူမျိုးဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆိုသော စိတ်ဓာတ်ပိုင်ရှင်ဖြစ်ရပါမည်။ ရှေ့ဆက်လည်း သတ္တိရှိရပါမည်၊ လုပ်သင့်လုပ်ထိုက်သည့် မြန်မာ့လူ့အဖွဲ့အစည်းကောင်းကျိုးကိုသယ်ပိုးနိုင်သူဖြစ်ပြီး သမိုင်းစာမျက်နှာ မော်ကွန်းတင်ဂုဏ်ပြုခံရသည်ထိ ဆက်လက်ကြိုးပမ်းနိုင်ကြသူများဖြစ်ရမည်။

သို့မှသာ အောင်မြင်သူတို့၏ထိပ်က တန်ဖိုးမြင့်လူသားအဖြစ် မော်ကွန်းတင်ခံ၊ ဂုဏ်ပြုခံဘဝကို မိမိတို့မလွဲမသွေရောက်ကြမည်ဟု ခံယူလုပ်ဆောင်သင့်ပါကြောင်း တိုက်တွန်းရေးသားရင်း ၂၀၂၅ ခုနှစ် G-12 စာမေးပွဲအောင်မြင်ခဲ့သူ လူငယ်ကျောင်းသားများအား ဤဆောင်းပါးဖြင့် လေးစားဂုဏ်ပြုလိုက်ရပါသည်။

# Budalin Township grows over 3,000 acres of rain-fed sunflower


A sunflower plantation in Budalin Township.

**Budalin August 16**

A total of 3,055 acres of sunflower have been planted in the rainy season this year in Budalin Township, Monywa District, Sagaing Region, according to the statistics of the Department of Agriculture for Budalin Township.

In the 2025-2026 rain crops planting season, a total of 5,706 acres of sunflower has been allocated for planting in Budalin Township, and planting has started since June this year, and 3,055 acres have been planted so far.

"We are working to achieve the target acres. In order to reduce the amount of palm oil imported from abroad, we are expanding the cultivation of sunflower, which is an oil crop. Sunflower, an oil crop, has more oil yield per acre than other peanuts and sesame. Sunflower is planted in the winter," said U Phyo Wai, head of the Department of Agriculture for Budalin Township.

In order to expand sunflower cultivation in Budalin Township, the Township Agriculture Department is conducting educational training courses at an accelerated pace, and is conducting educational training courses for staff and farmers who will be planting sunflowers. 206

# Taze Township grows over 35,000 acres of rain-fed peanut

**Taze August 16**

A total of 35,730 acres of peanuts have been planted in Taze Township during this year's rainy season, according to the statistics of the Department of Agriculture for YeU District.

During the 2025-2026 rain crops planting season, 35,740 acres of peanuts have been planned to be planted in Taze Township, and planting has begun since May this year, and 35,730 acres have been planted to date.

"We are also working to ensure that the target acres are met. As for oilseed crops, the peanut cultivation is in a successful position. Peanut cultivation is increasing year by year," said U Zaw Myint Htun, head of the according to the statistics of the Department of Agriculture for YeU District.

In Taze Township, one and a half baskets of peanuts are planted per acre, and the cost of seed, labour, fertilizer, and pesticides is over 200,000 kyats, and the yield per acre is over 50 baskets. 206


A peanut plantation in Taze Township.

# More than 8,000 acres of various crops planted in Einme Township in this year's monsoon season

**Einme August 16**

Local farmers have planted 8,771 acres of various crops as monsoon crops in Einme Township of Ayeyawady Region, said Daw Khin Htay Myint, the head of Myaungmya District Agriculture Department.

Local authorities earmarked cultivation of 144,309 acres of various crops as monsoon crops in Einme Township this year. Local farmers have so far planted 8,771 acres of crops against the target cultivation. Currently, they grow 87 acres of sugarcane, 1,090 acres of vegetables and 7,469 acres of paddy.

"In Einme Township, a total of 144,309 acres of various monsoon crops have been planned for cultivation across the entire township this year. So far, a total of 8,771 acres have been successfully cultivated. In order to promote the use of quality and pure seeds, prevent pest infestations in cultivated crops, and encourage the cultivation of marketable crops, the Department of Agriculture has conducted field-level farmer education programs before the planting season, providing technical and other necessary support. This year, monsoon crops have been cultivated primarily based on regional suitability and market demand," said Daw Khin Thae Myint, Head of the Department of Agriculture in Myaungmya District.

To ensure the success of this year's monsoon crops, minimize pest risks, and prevent crop damage due to natural disasters or other causes, the Department of Agriculture continues to conduct on-the-ground farmer awareness and education activities in Einme Township.

Kyaw Kyaw Lin

# Death toll rises to 11 in factory fire in western Russia

**Moscow August 16**

A fire at an industrial facility in western Russia's Ryazan region killed 11 people and injured 130 others, the Russian Ministry of Emergency Situations said on Saturday.

"The bodies of two more people were found during rubble clearing. In total, unfortunately, 11 people died and 130 people were injured," the ministry reported on its Telegram channel.

Earlier, a person, whose location was detected by one of the canine units deployed as part of the air-mobile group, was rescued from the debris, the ministry said.

More than 360 specialists and 90 units of equipment have been deployed to the scene, while search and rescue operations continue at the incident site, it added.

The fire broke out at around 10:30 a.m. local time (0730 GMT) in a production workshop of a factory in Lesnoy, Shilovsky District.

Local investigative authorities had opened a case over violations of industrial safety requirements at hazardous production facilities in connection with the incident.

Xinhua

# Trump-Putin meeting ends with progress made but no deal reached

**Anchorage August 16**

U.S. President Donald Trump and Russian President Vladimir Putin on Friday wrapped up a high-stakes meeting in Anchorage, the U.S. state of Alaska, with progress made but no deal reached.

The meeting, held at Joint Base Elmendorf-Richardson in the city, marked the first visit to the United States by a Russian head of state in nearly a decade and the first face-to-face meeting between the two countries' presidents since 2021.

Initially expected to be a one-on-one meeting, it was opened with a three-on-three format. U.S. Secretary of State Marco Rubio and presidential envoy Steve Witkoff joined Trump, while Russian Foreign Minister Sergey Lavrov and presidential aide Yuri Ushakov accompanied Putin.

At a joint press conference afterward, Trump said "many points" had been agreed upon, noting "great progress" had been made, though no formal deal was reached.

Putin said he agreed Ukraine's security should be ensured, adding that the understanding reached could help pave the way toward peace.

Standing together for about 12 minutes before reporters, the two leaders underscored progress but offered no concrete details.

Xinhua



U.S. President Donald Trump (R) and Russian President Vladimir Putin attend a joint press conference after concluding their talks in Anchorage, Alaska, the United States, on Aug. 15, 2025.

# Wetlet Township completes 100% harvest of summer paddy


Summer paddy being harvested with the help of machinery.

**Wetlet August 16**

In Wetlet Township, Shwebo District, Sagaing Region, the full acreage of summer paddy cultivated during this year's summer crop season has now been completely harvested, according to data from the Wetlet Township Department of Agriculture.

This year, during the summer crop season, a total of 12,186 acres of summer paddy were cultivated in Wetlet Township. Harvesting began in June and has now been fully completed, with an average yield of 83.19 baskets per acre.

"This year, Wetlet Township cultivated summer paddy across 12,186 acres. Currently, all fields have been 100% harvested. Farmers were provided with agricultural technical support, pest control awareness, measures to prevent crop damage, and guidance on timely storage of harvested paddy," said Daw Kyin San, the township agriculture officer.

To enhance per-acre yield and achieve target production, farmers in Wetlet Township were supplied with high-quality seeds, technical pamphlets, training sessions, and awareness workshops. Efforts were also made to ensure timely access to necessary agricultural inputs.

Farmers are urged to prepare for the timely cultivation of summer paddy and other crops after the monsoon rice harvest. They should follow the Department of Agriculture's guidelines on pest and disease prevention, soil nutrition management, and pre-season seed collection in coordination with the department.

206

# Kyunhla Township completes cultivation of 11,054 acres of seed maize during monsoon season

**Kyunhla August 16**

In Kyunhla Township, Kanbalu District, Sagaing Region, a total of 11,054 acres of seed maize have been successfully cultivated during this year's monsoon crop season, according to records from the Kyunhla Township Department of Agriculture.

For the 2025-2026 monsoon crop season, Kyunhla Township had planned to cultivate 14,995 acres of seed maize. Cultivation began in June, and as of today, 11,054 acres have already been completed.

"This monsoon season, Kyunhla Township aimed to cultivate over 14,000 acres of seed maize. So far, more than 11,000 acres have been planted, and efforts are ongoing to meet the target. To ensure successful growth, farmers are being educated on proper cultivation techniques and pest prevention measures," said Daw Myint Myint Yi, the township agriculture officer.

This year, the Kyunhla Township Department of Agriculture has provided training sessions, field demonstrations, and awareness programs for farmers growing seed maize and sweet corn. These include preventive measures against fall armyworm, integrated pest management using neem-based pesticides, and natural remedies like ginger and chili-based solutions.

In Kyunhla Township, seed maize yields over 50 baskets per acre, with cultivation costs reaching 500,000 MMK per acre. Meanwhile, sweet corn production yields around 15,000 ears per acre, with similar cultivation expenses exceeding 500,000 MMK per acre. 206

# Monywa District completes planting of over 4,000 acres of vegetable crops in this year's monsoon season

**Monywa August 16**

During the 2025-2026 monsoon cropping season, a total of 15,554 acres of vegetables are planned for cultivation in Monywa District. Planting began in May this year, and as of today, 4,245 acres have already been cultivated against the target cultivation.

Daw San San Myint, Head of the Monywa District Agriculture Department, stated, "This year, more than 15,000 acres of vegetables are planned for cultivation in the district. So far, over 4,000 acres have been planted. Efforts are ongoing to meet the full target acreage. The main crops include roselle, chilli, mustard, coriander, potato, ridge gourd, cauliflower, cabbage, and eggplant. Farmers are being guided to adopt GAP (Good Agricultural Practices) in cultivating all these vegetables. We also provide techniques to ensure the produce is grown with minimal chemical residues and in ways that support health and safety."

As for township-level cultivation progress this year, Monywa Township has completed 2,745 acres, Budalin Township 185 acres, Ayadaw Township 260 acres, and ChaungU Township has 1,055 acres, totalling 4,245.

Authorities of Monywa Township set plans to grow 9,300 acres of vegetables, Budalin Township 180 acres, Ayadaw Township 1,236 acres, and ChaungU Township: 4,838 acres, totalling 15,554 acres.

This year, relevant township agriculture departments are providing technical training to vegetable growers in Monywa District to support GAP-based cultivation. They are also educating farmers on producing healthy crops with minimal chemical residues and encouraging them to expand their vegetable cultivation.

Vegetables are cultivated seasonally in Monywa District every year, and these crops have proven successful in improving household incomes. The township agriculture departments are also promoting proper cultivation techniques, pest control methods, and the use of natural fertilizers, botanical pesticides, and natural repellents to ensure sustainable and safe vegetable production. 206

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ ammunition is tantamount to protecting the lives and property of innocent people.

# Yinmabin District expands sown acreage of monsoon sesame this year

**Yinmabin August 16**

According to data of Yinmabin District Agriculture Department, local farmers could expand sown acreage of sesame as monsoon crops exceeding the target cultivation in Yinmabin District of Sagaing Region this year.

During the 2025-2026 monsoon cropping season, a total of 180,662 acres of monsoon sesame cultivation is projected in Yinmabin District. Planting began in May this year, and as of today, 188,438 acres have already been cultivated, exceeding the initial target.

Daw Myat Moe Win, Head of the Yinmabin District Agriculture Department, stated, "This year, the district targeted 180,662 acres of monsoon sesame, and so far, 188,438 acres have already been cultivated. We expect to exceed the projected acreage. Efforts are being made to expand the cultivated area, improve yield, and encourage farming practices that follow GAP (Good Agricultural Practices) guidelines."

In terms of township-level progress this year, Yinmabin Township has completed cultivation of 50,648 acres, Kani Township 39,150 acres, Salingyi Township 18,580 acres, and Pale Township leads with 80,060 acres, making a district-wide total of 188,438 acres cultivated.

For the 2025-2026 monsoon season, Yinmabin Township authorities earmarked cultivation of 51,860 acres of sesame, Kani Township 39,150 acres, Salingyi Township 18,560 acres, and Pale Township 71,092 acres, totalling 180,662 acres.

To support farmers in Yinmabin District, respective township agriculture offices have been providing awareness and training programs on expanding sesame cultivation, proper farming techniques, GAP-based practices, using quality seeds, and increasing crop productivity.

Crops grown under GAP guidelines are known to be of higher quality compared to those produced using conventional methods. They also command better prices and offer access to both domestic and international markets. As a result, farmers practicing GAP-based cultivation are expected to benefit from increased income and improved socio-economic conditions. 206

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ရုရှားက ကမ်းချတ်ကာဒေသတွင် မောင်းသူမဲ့လေယာဉ်ထိန်းချုပ်ရေးဌာနချုပ် ဖွင့်လှစ်



ရုရှားနိုင်ငံသည် ကမ်းချတ်ကာဒေသတွင် မောင်းသူမဲ့လေယာဉ်ထိန်းချုပ်ရေးဌာနချုပ်ကိုဖွင့်လှစ်ခဲ့ကြောင်း ယူကရိန်းနိုင်ငံ Kyiv Post နှင့် ရုရှားနိုင်ငံသတင်းစာ Izvestia တို့၏ ရေးသားဖော်ပြချက်များကိုကိုးကား၍ Army Recognition သတင်းဌာနက ဩဂုတ် ၁၃ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဤလုပ်ဆောင်ချက်သည် ရုရှားနိုင်ငံနယ်စပ်အနီးရှိ အာတိတ်နှင့် ပစိဖိတ်ဒေသများတွင် စောင့်ကြည့်ထောက်လှမ်းရေးနှင့် တိုက်ခိုက်ရေးစွမ်းရည်များကို အားကောင်းစေရန် ရည်ရွယ်သည်။ ဒေသတွင်း တင်းမာမှုများ မြင့်တက်လာချိန်တွင် ရုရှားနိုင်ငံက ၎င်း၏မဟာဗျူဟာမြောက် ပိုင်ဆိုင်မှုများဖြစ်သည့် မြောက်ပိုင်းပင်လယ်လမ်းကြောင်းနှင့် နျူကလီးယားရေငုပ်သင်္ဘော အခြေစိုက်စခန်းများ အကာအကွယ်ပေးရေးကို အလေးထားလာသည်ကို ထင်ဟပ်စေလျက်ရှိသည်။

ကမ်းချတ်ကာဒေသတွင် အသစ်တည်ထောင်လိုက်သည့် ဤဌာနချုပ်သည် မောင်းသူမဲ့ထောက်လှမ်းရေးနှင့် တိုက်ခိုက်ရေးလေယာဉ်များ၏ စစ်ဆင်ရေးများကို အပြည့်အဝကြီးကြပ်ကွပ်ကဲသွားမည်ဖြစ်ပြီး Forpost နှင့် Inokh-odets ကဲ့သို့ အကြီးစားဒရုန်းများအပေါ် အဓိကထား အာရုံစိုက်မည်ဖြစ်သည်။ ထိုဒရုန်းများကို ဒေသတွင်းလေယာဉ်ကွင်းများတွင် တပ်စွဲထားမည်ဖြစ်ပြီး ပင်လယ်ပြင်နှင့် အာတိတ်ဇုန်များအပေါ် ကျယ်ပြန့်စွာစစ်ဆင်ရေးတာဝန်ထမ်းဆောင်နိုင်စေမည်ဖြစ်သည်။ ၎င်းသည် တစ်စုတစ်စည်းတည်းသောကွပ်ကဲမှုအောက်တွင် လုပ်ငန်းတာဝန်များကို ညှိနှိုင်းဆောင်ရွက်ခြင်း၊ ထောက်လှမ်းရေး အချက်အလက်များ စုဆောင်းခြင်း၊ ခွဲခြမ်းစိတ်ဖြာခြင်းနှင့် ရုရှားကြည်း၊ ရေ၊ လေတပ်ဖွဲ့များထံသို့ အချိန်နှင့်တစ်ပြေးညီ ပို့ဆောင်ခြင်း၊ ဆက်သွယ်ခြင်းတို့ လုပ်ဆောင်နိုင်စေမည်ဖြစ်သည်။

ကမ်းချတ်ကာဒေသရှိ မောင်းသူမဲ့လေယာဉ်ထိန်းချုပ်ရေးဌာနချုပ်၏ မဟာဗျူဟာမြောက်တည်ရှိမှုသည် Vilyuchinsk ဒေသရှိ ပစိဖိတ်စစ်ရေယာဉ်စု၏ နျူကလီးယား ရေငုပ်သင်္ဘောအခြေစိုက်စခန်းကို ကာကွယ်ရန်၊ မြောက်ပိုင်းပင်လယ်လမ်းကြောင်းနှင့် Bering ရေလက်ကြားကို အချိန်ပြည့်စောင့်ကြည့်ရန် အနေအထားကောင်းတစ်ခုကို ပိုင်ဆိုင်ထားနိုင်စေမည်ဖြစ်သည်။ ထို့ပြင် ရုရှား၏ကျယ်ပြောလှသောမြောက်ပိုင်းနှင့် အရှေ့ပိုင်းကမ်းရိုးတန်းများကိုကာကွယ်ရာတွင် အခြေခံအဆောက်အအုံ ကုန်ကျစရိတ်မြင့်မားခြင်းနှင့် ထိခိုက်လွယ်ခြင်း စသည့် ပထဝီဝင်ဆိုင်ရာ စိန်ခေါ်မှုများကိုပါ ဖြေရှင်းပေးနိုင်မည်ဖြစ်သည်။

ကမ်းချတ်ကာဒေသတွင် မောင်းသူမဲ့လေယာဉ်ထိန်းချုပ်ရေးဌာနချုပ် တည်ထောင်ခြင်းသည် ဝေးလံခေါင်ဖျားသောဒေသများတွင် ရုရှား၏ကာကွယ်ရေးမဟာဗျူဟာမှာ ပေါင်းစည်းထားသောကွန်ရက်သုံး မောင်းသူမဲ့စစ်ဆင်ရေးများဘက်သို့ ဦးတည်လာသည်ကို ပြသနေခြင်းပင်ဖြစ်သည်။ အချိန်ကြာမြင့်စွာ ပျံသန်းနိုင်သည့် ဒရုန်း၊ မောင်းသူမဲ့လေယာဉ်များနှင့် ဗဟိုချုပ်ကိုင်မှုရှိသော ထိန်းချုပ်ရေးစနစ်တို့ကိုပေါင်းစပ်ခြင်းဖြင့် ရုရှားနိုင်ငံသည် မဟာဗျူဟာမြောက် ရေလမ်းကြောင်းများအပေါ် အဆက်မပြတ် လေကြောင်းစောင့်ကြည့်မှုကို ထိန်းသိမ်းရန်နှင့် ပေါ်ပေါက်လာသည့် ခြိမ်းခြောက်မှုများကို လျင်မြန်စွာတုံ့ပြန်ရန်ရည်ရွယ်ခြင်းဖြစ်သည်။ ထောက်လှမ်းရေးနယ်ပယ်ကျယ်ပြန့်မှု၊ တိုက်ခိုက်နိုင်စွမ်းနှင့် အချိန်နှင့်တစ်ပြေးညီ ထောက်လှမ်းရေးအချက်အလက်များ ပေါင်းစည်းမှုတို့ကြောင့် ဤမောင်းသူမဲ့လေယာဉ်ထိန်းချုပ်ရေးဌာနချုပ်သည် ရုရှားနိုင်ငံ၏အရေးပါသောနယ်စပ်ဒေသနှစ်ခုဖြစ်သည့် အာတိတ်နှင့် ပစိဖိတ်ဒေသတို့တွင် ကာကွယ်ရေးစွမ်းရည်ကို ပိုမိုအားကောင်းစေမည်ဖြစ်ကြောင်း သိရသည်။

**Russia Establishes Drone Command Hub In Kamchatka To Boost Arctic and Pacific Surveillance.**ကို ဘာသာပြန်ဆိုထားပါသည်။

## ဂျာမနီနိုင်ငံက ပြည်တွင်းထုတ် Vector AI ဒရုန်း ၄၉၉ စင်းခန့်ကို ယူကရိန်းနိုင်ငံသို့ လွှဲပြောင်းပေးခဲ့

ဂျာမနီနိုင်ငံသည် ပြည်တွင်းထုတ် Vector AI ဒရုန်း ၄၉၉ စင်းခန့်ကို ယူကရိန်းနိုင်ငံသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း ဂျာမနီအခြေစိုက် Quantum Systems ဒရုန်းထုတ်လုပ်ရေးကုမ္ပဏီ၏ ပူးတွဲတည်ထောင်သူ Florian Seibel က LinkedIn လူမှုကွန်ရက်မီဒီယာမှတစ်ဆင့် ကြေညာခဲ့သည်ဟု Army Recognition သတင်းဌာနက ဩဂုတ် ၁၂ရက်တွင် ရေးသားဖော်ပြခဲ့သည်။

Vector AI ဒရုန်းသည် AI စနစ်ပါဝင်သော အသံလှိုင်းအာရုံခံစနစ်တို့တပ်ဆင်ထားပြီး ယူကရိန်းတပ်ဖွဲ့များအတွက် ရန်သူ့အမြောက်တပ်များကို တန်ပြန်တိုက်ခိုက်ရာတွင် နည်းပညာအသစ်တစ်ရပ်ဖြစ်လာစေမည်ဖြစ်သည်။

Florian Seibel ၏ ပြောကြားချက်အရ AI စနစ်ပါဝင်သောအသံလှိုင်းဖြင့် ထောက်လှမ်းနိုင်သည့်စနစ်ကို ဒရုန်းတွင် ပေါင်းစပ်လိုက်ခြင်းသည် ခေတ်သစ်စစ်ပွဲများတွင် တိကျသေချာမှုကို ပိုမိုမြင့်မားစေသည်။ ၎င်းသည် စစ်မြေပြင်အခြေအနေကို ပိုမိုသိရှိစေပြီး ပစ်မှတ်ရှာဖွေမှုအချိန်ကိုလည်း လျှော့နည်းစေသည်။

ဂျာမနီကုမ္ပဏီ Quantum Systems မှထုတ်လုပ်သော Vector AI ဒရုန်းသည် ထောက်လှမ်းရေးတာဝန်များနှင့် ရန်သူ့အမြောက်သံများကို ထောက်လှမ်းရန် ရည်ရွယ် ထုတ်လုပ်ထားခြင်းဖြစ်သည်။ ၎င်းတွင် WASPအသံလှိုင်းအာရုံခံစနစ်ကို တပ်ဆင်ထားပြီး ဤစနစ်ကို ပိုလန်လုပ်ငန်းခွဲ Weles Acoustics ကုမ္ပဏီက တီထွင်ခဲ့ခြင်းဖြစ်သည်။ အလေးချိန် ဂရမ် ၁၅၀ သာရှိသော်လည်း အမြောက်သံများကို အကွာအဝေး ၁၅ ကီလိုမီတာမှလည်းကောင်း၊ လက်နက်ငယ်အသံများကို အကွာအဝေး ၂ ဒသမ ၅ ကီလိုမီတာမှလည်းကောင်း ထောက်လှမ်းနိုင်စွမ်းရှိသည်။

၎င်း၏ AI စနစ်သည် အသံအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ စီမံခန့်ခွဲနိုင်ပြီး ရန်သူ့ပစ်ခတ်မှု၏ဦးတည်ရာနှင့်အကွာအဝေး ငါးကီလိုမီတာတွင်လွဲမှားနိုင်ခြေ ငါးဒီဂရီတိကျမှုဖြင့် ဆုံးဖြတ်ပေးနိုင်စွမ်းရှိသည်။ ဤစွမ်းရည်ကြောင့် ရန်သူ့အမြောက်တပ်နေရာများကို အချိန်တိုအတွင်း ရှာဖွေဖော်ထုတ်နိုင်ပြီး တန်ပြန်ပစ်ခတ်မှုများအတွက် အထောက်အကူပြုပေးနိုင်သည်။

Vector AI ဒရုန်းကို ယူကရိန်းစစ်ဘက်မှ သင်တန်းကျောင်းများနှင့် တိုက်ခိုက်ရေးများတွင် စမ်းသပ်အသုံးပြုထားပြီးဖြစ်ကြောင်း သိရသည်။ Quantum Systems ၏ ယူကရိန်းရုံးခွဲဒါရိုက်တာ Oleksandr Berezhnyi က ဤစမ်းသပ်မှုများသည် ဆော့ဖ်ဝဲများကို ပိုမိုကောင်းမွန်စေရုံသာမက WASP စနစ်၏ အားသာချက်ကို ယူကရိန်းစစ်ဘက်မှ အကြီးအကဲများကို သရုပ်ပြသရန် ရည်ရွယ်ခဲ့သည်ဟု ပြောကြားခဲ့သည်။ ထို့ပြင် အဆိုပါအသံလှိုင်းစနစ်ကိုကုမ္ပဏီ၏ Twister UAVs များတွင်လည်းပေါင်းစပ်ထားပြီးဖြစ်သည်။ ကုမ္ပဏီသည် အာရုံခံစနစ်မှ ပစ်ခတ်မှုအရင်းအမြစ်ကိုတွေ့ရှိပါက ဒရုန်း၏မှန်ဘီလူးစနစ်က အလိုအလျောက် ပစ်မှတ်သို့ ချိန်ရွယ်ပေးနိုင်ရန် စီစဉ်နေသည်။

ယူကရိန်းတပ်ဖွဲ့များ အသုံးပြုနေသည့် အခြားသောထောက်လှမ်းရေးဒရုန်းများနှင့်နှိုင်းယှဉ်ပါက Vector AI ဒရုန်း၏ အသံလှိုင်း ထောက်လှမ်းနိုင်စွမ်းသည် ထူးခြားသောအချက်ဖြစ်သည်။ သမားရိုးကျမှန်ဘီလူးနှင့် အပူချိန်အာရုံခံစနစ်များသည် အလင်းရောင်နှင့်ရာသီဥတုအပေါ် မူတည်သော်လည်း ၎င်း၏အသံလှိုင်းထောက်လှမ်းမှုစနစ်သည် အလင်းအားနည်းသည့်အခြေအနေများ သို့မဟုတ် တိုက်ရိုက်မြင်ကွင်းလွန် အပြင်ဘက်တွင်ပင် လုပ်ဆောင်နိုင်စေမည်ဖြစ်သည်။

Vector AI ဒရုန်း၏ လေထဲတွင် ၄ နာရီထိ ပျံသန်းနိုင်သည့် စွမ်းရည်သည်လည်း အခြားသောပျံသန်းချိန်နည်းပါးသည့် ဒရုန်းများထက် စစ်ဆင်ရေးတာဝန်များ ပိုမိုကျယ်ပြန့်စွာထမ်းဆောင်နိုင်စေမည်ဖြစ်ကြောင်း သိရသည်။

**German Vector AI Drone Delivery Gives Ukraine New Capability To Track Enemy Artillery Positions.**ကို ဘာသာပြန်ဆိုထားပါသည်။



မင်းမျိုး

# ကလေးဝမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်များ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့



**ကလေးဝ ဩဂုတ် ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးဝမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်များ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း ကလေးဝမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးဝမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၉၃၅ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဧက ၁၉၈၀ စိုက်ပျိုးပြီးစီးပြီဖြစ်သဖြင့် လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ကလေးဝမြို့နယ်အတွင်း ဟင်းသီးဟင်းရွက် ဧက ၁၉၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၉၈၀ စိုက်ပျိုးပြီးစီးပြီဖြစ်လို့ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဟင်းသီးဟင်းရွက် စိုက်ပျိုးရာမှာ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း၊ မုန်လာဥ စတဲ့သီးနှံတွေ စိုက်ပျိုးခဲ့ပါတယ်။ စိုက်ပျိုးတဲ့ဟင်းသီးဟင်းရွက်အားလုံးကို GAP နည်းစနစ်နဲ့စိုက်ပျိုးနိုင်အောင်၊ ဓာတုဓာတ်ကြွင်းအနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ ကိုက်ညီအောင် စိုက်ပျိုးဖို့ နည်းပညာတွေပေးခဲ့ပါတယ်"ဟု ကလေးဝမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးနိုင်က ပြောပြသည်။

ကလေးဝမြို့နယ်တွင် ဟင်းသီးဟင်းရွက်စိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနက GAP နည်းစနစ်ဖြင့် စိုက်ပျိုးရန်၊ ထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့်ညီညွတ်သည့်သီးနှံဖြစ်စေရန်၊ ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးနိုင်ရန်အတွက် နည်းပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ကလေးဝမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးနိုင်က ပြောပြ၍ သိရသည်။

(၂၀၆)

# ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ငါးကွမ်းရှပ်ခြောက်ပိဿာချိန် အများအပြားတင်ပို့ရောင်းချနိုင်ခဲ့



**ဖျာပုံ ဩဂုတ် ၁၆**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ငါးကွမ်းရှပ်ခြောက်ပိဿာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဖျာပုံမြို့နယ် ငါးခြောက်မျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြင့်မြင့်ဝင်းက ပြောပြ၍ သိရသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်းက ငါးကွမ်းရှပ်ခြောက်ပိဿာချိန် ၇၄၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လအတွင်း ငါးကွမ်းရှပ်ခြောက်ပိဿာချိန် ၇၈၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ဒေသကထွက်တဲ့ ငါးကွမ်းရှပ်ခြောက်တွေကို စနစ်တကျထုတ်လုပ်ပြီး ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့တစ်လအတွင်း ငါးကွမ်းရှပ်ခြောက်ပိဿာချိန် ၇၈၀၀၀ ထိ တင်ပို့ ရောင်းချခဲ့ရပါတယ်။ ငါးကွမ်းရှပ်ခြောက်တွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေလို့ တင်ပို့အား ကောင်းနေတာပါ။ လက်ရှိ အရောင်းအဝယ်လုပ်နေတဲ့ ငါးကွမ်းရှပ်ခြောက်တွေက လက်ကျန်ငါးခြောက်တွေ ဖြစ်ပါတယ်"ဟု ဖျာပုံမြို့နယ် ငါးခြောက်မျိုးစုံ ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မြင့်မြင့်ဝင်းက ပြောပြသည်။

ဖျာပုံမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ငါးပိ၊ ငါးခြောက်များကိုပြုလုပ်ပြီး ဒေသထွက် ငါးကွမ်းရှပ်ခြောက်များ အပါအဝင် အခြားငါးခြောက်များကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ငါးကွမ်းရှပ်ခြောက် ၁၀ ပိဿာလျှင် ငွေကျပ် ၃၀၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# ရမည်းသင်းမြို့နယ် အောင်းကုန်းကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ရမည်းသင်း ဩဂုတ် ၁၆**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ရမည်းသင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အောင်းကုန်းကျေးရွာရှိ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန်နှင့် တိုးပွားလာသောရန်ပုံငွေများဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ကိုင်နိုင်စေရန် ရည်ရွယ်၍ ဆဋ္ဌမအကြိမ်ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ရန်ပုံငွေထုတ်ချေးခြင်းကို ဩဂုတ် ၁၅ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရမည်းသင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန့်ဇင်အောင်က ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းချက်များ ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကော်မတီဝင်များထံ ရန်ပုံငွေကျပ် ၄၉၅ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း ကော်မတီဝင်များက အောင်းကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်မည့် အသင်းသား၊ အသင်းသူ ၁၇၆ ဦးကို VRFP စီမံကိန်းရန်ပုံငွေကျပ် ၄၉၅ သိန်းထုတ်ချေးပေးခဲ့ကြောင်း ရမည်းသင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**သန်းလွင်(မကွေး)**




# ဟသ်ာတမြို့နယ် ပြာကတက်ကလေးကျေးရွာ၌ VDP စီမံကိန်းမိတ်ဆက်၍ ကော်မတီဖွဲ့စည်း



**ဟင်္သာတ ဩဂုတ် ၁၆**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ဟင်္သာတမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) အကောင်အထည်ဖော်ဆောင်ရွက်မည့် နတ်မော်ကျေးရွာအုပ်စု ပြာကတက်ကလေး ကျေးရွာ၌ VDP စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဩဂုတ် ၁၅ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ ဘက်စုံသုံးခန်းမဆောင်၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဟင်္သာတမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဆွေဆွေဝင်းက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ လုပ်ငန်းစဉ်များ၊ စီမံကိန်းလက်စွဲစာစောင်ပါ ကော်မတီဝင်များ ရွေးချယ်ရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များ၊ ကော်မတီဝင်များ၏ တာဝန်များနှင့်ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အခမ်းအနားသို့ တက်ရောက်လာကြသော ကျေးရွာတာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများနှင့်ပတ်သက်၍ သိရှိလိုသည်များ မေးမြန်းရာ မြို့နယ်ဦးစီးမှူးက ပြန်လည်ရှင်းလင်း ဖြေကြားပေးခဲ့သည်။

ထို့နောက် မြို့နယ်ဦးစီးမှူး ဒေါ်ဆွေဆွေဝင်းနှင့် တာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင် ကိုးဦးကို ကျေးရွာသူ၊ ကျေးရွာသားများ၏ သဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

ပြာကတက်ကလေးကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း ရန်ပုံငွေကျပ်သိန်း ၁၅၀ အသုံးပြုကာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

**ဇင်မာ**

ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုမှ ကာကွယ်နိုင်ရန်

လေဝင်လေထွက်ကောင်းမွန်စေရန် လေကောင်းလေသန့်နှင့် နေရောင်ခြည်အလင်းရောင် ရရှိစေရေးတို့အတွက် အိမ်ရှိတံခါးများကိုဖွင့်ထားပါ။



# ငလျင်ဒဏ်ကြောင့်ထိခိုက်ပျက်စီးခဲ့သည့် တပ်ကုန်းနှင့် ကျောက်ဆည်ဒေသတို့ရှိ ရှေးဟောင်းအဆောက်အအုံများ ပြန်လည်ပြုပြင်ထိန်းသိမ်းနေမှုကို ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် ကွင်းဆင်းကြည့်ရှုစစ်ဆေး





**မန္တလေး ဩဂုတ် ၁၆**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် အမြဲတမ်းအတွင်းဝန် ဦးမြင့်ဦး၊ ညွှန်ကြားရေးမှူးချုပ်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် တပ်ကုန်းနှင့် ကျောက်ဆည်ဒေသတို့ရှိ ရှေးဟောင်းအဆောက်အအုံ၊ စေတီ၊ ပုထိုးများ ပြန်လည်ပြုပြင်ထိန်းသိမ်းနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တပ်ကုန်းမြို့ရှိ ဦးအောင်ဇေယျဘုရားသို့ ရောက်ရှိပြီး ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကာ ရှေးမူလက်ရာမပျက် စနစ်တကျ ထိန်းသိမ်းပြုပြင်ခြင်း လုပ်ငန်းဆောင်ရွက်ရန်၊ နောင်ဖြစ်ပေါ်လာနိုင်သည့် ငလျင်ဒဏ်ခံနိုင်အောင် ကြိုတင်အားဖြည့်စနစ်များပါ ထည့်သွင်းဆောင်ရွက်ရန် မှာကြားပြီး ဓာတ်တော်၊ စေတီတော်များနှင့် အလှူငွေများကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကျောက်ဆည်မြို့ ရွှေသာလျောင်းတောင်ရှိ ကျောက်သေတ္တာစေတီ ခိုင်ခံ့စွာ ဆက်လက်တည်မြဲစေရေးအတွက် ပြန်လည်ပြုပြင်ထိန်းသိမ်း ဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း၊ အနော်ရထာမင်းကြီးတည်ထားခဲ့သည့် ဆည်တော်နံ ရွှေမုဋ္ဌောစေတီကြီးပရိဝုဏ်အတွင်းရှိ စေတီ ပုထိုးများ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများကို ပြန်လည်ပြုပြင်ထိန်းသိမ်းနေမှု အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးနှင့် ခုနစ်ရက်သားသမီးများ လှူဒါန်းသော ကြေးဗုဒ္ဓဆင်းတုတော်၊ ဓမ္မစေတီတော်၊ ဓာတ်တော်၊ စေတီတော်များကို ရွှေမုဋ္ဌောစေတီတော် ဩဝါဒါစရိယ ဆရာတော်ကြီးများဦးဆောင်၍ အလယ်ဌာပနာတော်သွင်းလှူပူဇော်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက စေတီတော်မြတ်ကြီးကို သက္ကရာဇ် ၃၉၅ ခုနှစ်တွင် အနော်ရထာမင်းကြီးက တည်ထားပူဇော်ပြီး သမိုင်းကြောင်းထင်ရှားသည့် စေတီတစ်ဆူဖြစ်သည့်အတွက် မူလလက်ရာအတိုင်း ပြန်လည်ပြုပြင်ထိန်းသိမ်းရန်၊ နောင်ငလျင်ဒဏ်ခံနိုင်ရန်အတွက် ကြိုတင်အားဖြည့်စနစ်များ အတွင်းတွင်ထည့်သွင်းတည်ဆောက်သွားရန်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့ ပူးပေါင်းထုတ်ပြန်ထားသော SoP အတိုင်း လိုက်နာဆောင်ရွက်ရန်နှင့် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်သွားရန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကရင်ရိုးရာ ဝါခေါင်လချည်ဖြုတ်ပွဲမင်္ဂလာအခမ်းအနား ရန်ကုန်မြို့ သာကေတမြို့နယ် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ ပြည်ထောင်စုခန်းမ၌ ကျင်းပ

**ရန်ကုန် ဩဂုတ် ၁၆**



ကရင်ရိုးရာ ဝါခေါင်လချည်ဖြုတ်ပွဲမင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ သာကေတမြို့နယ် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ ပြည်ထောင်စုခန်းမ၌ ကျင်းပသည်။

ဦးစွာ ကရင်စာပေနှင့် ယဉ်ကျေးမှုကော်မတီ(ဗဟို) ဂုဏ်ထူးဆောင်နာယက အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ခေါင်းဆောင် ဦးစောထွန်းအောင်မြင့်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ပြည့်စုံလင်း၊ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်မှ ဗိုလ်မှူးချုပ် စောဆန်နီ၊ ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူးတို့က ဖားစည်ကိုးချက်တီးကာ ကရင်လူငယ်များက ကြွချိုမှုတ်၍ အခမ်းအနားကို ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ကရင်စာပေနှင့် ယဉ်ကျေးမှုကော်မတီ(ဗဟို) ဂုဏ်ထူးဆောင်နာယက ဦးစောထွန်းအောင်မြင့်က အဘိုး၊ အဘွားများ လက်ဆင့်ကမ်း သယ်ဆောင်လာသည့် ကောင်းမြတ်သည့် ယဉ်ကျေးမှုအမွေအနှစ်ကို ဆက်လက်ထိန်းသိမ်းကြရန်၊ ရိုးရိုးသားသား ကြိုးကြိုးစားစားဖြင့် အေးအေးချမ်းချမ်းနေတတ်သည့် ဓလေ့ထုံးစံနှင့်အညီ ဥဒ္ဓဝတ်ကျေပွန်ကာ စိတ်ရှည်သည်းခံတတ်သည့် တရားမျှတမှုတို့နှင့် နှစ်သက်မြတ်နိုးသည့် လူနေမှုစနစ်စသည်တို့ကို ထိန်းသိမ်းသွားကြရန် နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်း သားရေးရာဝန်ကြီးက ကရင်ရိုးရာ ဝါခေါင်လ ချည်ဖြုတ်ပွဲမင်္ဂလာအခမ်းအနား ကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကရင်တိုင်းရင်းသား၊ တိုင်းရင်းသူများက ကရင်ရိုးရာအိုးစည်အက၊ ကရင်ရိုးရာဒုံးအက၊ ကရင်ရိုးရာဝါးညှပ်အက၊ ကရင်ရိုးရာကြိုးကျစ်အက၊ လူပျိုကြီးဒုံးအကနှင့် ကရင်ရိုးရာကျွဲဒုံးအကတို့ဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် ကရင်စာပေနှင့် ယဉ်ကျေးမှုကော်မတီ(ဗဟို) ဂုဏ်ထူးဆောင်နာယက၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် ဒုတိယဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကရင်တိုင်းရင်းသား၊ တိုင်းရင်းသူများအား ကရင်အဘိုး၊ အဘွားများနှင့် ကရင်လူငယ်မောင်မယ်များက ချည်ဖြုတ်ပွဲပေးကြသည်။

ယင်းနောက် ဖျော်ဖြေတင်ဆက်ကြသည့် ကရင်တိုင်းရင်းသား၊ တိုင်းရင်းသူများအတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကလှူဒါန်းသည့် အလှူငွေကျပ် သိန်း ၁၅၀ ကို ကရင်စာပေနှင့် ယဉ်ကျေးမှုကော်မတီ(ဗဟို) ဂုဏ်ထူးဆောင်နာယက ဦးစောထွန်းအောင်မြင့်၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးတို့က ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီး တိုင်းရင်းသားရေးရာ ဝန်ကြီးနှင့် တာဝန်ရှိသူများက လက်ခံရယူကြသည်။

ဆက်လက်၍ အခမ်းအနားကိုကျင်းပရာ ကရင်တိုင်းရင်းသား၊ တိုင်းရင်းသူများက ကရင်ရိုးရာ ယဉ်ကျေးမှုအကများဖြင့်လည်းကောင်း၊ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ ယဉ်ကျေးမှုအဖွဲ့က စည်းလုံးခြင်းအတွက်သီချင်းတစ်ပုဒ် အကဖြင့်လည်းကောင်း၊လှည်းကူးပညာရေးဒီဂရီကောလိပ်မှ ယဉ်ကျေးမှုအကဖြင့်လည်းကောင်း၊ ကရင်ရိုးရာ ခေတ်ဟောင်းခေတ်သစ် ဝတ်စားဆင်ယင်မှုများကို Fashion Show အစီအစဉ်ဖြင့်လည်းကောင်း ဖျော်ဖြေခဲ့ကြကြောင်း သတင်းရရှိသည်။ **(ဇော်မင်းလတ်-MNA)**

❑ **ရှေ့ဖုံးမှအဆက်**

ဒေသခံတိုင်းရင်းသားပြည်သူ ကိုးဦးအား သွေးအမျိုးအစားစစ်ဆေးပေးခြင်း၊ ဒေသခံတိုင်းရင်းသားပြည်သူ ကိုးဦးအား ငှက်ဖျားရောဂါပိုး စစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးပြီး ဒေသခံတိုင်းရင်းသားပြည်သူ ၅၂ ဦးတို့ကို ဝက်သက်ရောဂါ၊ တုပ်ကွေးရောဂါတို့နှင့်ပတ်သက်၍ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့ပြင် အတွင်းလူနာအဖြစ် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသူ ၃၉ ဦးတို့ကို ဆေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(၅၀၁)

# မြန်မာ့လယ်ယာသုံး ပစ္စည်းကိရိယာစက်ရုံ(အင်းကုန်း)က အင်ဂျင်ပါဝါသုံးရှစ်တန်းသွား လူထိုင်စီးကောက်စိုက်စက် အရည်အသွေးပြောင်းလဲပြုပြင်စမ်းသပ်ထုတ်လုပ်

**နေပြည်တော် ဩဂုတ် ၁၆**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စက်မှုလယ်ယာဦးစီးဌာနက အရည်အသွေးပြောင်းလဲပြုပြင် စမ်းသပ်ထုတ်လုပ်သည့် အင်ဂျင်ပါဝါသုံး ရှစ်တန်းသွား လူထိုင်စီးကောက်စိုက်စက် လက်တွေ့သရုပ်ပြစိုက်ပျိုးခြင်းကို ယနေ့ညနေပိုင်းက နေပြည်တော် ဇေယျာသီရိမြို့နယ်ရှိ စိုက်ပျိုးရေးသုတေသနစိုက်ကွင်း၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဦးကိုကိုလွင်နှင့် ဒေါက်တာချာလီသန်းတို့ ကြည့်ရှုစစ်ဆေးကြသည်။

ကြည့်ရှုစစ်ဆေးစဉ် စိုက်ပျိုးရေးကဏ္ဍအတွက် လိုအပ်လျက်ရှိသည့် လယ်ယာသုံးစက်ကိရိယာများအား စံချိန်စံညွှန်းနှင့်အညီ ထုတ်လုပ်နိုင်ရေး ဌာနပညာရှင်များက သုတေသနပြု တီထွင်စမ်းသပ်ပြီး MSMEs လုပ်ငန်းများသို့ နည်းပညာလွှဲပြောင်းပေးရန် လိုအပ်ချက်များနှင့် ထုတ်လုပ်လိုက်သည့် စက်ကိရိယာများ၏ ပြုပြင်မွမ်းမံမှုအတွက် နောက်ဆက်တွဲလိုအပ်လာနိုင်သည့် စက်အစိတ်အပိုင်း အပိုပစ္စည်းများ ဈေးကွက်သို့ ဖြန့်ဖြူးပေးနိုင်ရေး တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆွေးနွေး မှာကြားသည်။



စက်မှုလယ်ယာဦးစီးဌာန မြန်မာ့လယ်ယာသုံး ပစ္စည်းကိရိယာစက်ရုံ (အင်းကုန်း)က စမ်းသပ်ထုတ်လုပ်ထားသည့် အဆိုပါ ရှစ်တန်းသွား လူထိုင်စီး ကောက်စိုက်စက်တွင် အင်ဂျင်ပါဝါ ငါးကောင်အားကို အသုံးပြုပြီး လယ်တစ်ဧကကို အချိန် ၁ နာရီခွဲမှ ၁ နာရီ ၄၅ မိနစ်ခန့်အတွင်း စိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း၊ တောင်သူများအတွက် တန်ဖိုးသင့်ဈေးနှုန်းဖြစ်စေရန်နှင့် ပေါ့ပါးလွယ်ကူစွာ အသုံးပြုနိုင်စေရန် ရည်ရွယ်၍ အကောင်းဆုံးထုတ်လုပ်ခြင်းဖြစ်ကြောင်း၊ လုပ်ငန်းခွင်၌ လက်တွေ့အသုံးပြုနိုင်ရန် နည်းပညာအတည်ပြုခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးပါက တစ်နိုင်ငံလုံး၌ ကျယ်ကျယ်ပြန့်ပြန့် ထုတ်လုပ်သုံးစွဲနိုင်ရေးနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ MSMEs လုပ်ငန်းများသို့ နည်းပညာလွှဲပြောင်းပေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မိတ္ထီလာမြို့ သူနာပြုသင်တန်းကျောင်းနှင့် ပြည်သူ့ဆေးရုံကြီး သင်ကြားရေးနှင့်ကုသရေးလုပ်ငန်းများကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဩဂုတ် ၁၆**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက မိတ္ထီလာမြို့ သူနာပြုသင်တန်းကျောင်း၌ ကျောင်းအုပ်ကြီး၊ သင်တန်းဆရာ၊ ဆရာမ များ၊ သင်တန်းသား၊ သင်တန်းသူများနှင့် တွေ့ဆုံအမှာစကားပြောကြားသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက သူနာပြုများသည် လူနာများနှင့် အနီးကပ်ထိတွေ့ပြုစုရသည့်အချိန် ပိုမိုများပြားသဖြင့် သူနာပြုများအား လေ့ကျင့်သင်ကြားမှုသည် ကျန်းမာရေးစောင့်ရှောက်မှု ကဏ္ဍအတွက် အရေးကြီးပါကြောင်း၊ ဆရာ၊ ဆရာမများအနေဖြင့် သင်တန်းသား၊ သင်တန်းသူများ၏ လိုအပ်ချက်ကို တတ်နိုင်သမျှပံ့ပိုးပေးရန်နှင့် စိတ်ပိုင်းဆိုင်ရာ စောင့်ရှောက်မှုများကိုလည်း မိသားစုသဖွယ် ဖေးမဆောင်ရွက်ပေးစေလိုကြောင်း၊ သင်တန်းသား၊ သင်တန်းသူများအနေဖြင့်လည်း စည်းမျဉ်းစည်းကမ်းလိုက်နာကာ မိမိတို့၏ အသက်မွေးဝမ်းကျောင်းပညာတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်ကြရန်မှာကြားပြီး ချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် သင်တန်းကျောင်းအတွင်း ကွန်ပျူတာခန်း၊ စာသင်ခန်း၊ စာကြည့်တိုက်၊ ထမင်းစားဆောင်၊ စားဖိုဆောင်၊ ဝန်ထမ်းအိမ်ရာနှင့် သူနာပြုဆောင်တို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပြည်သူ့ဆေးရုံကြီး မိတ္ထီလာမြို့ အရေးပေါ်နှင့် ပြင်ပလူနာဌာန၊ ခွဲစိတ်ကုသဆောင်၊ အရိုးကုသဆောင်၊ အထွေထွေရောဂါကုသဆောင်၊ ခွဲစိတ်ခန်း၊ သားဖွားမီးယပ်ကုသဆောင်၊ ခေတ်ခွဲခန်းနှင့် လူနာများအား ကုသပေးနေမှုကို ကြည့်ရှုစစ်ဆေးပြီး လူနာများအား တွေ့ဆုံအားပေးစကားပြောကြားသည်။

ဆက်လက်၍ အစည်းအဝေးခန်းမ၌ ဆေးရုံအုပ်ကြီး၊ အထူးကုဆရာဝန်ကြီးများ၊ သူနာပြုကြီးများ၊ ကျန်းမာရေးဝန်ထမ်းများ၊ မိတ္ထီလာခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကုသရေးဦးစီးဌာနတို့မှ ကျန်းမာရေးဝန်ထမ်းများအားတွေ့ဆုံ၍ မြန်မာနိုင်ငံ မျှော်မှန်းလူ့သက်တမ်းကို ပိုမိုကောင်းမွန်စေရေး၊ မိခင်သေဆုံးနှုန်း၊ ကလေးသေဆုံးနှုန်း၊



ကူးစက်ရောဂါဖြစ်ပွားမှုနှုန်း လျှော့နည်းစေရေး ကျန်းမာရေးမြှင့်တင်မှုများ၊ ပြည်သူ့ကျန်းမာရေးလုပ်ငန်းများ၊ ရောဂါကာကွယ်ရေးလုပ်ငန်းများ၊ အခြေခံကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုကြိုးပမ်းဆောင်ရွက်ရန်၊ မိခင်နှင့်ကလေးကျန်းမာရေး စောင့်ရှောက်မှု၊ ကျောင်းကျန်းမာရေး၊ ကာကွယ်ဆေးထိုးနှံတိုက်ကျွေးရေး၊ ကူးစက်ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ကြိုးပမ်းဆောင်ရွက်ကြရန်၊ သွေးလွန်တုပ်ကွေးဖြစ်ပွားမှုများပြားတတ်သည့်ရာသီဖြစ်သဖြင့် ခြင်နှိမ်နင်းရေးလုပ်ငန်းများ ထိထိရောက်ရောက်ဆောင်ရွက်ရန်မှာကြားပြီး တက်ရောက်လာသူများ၏ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**မြန်မာအမျိုးသမီးအသင်းမှ**

ပွဲစကတည်းက နှစ်သင်းစလုံး ဦးဆောင်ဂိုးရရှိရေး အကြိတ်အနယ်ယှဉ်ပြိုင်ခဲ့သော်လည်း ထိုင်းအမျိုးသမီးအသင်းက ဖိအားပေးမှု ပိုမိုပြုလုပ်နိုင်ခဲ့သဖြင့် ပွဲကစားချိန်ခြောက်မိနစ်အရောက်တွင် မြန်မာအမျိုးသမီးအသင်း ခံစစ်အမှားကတစ်ဆင့် ထိုင်းအသင်း ဦးဆောင်ဂိုးရရှိခဲ့ပြီးနောက် ချေပဂိုးရရှိရေးကြိုးပမ်းလာသည့် မြန်မာအသင်းက တိုက်စစ်မြှင့်တင်ခဲ့ရာ ပွဲကစားချိန် ၁၃ မိနစ်တွင် စန်းသော်သော်၏ ဖန်တီးပေးမှုမှ ဝင်းသိင်္ဂီထွန်းက ရရှိလာသည့် အခွင့်အရေးကို အကောင်းဆုံး အဆုံးသတ်နိုင်ခဲ့သဖြင့် သရေရလဒ်ထွက်ပေါ်ခဲ့သည်။ ထို့နောက် ထိုင်းအသင်းက ဂိုးပေါက်ခြိမ်းခြောက်မှု အကြိမ်ကြိမ်ပြုလုပ်နိုင်ခဲ့သော်လည်း မြန်မာအသင်း ခံစစ်ပိုင်းကောင်းမွန်မှုကြောင့် တစ်ဂိုးစီသရေဖြင့်သာ ပထမပိုင်းပြီးဆုံးခဲ့သည်။

ဒုတိယပိုင်းစတင်ချိန်တွင် ဦးဆောင်ဂိုးရရှိရန် တိုက်စစ်မြှင့်တင်လာသည့် ထိုင်းအမျိုးသမီးအသင်းက ထိရောက်သည့် ဂိုးပေါက်ကန်သွင်းမှုများ ပြုလုပ်နိုင်ခဲ့သော်လည်း ဂိုးသမား မျိုးမြမြငြိမ်း၏ လက်စွမ်းပြကာကွယ်မှုများကြောင့် ဂိုးမရရှိခဲ့ဘဲ ပွဲကစားချိန် ၇၂ မိနစ်အရောက်တွင် ဂိုးဧရိယာပြင်ပမှ စန်းသော်သော်၏ ကန်သွင်းမှုကို ထိုင်းအမျိုးသမီးအသင်း ခံစစ်ကစားသမား လက်ထိခဲ့ရာမှ ပင်နယ်တီကန်ခွင့်ရရှိခဲ့သဖြင့် အသင်းခေါင်းဆောင် ဝင်းသိင်္ဂီထွန်းက အမှားအယွင်းမရှိ အဆုံးသတ်နိုင်ခဲ့သောကြောင့် ဦးဆောင်ဂိုးရရှိခဲ့ပြီးနောက် လက်ကျန်ပွဲချိန်များတွင် ထိုင်းအသင်း တိုက်စစ်ဆင်မှုများကို မြန်မာအသင်းခံစစ်သမားများက ထိန်းချုပ်ကစားနိုင်ခဲ့သဖြင့် ပွဲပြီးဆုံးချိန်တွင် မြန်မာအမျိုးသမီးအသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့ပြီး ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့သည်။

မြန်မာအမျိုးသမီး အသင်းသည် ဗိုလ်လုပွဲသို့ ငါးကြိမ်တက်ရောက်ခဲ့ရာတွင် နှစ်ကြိမ်ဆုဖလားရရှိခဲ့ပြီး ယခုတစ်ကြိမ်တွင် ဗီယက်နမ်အမျိုးသမီးအသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့သည့်အုပ်စုတွင်းပြိုင်ဘက် ဩစတြေးလျအမျိုးသမီးအသင်းနှင့် တွေ့ဆုံနေသော်လည်း အုပ်စုအဆင့်တွေ့ဆုံမှုတွင် နှစ်ဂိုး တစ်ဂိုးဖြင့် နိုင်ပွဲရခဲ့သောကြောင့် ဗိုလ်လုပွဲစဉ်၌ ချန်ပီယံဆုဖလားရယူနိုင်ရန် အခွင့်အရေးများနေပြီး ယင်းပွဲစဉ်ကို လာမည့် ဩဂုတ် ၁၉ ရက် မြန်မာစံတော်ချိန် ည ၇ နာရီတွင် ဗီယက်နမ်နိုင်ငံ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **ML**

## ကမ္ဘောဒီးယား ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးနှင့် လာအိုနိုင်ငံခြားရေးဝန်ကြီးတို့ကို ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ သီးခြားစီတွေ့ဆုံ



**နေပြည်တော် ဩဂုတ် ၁၆**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အန်းနင်မြို့၌ ၁၀ ကြိမ်မြောက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးသို့ တက်ရောက်သည့် ကာလအတွင်း ကမ္ဘောဒီးယား ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး မစ္စတာ ပရက်ဆုတ်ခ်ခွန်း အား ဩဂုတ် ၁၄ ရက် ညနေပိုင်းတွင်လည်းကောင်း၊ လာအိုနိုင်ငံခြားရေးဝန်ကြီး မစ္စတာ ထောင်ဆာဗန်ဖုန်မီဟေး အား ဩဂုတ် ၁၅ ရက် မွန်းလွဲပိုင်းတွင်လည်းကောင်း သီးခြားစီ တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံမှုများအတွင်း သက်ဆိုင်ရာ နိုင်ငံများနှင့် နှစ်နိုင်ငံအကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာစေရေးကိစ္စများ၊ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး ကိစ္စများကို ဆွေးနွေးခဲ့ကြသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အန်းနင်မြို့၌ ကျင်းပခဲ့သည့် ၁၀ ကြိမ်မြောက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး ယနေ့ မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိကြခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ဧရာဝတီတိုင်းဒေသကြီးအတွင်းမှ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၆)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများကို သွားရောက်တွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၁၆**

ဧရာဝတီတိုင်းဒေသကြီး အတွင်းမှ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၆) သို့တက်ရောက်မည့် နိုင်ငံ့သားကောင်း ရတနာများကို ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက ပုသိမ်တပ်နယ် အားကစားခန်းမ၌ သွားရောက်တွေ့ဆုံသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၁၆)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများကို ပုဆိုးနှင့် ရှပ်အင်္ကျီများပေးအပ်ပြီး ရင်းရင်းနှီးနှီး အားပေးစကားပြောကြားကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)



ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၆)သို့တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများကို ရင်းရင်းနှီးနှီး အားပေးစကားပြောကြားစဉ်။

## အခြေခံပညာကျောင်းများနှင့် မြို့နယ်ကျန်းမာရေးဌာနတို့၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်



ရန်ကုန်တိုင်းဒေသကြီးရှိ အခြေခံပညာကျောင်း၌စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် ဩဂုတ် ၁၆**

၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် စာသင်ကျောင်းများ ဥပဓိရုပ်ကောင်းမွန်စေရေးအတွက် တိုင်းဒေသကြီးနှင့်ပြည်နယ် အသီးသီးရှိ အခြေခံပညာကျောင်းများ၌ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးအတွက် နယ်မြေခံ တပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်အပါအဝင် မြို့နယ် ၁၆ မြို့နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ် ဘန့်ဘွေးကျေးရွာရှိအခြေခံပညာအထက်တန်းကျောင်း(ဘန့်ဘွေး)၊ အခြေခံပညာမူလတန်းကျောင်း(ဘန့်ဘွေး)နှင့် ရှေးဦးကလေးသူငယ် ပြုစုစောင့်ရှောက်ရေး ECCD မူလတန်းကြိုကျောင်း(ဘန့်ဘွေး)တို့၌ နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက အခြေခံပညာကျောင်းများ အတွင်း၊ အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများတူးဖော်ပေးခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သည့်နေရာများကို ခြင်ဆေးဖျန်းခြင်းနှင့် ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းများကို စုပေါင်းဆောင်ရွက်ကြသည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ်ရှိမြို့နယ်ကျန်းမာရေးဌာန၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ် ဘန့်ဘွေးကျေးရွာရှိ ကျေးလက်ကျန်းမာရေးဌာနတို့၌ နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ ချုံနွယ်ပေါင်းမြက်များခုတ်ထွင်ရှင်းလင်းခြင်းနှင့် အမှိုက်များရှင်းလင်းခြင်းများ စုပေါင်းဆောင်ရွက်ကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တာဝန်ရှိသူများက သွားရောက် ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)



နယ်မြေခံတပ်မတော်သားများက ရှေးဦး ကလေးသူငယ်ပြုစုစောင့်ရှောက်ရေး ECCD မူလတန်းကြိုကျောင်း(ဘန့်ဘွေး)၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။

## မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းဆောင်ရွက်



တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းဆောင်ရွက်ကြစဉ်။

**နေပြည်တော် ဩဂုတ် ၁၆**

မြန်မာ အီလက်ထရောနစ်မဲပေးစက် (MEVM)ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းကို ယနေ့ နံနက်ပိုင်းတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် အေးချမ်းဖြိုးခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက်နှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ တက်ရောက်ကြသည်။

ဦးစွာ တာဝန်ရှိသူများက မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)ဖြင့် အသုံးပြု၍ မဲပေးခြင်းရည်ရွယ်ချက်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များက မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)တွင် လက်တွေ့သရုပ်ပြစမ်းသပ်မဲပေးခြင်း၊ တာဝန်ရှိသူများက မဲရလဒ်များကို ထုတ်ယူကြည့်ရှုစစ်ဆေးခြင်းများကို သရုပ်ပြသကြရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

(၅၀၁)

**၂၀၂၅ ခုနှစ် ဩဂုတ် ၁၆ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၈၉၀၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

# တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်များသတ်မှတ်ကြေညာ

(ယမန်နေ့မှအဆက်)

ပူးတွဲ

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် သတ်မှတ်ထားသည့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် (မဲအများဆုံးရသူအနိုင်ယူစနစ်) မဲဆန္ဒနယ်များ

| စဉ် | မဲဆန္ဒနယ် | မဲဆန္ဒနယ်တွင် ပါဝင်သည့်နယ်မြေများ | ရွေးကောက်တင်မြှောက်ရမည့် လွှတ်တော်ကိုယ်စားလှယ် အရေအတွက် |
|---|---|---|---|
| | ကချင်ပြည်နယ်လွှတ်တော် (မဲအများဆုံးရသူအနိုင်ယူစနစ်) | | |
| ၁ | ချီဖွေမြို့နယ် မဲဆန္ဒနယ် | ချီဖွေမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂ | ဆော့လော်မြို့နယ် မဲဆန္ဒနယ် | ဆော့လော်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၃ | တနိုင်းမြို့နယ် မဲဆန္ဒနယ် | တနိုင်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၄ | ခေါင်လန်ဖူးမြို့နယ် မဲဆန္ဒနယ် | ခေါင်လန်ဖူးမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၅ | ဆွမ်ပရာဘွမ်မြို့နယ် မဲဆန္ဒနယ် | ဆွမ်ပရာဘွမ်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၆ | နောင်မွန်းမြို့နယ် မဲဆန္ဒနယ် | နောင်မွန်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၇ | ပူတာအိုမြို့နယ် မဲဆန္ဒနယ် | ပူတာအိုမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၈ | မချမ်းဘောမြို့နယ် မဲဆန္ဒနယ် | မချမ်းဘောမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၉ | ဗန်းမော်မြို့နယ် မဲဆန္ဒနယ် | ဗန်းမော်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၀ | မံစီမြို့နယ် မဲဆန္ဒနယ် | မံစီမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၁ | မိုးမောက်မြို့နယ် မဲဆန္ဒနယ် | မိုးမောက်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၂ | ရွှေကူမြို့နယ် မဲဆန္ဒနယ် | ရွှေကူမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၃ | ဖားကန့်မြို့နယ် မဲဆန္ဒနယ် | ဖားကန့်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၄ | မိုးကောင်းမြို့နယ် မဲဆန္ဒနယ် | မိုးကောင်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၅ | မိုးညှင်းမြို့နယ် မဲဆန္ဒနယ် | မိုးညှင်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၆ | မြစ်ကြီးနားမြို့နယ် မဲဆန္ဒနယ် | မြစ်ကြီးနားမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၇ | ဝိုင်းမော်မြို့နယ် မဲဆန္ဒနယ် | ဝိုင်းမော်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၈ | အင်ဂျန်းယန်မြို့နယ် မဲဆန္ဒနယ် | အင်ဂျန်းယန်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| | ကယားပြည်နယ်လွှတ်တော် (မဲအများဆုံးရသူအနိုင်ယူစနစ်) | | |
| ၁ | ဒီးမော့ဆိုမြို့နယ် မဲဆန္ဒနယ် | ဒီးမော့ဆိုမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂ | ဖရူဆိုမြို့နယ် မဲဆန္ဒနယ် | ဖရူဆိုမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၃ | ဖားဆောင်းမြို့နယ် မဲဆန္ဒနယ် | ဖားဆောင်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၄ | ဘောလခဲမြို့နယ် မဲဆန္ဒနယ် | ဘောလခဲမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၅ | မယ်စဲ့မြို့နယ် မဲဆန္ဒနယ် | မယ်စဲ့မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၆ | ရှားတောမြို့နယ် မဲဆန္ဒနယ် | ရှားတောမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၇ | လွိုင်ကော်မြို့နယ် မဲဆန္ဒနယ် | လွိုင်ကော်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| | ကရင်ပြည်နယ်လွှတ်တော် (မဲအများဆုံးရသူအနိုင်ယူစနစ်) | | |
| ၁ | ကော့ကရိတ်မြို့နယ် မဲဆန္ဒနယ် | ကော့ကရိတ်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂ | ကြာအင်းဆိပ်ကြီးမြို့နယ်မဲဆန္ဒနယ် | ကြာအင်းဆိပ်ကြီးမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၃ | ဖာပွန်မြို့နယ် မဲဆန္ဒနယ် | ဖာပွန်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၄ | ဘားအံမြို့နယ် မဲဆန္ဒနယ် | ဘားအံမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၅ | လှိုင်းဘွဲ့မြို့နယ် မဲဆန္ဒနယ် | လှိုင်းဘွဲ့မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၆ | မြဝတီမြို့နယ် မဲဆန္ဒနယ် | မြဝတီမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၇ | သံတောင်ကြီးမြို့နယ် မဲဆန္ဒနယ် | သံတောင်ကြီးမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| | ချင်းပြည်နယ်လွှတ်တော် (မဲအများဆုံးရသူအနိုင်ယူစနစ်) | | |
| ၁ | တီးတိန်မြို့နယ် မဲဆန္ဒနယ် | တီးတိန်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂ | တွန်းဇံမြို့နယ် မဲဆန္ဒနယ် | တွန်းဇံမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၃ | ပလက်ဝမြို့နယ် မဲဆန္ဒနယ် | ပလက်ဝမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၄ | ဖလမ်းမြို့နယ် မဲဆန္ဒနယ် | ဖလမ်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၅ | မတူပီမြို့နယ် မဲဆန္ဒနယ် | မတူပီမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၆ | ကန်ပက်လက်မြို့နယ် မဲဆန္ဒနယ် | ကန်ပက်လက်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၇ | မင်းတပ်မြို့နယ် မဲဆန္ဒနယ် | မင်းတပ်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၈ | ထန်တလန်မြို့နယ် မဲဆန္ဒနယ် | ထန်တလန်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၉ | ဟားခါးမြို့နယ် မဲဆန္ဒနယ် | ဟားခါးမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| | စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် (မဲအများဆုံးရသူအနိုင်ယူစနစ်) | | |
| ၁ | လေရှီးမြို့နယ် မဲဆန္ဒနယ် | လေရှီးမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂ | လဟယ်မြို့နယ် မဲဆန္ဒနယ် | လဟယ်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၃ | နန်းယွန်းမြို့နယ် မဲဆန္ဒနယ် | နန်းယွန်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၄ | ကလေးမြို့နယ် မဲဆန္ဒနယ် | ကလေးမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၅ | ကလေးဝမြို့နယ် မဲဆန္ဒနယ် | ကလေးဝမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၆ | မင်းကင်းမြို့နယ် မဲဆန္ဒနယ် | မင်းကင်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၇ | ကသာမြို့နယ် မဲဆန္ဒနယ် | ကသာမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၈ | ထီးချိုင့်မြို့နယ် မဲဆန္ဒနယ် | ထီးချိုင့်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၉ | ဗန်းမောက်မြို့နယ် မဲဆန္ဒနယ် | ဗန်းမောက်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၀ | အင်းတော်မြို့နယ် မဲဆန္ဒနယ် | အင်းတော်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၁ | ကောလင်းမြို့နယ် မဲဆန္ဒနယ် | ကောလင်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၂ | ဝန်းသိုမြို့နယ် မဲဆန္ဒနယ် | ဝန်းသိုမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၃ | ပင်လည်ဘူးမြို့နယ် မဲဆန္ဒနယ် | ပင်လည်ဘူးမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၄ | ကန့်ဘလူမြို့နယ် မဲဆန္ဒနယ် | ကန့်ဘလူမြို့နယ် တစ်ခုလုံး။ | ၁ ဦး |
| ၁၅ | ကျွန်းလှမြို့နယ် မဲဆန္ဒနယ် | ကျွန်းလှမြို့နယ် တစ်ခုလုံး။ | ၁ ဦး |
| ၁၆ | ခန္တီးမြို့နယ် မဲဆန္ဒနယ် | ခန္တီးမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၇ | စစ်ကိုင်းမြို့နယ် မဲဆန္ဒနယ် | စစ်ကိုင်းမြို့နယ် တစ်ခုလုံး။ | ၁ ဦး |
| ၁၈ | မြင်းမူမြို့နယ် မဲဆန္ဒနယ် | မြင်းမူမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၉ | မြောင်မြို့နယ် မဲဆန္ဒနယ် | မြောင်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၀ | တမူးမြို့နယ် မဲဆန္ဒနယ် | တမူးမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၁ | ချောင်းဦးမြို့နယ် မဲဆန္ဒနယ် | ချောင်းဦးမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၂ | ဘုတလင်မြို့နယ် မဲဆန္ဒနယ် | ဘုတလင်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၃ | မုံရွာမြို့နယ် မဲဆန္ဒနယ် | မုံရွာမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၄ | အရာတော်မြို့နယ် မဲဆန္ဒနယ် | အရာတော်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၅ | ဖောင်းပြင်မြို့နယ် မဲဆန္ဒနယ် | ဖောင်းပြင်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၆ | မော်လိုက်မြို့နယ် မဲဆန္ဒနယ် | မော်လိုက်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၇ | ကနီမြို့နယ် မဲဆန္ဒနယ် | ကနီမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၈ | ဆားလင်းကြီးမြို့နယ်မဲဆန္ဒနယ် | ဆားလင်းကြီးမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၉ | ပုလဲမြို့နယ် မဲဆန္ဒနယ် | ပုလဲမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၃၀ | ယင်းမာပင်မြို့နယ် မဲဆန္ဒနယ် | ယင်းမာပင်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၃၁ | ဒီပဲယင်းမြို့နယ် မဲဆန္ဒနယ် | ဒီပဲယင်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၃၂ | တန့်ဆည်မြို့နယ် မဲဆန္ဒနယ် | တန့်ဆည်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၃၃ | ရေဦးမြို့နယ် မဲဆန္ဒနယ် | ရေဦးမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၃၄ | ခင်ဦးမြို့နယ် မဲဆန္ဒနယ် | ခင်ဦးမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၃၅ | ရွှေဘိုမြို့နယ် မဲဆန္ဒနယ် | ရွှေဘိုမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၃၆ | ဝက်လက်မြို့နယ် မဲဆန္ဒနယ် | ဝက်လက်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၃၇ | ဟုမ္မလင်းမြို့နယ် မဲဆန္ဒနယ် | ဟုမ္မလင်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| | တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် (မဲအများဆုံးရသူအနိုင်ယူစနစ်) | | |
| ၁ | ကော့သောင်းမြို့နယ် မဲဆန္ဒနယ် | ကော့သောင်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂ | ထားဝယ်မြို့နယ် မဲဆန္ဒနယ် | ထားဝယ်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၃ | ရေဖြူမြို့နယ် မဲဆန္ဒနယ် | ရေဖြူမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၄ | လောင်းလုံးမြို့နယ် မဲဆန္ဒနယ် | လောင်းလုံးမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၅ | သရက်ချောင်းမြို့နယ် မဲဆန္ဒနယ် | သရက်ချောင်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၆ | ဘုတ်ပြင်းမြို့နယ် မဲဆန္ဒနယ် | ဘုတ်ပြင်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၇ | ကျွန်းစုမြို့နယ် မဲဆန္ဒနယ် | ကျွန်းစုမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၈ | တနင်္သာရီမြို့နယ် မဲဆန္ဒနယ် | တနင်္သာရီမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၉ | ပုလောမြို့နယ် မဲဆန္ဒနယ် | ပုလောမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၀ | မြိတ်မြို့နယ် မဲဆန္ဒနယ် | မြိတ်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| | ပဲခူးတိုင်းဒေသကြီးလွှတ်တော် (မဲအများဆုံးရသူအနိုင်ယူစနစ်) | | |
| ၁ | ကျောက်ကြီးမြို့နယ် မဲဆန္ဒနယ် | ကျောက်ကြီးမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂ | ကျောက်တံခါးမြို့နယ် မဲဆန္ဒနယ် | ကျောက်တံခါးမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၃ | ညောင်လေးပင်မြို့နယ် မဲဆန္ဒနယ် | ညောင်လေးပင်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၄ | ဒိုက်ဦးမြို့နယ် မဲဆန္ဒနယ် | ဒိုက်ဦးမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၅ | ရွှေကျင်မြို့နယ် မဲဆန္ဒနယ် | ရွှေကျင်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၆ | တောင်ငူမြို့နယ် မဲဆန္ဒနယ် | တောင်ငူမြို့နယ် တစ်ခုလုံး။ | ၁ ဦး |
| ၇ | ထန်းတပင်မြို့နယ် မဲဆန္ဒနယ် | ထန်းတပင်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၈ | ဖြူးမြို့နယ် | ဖြူးမြို့နယ်တစ်ခုလုံး။ | ၁ ဦး |

စာမျက်နှာ ၂၀ သို့

စာမျက်နှာ ၁၉ မှအဆက်

| | | | |
|---|---|---|---|
| ၉ | ရေတာရှည်မြို့နယ် မဲဆန္ဒနယ် | ရေတာရှည်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၀ | အုတ်တွင်းမြို့နယ် မဲဆန္ဒနယ် | အုတ်တွင်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၁ | ဇီးကုန်းမြို့နယ် မဲဆန္ဒနယ် | ဇီးကုန်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၂ | နတ်တလင်းမြို့နယ် မဲဆန္ဒနယ် | နတ်တလင်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၃ | ပေါင်းတည်မြို့နယ် မဲဆန္ဒနယ် | ပေါင်းတည်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၄ | သဲကုန်းမြို့နယ် မဲဆန္ဒနယ် | သဲကုန်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၅ | ကဝမြို့နယ် မဲဆန္ဒနယ် | ကဝမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၆ | ပဲခူးမြို့နယ် မဲဆန္ဒနယ် | ပဲခူးမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၇ | ဝေါမြို့နယ် မဲဆန္ဒနယ် | ဝေါမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၈ | သနပ်ပင်မြို့နယ် မဲဆန္ဒနယ် | သနပ်ပင်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၉ | ပေါက်ခေါင်းမြို့နယ် မဲဆန္ဒနယ် | ပေါက်ခေါင်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၀ | ပန်းတောင်းမြို့နယ် မဲဆန္ဒနယ် | ပန်းတောင်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၁ | ပြည်မြို့နယ် မဲဆန္ဒနယ် | ပြည်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၂ | ရွှေတောင်မြို့နယ် မဲဆန္ဒနယ် | ရွှေတောင်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၃ | ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ် | ကြို့ပင်ကောက်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၄ | မိုးညိုမြို့နယ် မဲဆန္ဒနယ် | မိုးညိုမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၅ | မင်းလှမြို့နယ် မဲဆန္ဒနယ် | မင်းလှမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၆ | လက်ပံတန်းမြို့နယ် မဲဆန္ဒနယ် | လက်ပံတန်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၇ | သာယာဝတီမြို့နယ် မဲဆန္ဒနယ် | သာယာဝတီမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၈ | အုတ်ဖိုမြို့နယ် မဲဆန္ဒနယ် | အုတ်ဖိုမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| | **မကွေးတိုင်းဒေသကြီးလွှတ်တော်<br>(မဲအများဆုံးရသူအနိုင်ယူစနစ်)** | | |
| ၁ | ချောက်မြို့နယ် မဲဆန္ဒနယ် | ချောက်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂ | ရေနံချောင်းမြို့နယ် မဲဆန္ဒနယ် | ရေနံချောင်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၃ | ဂန့်ဂေါမြို့နယ် မဲဆန္ဒနယ် | ဂန့်ဂေါမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၄ | ဆောမြို့နယ် မဲဆန္ဒနယ် | ဆောမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၅ | ထီးလင်းမြို့နယ် မဲဆန္ဒနယ် | ထီးလင်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၆ | ဆိပ်ဖြူမြို့နယ် မဲဆန္ဒနယ် | ဆိပ်ဖြူမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၇ | ပခုက္ကူမြို့နယ် မဲဆန္ဒနယ် | ပခုက္ကူမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၈ | ပေါက်မြို့နယ် မဲဆန္ဒနယ် | ပေါက်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၉ | မြိုင်မြို့နယ် မဲဆန္ဒနယ် | မြိုင်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၀ | ရေစကြိုမြို့နယ် မဲဆန္ဒနယ် | ရေစကြိုမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၁ | တောင်တွင်းကြီးမြို့နယ် မဲဆန္ဒနယ် | တောင်တွင်းကြီးမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၂ | နတ်မောက်မြို့နယ် မဲဆန္ဒနယ် | နတ်မောက်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၃ | မကွေးမြို့နယ် မဲဆန္ဒနယ် | မကွေးမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၄ | မြို့သစ်မြို့နယ် မဲဆန္ဒနယ် | မြို့သစ်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၅ | ငဖဲမြို့နယ် မဲဆန္ဒနယ် | ငဖဲမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၆ | စလင်းမြို့နယ် မဲဆန္ဒနယ် | စလင်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၇ | စေတုတ္တရာမြို့နယ် မဲဆန္ဒနယ် | စေတုတ္တရာမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၈ | ပွင့်ဖြူမြို့နယ် မဲဆန္ဒနယ် | ပွင့်ဖြူမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၉ | မင်းဘူးမြို့နယ် မဲဆန္ဒနယ် | မင်းဘူးမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၀ | ကံမမြို့နယ် မဲဆန္ဒနယ် | ကံမမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၁ | မင်းတုန်းမြို့နယ် မဲဆန္ဒနယ် | မင်းတုန်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၂ | မင်းလှမြို့နယ် မဲဆန္ဒနယ် | မင်းလှမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၃ | သရက်မြို့နယ် မဲဆန္ဒနယ် | သရက်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၄ | ဆင်ပေါင်ဝဲမြို့နယ် မဲဆန္ဒနယ် | ဆင်ပေါင်ဝဲမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၅ | အောင်လံမြို့နယ် မဲဆန္ဒနယ် | အောင်လံမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| | **မန္တလေးတိုင်းဒေသကြီးလွှတ်တော်<br>(မဲအများဆုံးရသူအနိုင်ယူစနစ်)** | | |
| ၁ | ကျောက်ဆည်မြို့နယ် မဲဆန္ဒနယ် | ကျောက်ဆည်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂ | စဉ့်ကိုင်မြို့နယ် မဲဆန္ဒနယ် | စဉ့်ကိုင်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၃ | မြစ်သားမြို့နယ် မဲဆန္ဒနယ် | မြစ်သားမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၄ | ကျောက်ပန်းတောင်းမြို့နယ်မဲဆန္ဒနယ် | ကျောက်ပန်းတောင်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၅ | ညောင်ဦးမြို့နယ် မဲဆန္ဒနယ် | ညောင်ဦးမြို့နယ် တစ်ခုလုံး။ | ၁ ဦး |
| ၆ | ငါန်းဇွန်မြို့နယ် မဲဆန္ဒနယ် | ငါန်းဇွန်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၇ | တံတားဦးမြို့နယ် မဲဆန္ဒနယ် | တံတားဦးမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၈ | ပြင်ဦးလွင်မြို့နယ် မဲဆန္ဒနယ် | ပြင်ဦးလွင်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၉ | ချမ်းမြသာစည်မြို့နယ် မဲဆန္ဒနယ် | ချမ်းမြသာစည်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၀ | ချမ်းအေးသာစံမြို့နယ် မဲဆန္ဒနယ် | ချမ်းအေးသာစံမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၁ | ပြည်ကြီးတံခွန်မြို့နယ် မဲဆန္ဒနယ် | ပြည်ကြီးတံခွန်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၂ | မဟာအောင်မြေမြို့နယ်မဲဆန္ဒနယ် | မဟာအောင်မြေမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၃ | မလှိုင်မြို့နယ် မဲဆန္ဒနယ် | မလှိုင်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၄ | မိတ္ထီလာမြို့နယ် မဲဆန္ဒနယ် | မိတ္ထီလာမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၅ | ဝမ်းတွင်းမြို့နယ် မဲဆန္ဒနယ် | ဝမ်းတွင်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၆ | သာစည်မြို့နယ် မဲဆန္ဒနယ် | သာစည်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၇ | တောင်သာမြို့နယ် မဲဆန္ဒနယ် | တောင်သာမြို့နယ်တစ်ခုလုံး။ | ၁ ဦး |

| | | | |
|---|---|---|---|
| ၁၈ | နွားထိုးကြီးမြို့နယ် မဲဆန္ဒနယ် | နွားထိုးကြီးမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၉ | မြင်းခြံမြို့နယ် မဲဆန္ဒနယ် | မြင်းခြံမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၀ | ပျော်ဘွယ်မြို့နယ် မဲဆန္ဒနယ် | ပျော်ဘွယ်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၁ | ရမည်းသင်းမြို့နယ် မဲဆန္ဒနယ် | ရမည်းသင်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၂ | စဉ့်ကူးမြို့နယ် မဲဆန္ဒနယ် | စဉ့်ကူးမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၃ | မိုးကုတ်မြို့နယ် မဲဆန္ဒနယ် | မိုးကုတ်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၄ | သပိတ်ကျင်းမြို့နယ် မဲဆန္ဒနယ် | သပိတ်ကျင်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၅ | အမရပူရမြို့နယ် မဲဆန္ဒနယ် | အမရပူရမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၆ | ပုသိမ်ကြီးမြို့နယ် မဲဆန္ဒနယ် | ပုသိမ်ကြီးမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၇ | မတ္တရာမြို့နယ် မဲဆန္ဒနယ် | မတ္တရာမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၈ | အောင်မြေသာစံမြို့နယ်မဲဆန္ဒနယ် | အောင်မြေသာစံမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| | **မွန်ပြည်နယ်လွှတ်တော်<br>(မဲအများဆုံးရသူအနိုင်ယူစနစ်)** | | |
| ၁ | ကျိုက်ထိုမြို့နယ် မဲဆန္ဒနယ် | ကျိုက်ထိုမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂ | ဘီးလင်းမြို့နယ် မဲဆန္ဒနယ် | ဘီးလင်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၃ | ကျိုက်မရောမြို့နယ် မဲဆန္ဒနယ် | ကျိုက်မရောမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၄ | ချောင်းဆုံမြို့နယ် မဲဆန္ဒနယ် | ချောင်းဆုံမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၅ | မုဒုံမြို့နယ် မဲဆန္ဒနယ် | မုဒုံမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၆ | မော်လမြိုင်မြို့နယ် မဲဆန္ဒနယ် | မော်လမြိုင်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၇ | သံဖြူဇရပ်မြို့နယ် မဲဆန္ဒနယ် | သံဖြူဇရပ်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၈ | ရေးမြို့နယ် မဲဆန္ဒနယ် | ရေးမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၉ | ပေါင်မြို့နယ် မဲဆန္ဒနယ် | ပေါင်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၀ | သထုံမြို့နယ် မဲဆန္ဒနယ် | သထုံမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| | **ရခိုင်ပြည်နယ်လွှတ်တော်<br>(မဲအများဆုံးရသူအနိုင်ယူစနစ်)** | | |
| ၁ | ကျောက်ဖြူမြို့နယ် မဲဆန္ဒနယ် | ကျောက်ဖြူမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂ | ရမ်းဗြဲမြို့နယ် မဲဆန္ဒနယ် | ရမ်းဗြဲမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၃ | စစ်တွေမြို့နယ် မဲဆန္ဒနယ် | စစ်တွေမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၄ | ပေါက်တောမြို့နယ် မဲဆန္ဒနယ် | ပေါက်တောမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၅ | ပုဏ္ဏားကျွန်းမြို့နယ် မဲဆန္ဒနယ် | ပုဏ္ဏားကျွန်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၆ | ရသေ့တောင်မြို့နယ် မဲဆန္ဒနယ် | ရသေ့တောင်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၇ | တောင်ကုတ်မြို့နယ် မဲဆန္ဒနယ် | တောင်ကုတ်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၈ | မာန်အောင်မြို့နယ် မဲဆန္ဒနယ် | မာန်အောင်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၉ | ဘူးသီးတောင်မြို့နယ် မဲဆန္ဒနယ် | ဘူးသီးတောင်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၀ | မောင်တောမြို့နယ် မဲဆန္ဒနယ် | မောင်တောမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၁ | ကျောက်တော်မြို့နယ် မဲဆန္ဒနယ် | ကျောက်တော်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၂ | မင်းပြားမြို့နယ် မဲဆန္ဒနယ် | မင်းပြားမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၃ | မြေပုံမြို့နယ် မဲဆန္ဒနယ် | မြေပုံမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၄ | မြောက်ဦးမြို့နယ် မဲဆန္ဒနယ် | မြောက်ဦးမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၅ | ဂွမြို့နယ် မဲဆန္ဒနယ် | ဂွမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၆ | သံတွဲမြို့နယ် မဲဆန္ဒနယ် | သံတွဲမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၇ | အမ်းမြို့နယ် မဲဆန္ဒနယ် | အမ်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| | **ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်<br>(မဲအများဆုံးရသူအနိုင်ယူစနစ်)** | | |
| ၁ | ကမာရွတ်မြို့နယ် မဲဆန္ဒနယ် | ကမာရွတ်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂ | ဗဟန်းမြို့နယ် မဲဆန္ဒနယ် | ဗဟန်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၃ | ကျောက်တံတားမြို့နယ်မဲဆန္ဒနယ် | ကျောက်တံတားမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၄ | ဒဂုံမြို့နယ် မဲဆန္ဒနယ် | ဒဂုံမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၅ | ပန်းဘဲတန်းမြို့နယ် မဲဆန္ဒနယ် | ပန်းဘဲတန်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၆ | လသာမြို့နယ် မဲဆန္ဒနယ် | လသာမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၇ | လမ်းမတော်မြို့နယ် မဲဆန္ဒနယ် | လမ်းမတော်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၈ | တိုက်ကြီးမြို့နယ် မဲဆန္ဒနယ် | တိုက်ကြီးမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၉ | ကော့မှူးမြို့နယ် မဲဆန္ဒနယ် | ကော့မှူးမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၀ | ကွမ်းခြံကုန်းမြို့နယ် မဲဆန္ဒနယ် | ကွမ်းခြံကုန်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၁ | ဆိပ်ကြီး/ခနောင်တိုမြို့နယ်မဲဆန္ဒနယ် | ဆိပ်ကြီး/ခနောင်တိုမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၂ | တွံတေးမြို့နယ် မဲဆန္ဒနယ် | တွံတေးမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၃ | ဒလမြို့နယ် မဲဆန္ဒနယ် | ဒလမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၄ | ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်မဲဆန္ဒနယ် | ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၅ | ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်မဲဆန္ဒနယ် | ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၆ | ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်မဲဆန္ဒနယ် | ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၇ | ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်မဲဆန္ဒနယ် | ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၈ | ဒေါပုံမြို့နယ် မဲဆန္ဒနယ် | ဒေါပုံမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၉ | ပုဇွန်တောင်မြို့နယ် မဲဆန္ဒနယ် | ပုဇွန်တောင်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၀ | ဗိုလ်တထောင်မြို့နယ် မဲဆန္ဒနယ် | ဗိုလ်တထောင်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |

စာမျက်နှာ ၂၁ သို့

စာမျက်နှာ ၂၀ မှအဆက်

| | | | |
|---|---|---|---|
| ၂၁ | မင်္ဂလာတောင်ညွန့်မြို့နယ်မဲဆန္ဒနယ် | မင်္ဂလာတောင်ညွန့်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၂ | သာကေတမြို့နယ် မဲဆန္ဒနယ် | သာကေတမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၃ | မရမ်းကုန်းမြို့နယ် မဲဆန္ဒနယ် | မရမ်းကုန်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၄ | မြောက်ဥက္ကလာပမြို့နယ်မဲဆန္ဒနယ် | မြောက်ဥက္ကလာပမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၅ | လှိုင်မြို့နယ်မဲဆန္ဒနယ် | လှိုင်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၆ | မင်္ဂလာဒုံမြို့နယ်မဲဆန္ဒနယ် | မင်္ဂလာဒုံမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၇ | ရွှေပြည်သာမြို့နယ်မဲဆန္ဒနယ် | ရွှေပြည်သာမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၈ | ထန်းတပင်မြို့နယ်မဲဆန္ဒနယ် | ထန်းတပင်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၉ | မှော်ဘီမြို့နယ် မဲဆန္ဒနယ် | မှော်ဘီမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၃၀ | လှည်းကူးမြို့နယ် မဲဆန္ဒနယ် | လှည်းကူးမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၃၁ | တာမွေမြို့နယ် မဲဆန္ဒနယ် | တာမွေမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၃၂ | တောင်ဥက္ကလာပမြို့နယ်မဲဆန္ဒနယ် | တောင်ဥက္ကလာပမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၃၃ | ရန်ကင်းမြို့နယ် မဲဆန္ဒနယ် | ရန်ကင်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၃၄ | သင်္ဃန်းကျွန်းမြို့နယ် မဲဆန္ဒနယ် | သင်္ဃန်းကျွန်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၃၅ | ကိုကိုးကျွန်းမြို့နယ် မဲဆန္ဒနယ် | ကိုကိုးကျွန်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၃၆ | ကျောက်တန်းမြို့နယ် မဲဆန္ဒနယ် | ကျောက်တန်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၃၇ | ခရမ်းမြို့နယ် မဲဆန္ဒနယ် | ခရမ်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၃၈ | သန်လျင်မြို့နယ် မဲဆန္ဒနယ် | သန်လျင်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၃၉ | သုံးခွမြို့နယ် မဲဆန္ဒနယ် | သုံးခွမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၄၀ | ကြည့်မြင်တိုင်မြို့နယ် မဲဆန္ဒနယ် | ကြည့်မြင်တိုင်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၄၁ | စမ်းချောင်းမြို့နယ် မဲဆန္ဒနယ် | စမ်းချောင်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၄၂ | အလုံမြို့နယ် မဲဆန္ဒနယ် | အလုံမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၄၃ | လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် မဲဆန္ဒနယ် | လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၄၄ | လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် မဲဆန္ဒနယ် | လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၄၅ | အင်းစိန်မြို့နယ် မဲဆန္ဒနယ် | အင်းစိန်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| | **ရှမ်းပြည်နယ်လွှတ်တော် (မဲအများဆုံးရသူအနိုင်ယူစနစ်)** | | |
| ၁ | မက်မန်းမြို့နယ် မဲဆန္ဒနယ် | မက်မန်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂ | ပန်ဆန်း(ပန်ခမ်း)မြို့နယ်မဲဆန္ဒနယ် | ပန်ဆန်း(ပန်ခမ်း)မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၃ | နားဖန်းမြို့နယ် မဲဆန္ဒနယ် | နားဖန်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၄ | ဟိုပန်မြို့နယ် မဲဆန္ဒနယ် | ဟိုပန်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၅ | မိုင်းမောမြို့နယ် မဲဆန္ဒနယ် | မိုင်းမောမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၆ | ပန်ဝိုင်မြို့နယ် မဲဆန္ဒနယ် | ပန်ဝိုင်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၇ | ရွာငံမြို့နယ် မဲဆန္ဒနယ် | ရွာငံမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၈ | ပင်းတယမြို့နယ် မဲဆန္ဒနယ် | ပင်းတယမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၉ | ဟိုပုံးမြို့နယ် မဲဆန္ဒနယ် | ဟိုပုံးမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၀ | ဆီဆိုင်မြို့နယ် မဲဆန္ဒနယ် | ဆီဆိုင်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၁ | ပင်လောင်းမြို့နယ် မဲဆန္ဒနယ် | ပင်လောင်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၂ | နမ့်ဆန်မြို့နယ် မဲဆန္ဒနယ် | နမ့်ဆန်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၃ | မန်တုံမြို့နယ် မဲဆန္ဒနယ် | မန်တုံမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၄ | ကုန်းကြမ်းမြို့နယ် မဲဆန္ဒနယ် | ကုန်းကြမ်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၅ | လောက်ကိုင်မြို့နယ် မဲဆန္ဒနယ် | လောက်ကိုင်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၆ | ကလောမြို့နယ် မဲဆန္ဒနယ် | ကလောမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၇ | ညောင်ရွှေမြို့နယ် မဲဆန္ဒနယ် | ညောင်ရွှေမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၈ | ဖယ်ခုံမြို့နယ် မဲဆန္ဒနယ် | ဖယ်ခုံမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၉ | ကျောက်မဲမြို့နယ် မဲဆန္ဒနယ် | ကျောက်မဲမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၀ | သီပေါမြို့နယ် မဲဆန္ဒနယ် | သီပေါမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၁ | နောင်ချိုမြို့နယ် မဲဆန္ဒနယ် | နောင်ချိုမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၂ | နမ္မတူမြို့နယ် မဲဆန္ဒနယ် | နမ္မတူမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၃ | ကျိုင်းတုံမြို့နယ် မဲဆန္ဒနယ် | ကျိုင်းတုံမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၄ | မိုင်းခတ်မြို့နယ် မဲဆန္ဒနယ် | မိုင်းခတ်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၅ | မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ် | မိုင်းပျဉ်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၆ | ကွတ်ခိုင်မြို့နယ် မဲဆန္ဒနယ် | ကွတ်ခိုင်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၇ | တာချီလိတ်မြို့နယ် မဲဆန္ဒနယ် | တာချီလိတ်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၈ | မိုင်းဖြတ်မြို့နယ် မဲဆန္ဒနယ် | မိုင်းဖြတ်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၉ | တောင်ကြီးမြို့နယ် မဲဆန္ဒနယ် | တောင်ကြီးမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၃၀ | ရပ်စောက်မြို့နယ် မဲဆန္ဒနယ် | ရပ်စောက်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၃၁ | တန့်ယန်းမြို့နယ် မဲဆန္ဒနယ် | တန့်ယန်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၃၂ | မိုင်းရယ်မြို့နယ် မဲဆန္ဒနယ် | မိုင်းရယ်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၃၃ | ကွန်ဟိန်းမြို့နယ် မဲဆန္ဒနယ် | ကွန်ဟိန်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၃၄ | နမ့်စန်မြို့နယ် မဲဆန္ဒနယ် | နမ့်စန်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၃၅ | မိုးနဲမြို့နယ် မဲဆန္ဒနယ် | မိုးနဲမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၃၆ | နမ့်ခမ်းမြို့နယ် မဲဆန္ဒနယ် | နမ့်ခမ်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၃၇ | မူဆယ်မြို့နယ် မဲဆန္ဒနယ် | မူဆယ်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၃၈ | မဘိမ်းမြို့နယ် မဲဆန္ဒနယ် | မဘိမ်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၃၉ | မိုးမိတ်မြို့နယ် မဲဆန္ဒနယ် | မိုးမိတ်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၄၀ | မိုင်းဆတ်မြို့နယ် မဲဆန္ဒနယ် | မိုင်းဆတ်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၄၁ | မိုင်းတုံမြို့နယ် မဲဆန္ဒနယ် | မိုင်းတုံမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၄၂ | မိုင်းယောင်းမြို့နယ် မဲဆန္ဒနယ် | မိုင်းယောင်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၄၃ | မိုင်းယန်းမြို့နယ် မဲဆန္ဒနယ် | မိုင်းယန်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၄၄ | ကျေးသီးမြို့နယ် မဲဆန္ဒနယ် | ကျေးသီးမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၄၅ | မိုင်းရှူးမြို့နယ် မဲဆန္ဒနယ် | မိုင်းရှူးမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၄၆ | မိုင်းလားမြို့နယ် မဲဆန္ဒနယ် | မိုင်းလားမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၄၇ | ကွမ်းလုံမြို့နယ် မဲဆန္ဒနယ် | ကွမ်းလုံမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၄၈ | လားရှိုးမြို့နယ် မဲဆန္ဒနယ် | လားရှိုးမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၄၉ | သိန္နီမြို့နယ် မဲဆန္ဒနယ် | သိန္နီ မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၅၀ | မိုင်းပန်မြို့နယ် မဲဆန္ဒနယ် | မိုင်းပန်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၅၁ | မောက်မယ်မြို့နယ် မဲဆန္ဒနယ် | မောက်မယ်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၅၂ | လင်းခေးမြို့နယ် မဲဆန္ဒနယ် | လင်းခေးမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၅၃ | မိုင်းကိုင်မြို့နယ် မဲဆန္ဒနယ် | မိုင်းကိုင်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၅၄ | လဲချားမြို့နယ် မဲဆန္ဒနယ် | လဲချားမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၅၅ | လွိုင်လင်မြို့နယ် မဲဆန္ဒနယ် | လွိုင်လင်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| | **ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် (မဲအများဆုံးရသူအနိုင်ယူစနစ်)** | | |
| ၁ | ကျောင်းကုန်းမြို့နယ် မဲဆန္ဒနယ် | ကျောင်းကုန်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂ | ကျုံပျော်မြို့နယ် မဲဆန္ဒနယ် | ကျုံပျော်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၃ | ရေကြည်မြို့နယ် မဲဆန္ဒနယ် | ရေကြည်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၄ | ကန်ကြီးထောင့်မြို့နယ် မဲဆန္ဒနယ် | ကန်ကြီးထောင့်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၅ | ငပုတောမြို့နယ် မဲဆန္ဒနယ် | ငပုတောမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၆ | ပုသိမ်မြို့နယ် မဲဆန္ဒနယ် | ပုသိမ်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၇ | သာပေါင်းမြို့နယ် မဲဆန္ဒနယ် | သာပေါင်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၈ | ကျိုက်လတ်မြို့နယ် မဲဆန္ဒနယ် | ကျိုက်လတ်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၉ | ဒေးဒရဲမြို့နယ် မဲဆန္ဒနယ် | ဒေးဒရဲမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၀ | ဖျာပုံမြို့နယ် မဲဆန္ဒနယ် | ဖျာပုံမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၁ | ဘိုကလေးမြို့နယ် မဲဆန္ဒနယ် | ဘိုကလေးမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၂ | ညောင်တုန်းမြို့နယ် မဲဆန္ဒနယ် | ညောင်တုန်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၃ | ဓနုဖြူမြို့နယ် မဲဆန္ဒနယ် | ဓနုဖြူမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၄ | ပန်းတနော်မြို့နယ် မဲဆန္ဒနယ် | ပန်းတနော်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၅ | မအူပင်မြို့နယ် မဲဆန္ဒနယ် | မအူပင်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၆ | မြောင်းမြမြို့နယ် မဲဆန္ဒနယ် | မြောင်းမြမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၇ | ဝါးခယ်မမြို့နယ် မဲဆန္ဒနယ် | ဝါးခယ်မမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၈ | အိမ်မဲမြို့နယ် မဲဆန္ဒနယ် | အိမ်မဲမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၉ | ကြံခင်းမြို့နယ် မဲဆန္ဒနယ် | ကြံခင်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၀ | မြန်အောင်မြို့နယ် မဲဆန္ဒနယ် | မြန်အောင်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၁ | အင်္ဂပူမြို့နယ် မဲဆန္ဒနယ် | အင်္ဂပူမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၂ | မော်လမြိုင်ကျွန်းမြို့နယ်မဲဆန္ဒနယ် | မော်လမြိုင်ကျွန်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၃ | လပွတ္တာမြို့နယ် မဲဆန္ဒနယ် | လပွတ္တာမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၄ | ဇလွန်မြို့နယ် မဲဆန္ဒနယ် | ဇလွန်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၅ | လေးမျက်နှာမြို့နယ် မဲဆန္ဒနယ် | လေးမျက်နှာမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၆ | ဟင်္သာတမြို့နယ် မဲဆန္ဒနယ် | ဟင်္သာတမြို့နယ်တစ်ခုလုံး။ | ၁ ဦး |

စာမျက်နှာ ၂၂ သို့


## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန (https://www.mod.gov.mm)
၂။ ဥပဒေရေးရာဝန်ကြီးဌာန (https://www.mlis.gov.mm)
၃။ ပြန်ကြားရေးဝန်ကြီးဌာန (https://www.moi.gov.mm)
၄။ Myawady Webportal (https://myawady.net.mm)
၅။ Myanmar National Portal (https://myanmar.gov.mm)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

စာမျက်နှာ ၂၁ မှအဆက်

ပူးတွဲ

**၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် သတ်မှတ်ထားသည့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်များ**

| စဉ် | မဲဆန္ဒနယ် | မဲဆန္ဒနယ်တွင်ပါဝင်သည့် နယ်မြေများ | ရွေးကောက်တင်မြှောက်ရမည့် လွှတ်တော်ကိုယ်စားလှယ် အရေအတွက် |
|---|---|---|---|
| | **ကချင်ပြည်နယ်လွှတ်တော် (အချိုးကျကိုယ်စားပြုစနစ်)** | | |
| ၁ | မဲဆန္ဒနယ်အမှတ် ( ၁ ) | ပူတာအိုခရိုင်တစ်ခုလုံး။<br>ချီဖွေခရိုင်တစ်ခုလုံး။<br>တနိုင်းခရိုင်တစ်ခုလုံး။<br>ဝိုင်းမော်မြို့နယ်။ | ၉ ဦး |
| ၂ | မဲဆန္ဒနယ်အမှတ် ( ၂ ) | ဗန်းမော်ခရိုင်တစ်ခုလုံး။<br>မိုးညှင်းခရိုင်တစ်ခုလုံး။<br>မြစ်ကြီးနားမြို့နယ်။<br>အင်ဂျန်းယန်မြို့နယ်။ | ၉ ဦး |
| | **ကယားပြည်နယ်လွှတ်တော် (အချိုးကျကိုယ်စားပြုစနစ်)** | | |
| ၃ | မဲဆန္ဒနယ်အမှတ် ( ၁ ) | ကယားပြည်နယ်တစ်ခုလုံး။ | ၇ ဦး |
| | **ကရင်ပြည်နယ်လွှတ်တော် (အချိုးကျကိုယ်စားပြုစနစ်)** | | |
| ၄ | မဲဆန္ဒနယ်အမှတ် ( ၁ ) | ကရင်ပြည်နယ်တစ်ခုလုံး။ | ၇ ဦး |
| | **ချင်းပြည်နယ်လွှတ်တော် (အချိုးကျကိုယ်စားပြုစနစ်)** | | |
| ၅ | မဲဆန္ဒနယ်အမှတ် ( ၁ ) | ချင်းပြည်နယ်တစ်ခုလုံး။ | ၉ ဦး |
| | **စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် (အချိုးကျကိုယ်စားပြုစနစ်)** | | |
| ၆ | မဲဆန္ဒနယ်အမှတ် ( ၁ ) | နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ။<br>ခန္တီးခရိုင်တစ်ခုလုံး။<br>မော်လိုက်ခရိုင်တစ်ခုလုံး။<br>တမူးခရိုင်တစ်ခုလုံး။<br>ကလေးခရိုင်တစ်ခုလုံး။<br>ဟုမ္မလင်းခရိုင်တစ်ခုလုံး။ | ၁၁ ဦး |
| ၇ | မဲဆန္ဒနယ်အမှတ် ( ၂ ) | ယင်းမာပင်ခရိုင်တစ်ခုလုံး။<br>မုံရွာခရိုင်တစ်ခုလုံး။<br>စစ်ကိုင်းခရိုင်တစ်ခုလုံး။<br>ရွှေဘိုခရိုင်တစ်ခုလုံး။<br>ရေဦးခရိုင်တစ်ခုလုံး။ | ၁၇ ဦး |
| ၈ | မဲဆန္ဒနယ်အမှတ် ( ၃ ) | ကသာခရိုင်တစ်ခုလုံး။<br>ကောလင်းခရိုင်တစ်ခုလုံး။<br>ကန့်ဘလူခရိုင်တစ်ခုလုံး။ | ၉ ဦး |
| | **တနင်္သာရီတိုင်းဒေသကြီး လွှတ်တော် (အချိုးကျကိုယ်စားပြုစနစ်)** | | |
| ၉ | မဲဆန္ဒနယ်အမှတ် ( ၁ ) | တနင်္သာရီတိုင်းဒေသကြီး တစ်ခုလုံး။ | ၁၀ ဦး |
| | **ပဲခူးတိုင်းဒေသကြီးလွှတ်တော် (အချိုးကျကိုယ်စားပြုစနစ်)** | | |
| ၁၀ | မဲဆန္ဒနယ်အမှတ် ( ၁ ) | တောင်ငူခရိုင်တစ်ခုလုံး။ | ၅ ဦး |
| ၁၁ | မဲဆန္ဒနယ်အမှတ် ( ၂ ) | သာယာဝတီခရိုင်တစ်ခုလုံး။ | ၆ ဦး |
| ၁၂ | မဲဆန္ဒနယ်အမှတ် ( ၃ ) | ညောင်လေးပင်ခရိုင်တစ်ခုလုံး။ | ၅ ဦး |
| ၁၃ | မဲဆန္ဒနယ်အမှတ် ( ၄ ) | ပဲခူးခရိုင်တစ်ခုလုံး။ | ၄ ဦး |
| ၁၄ | မဲဆန္ဒနယ်အမှတ် ( ၅ ) | နတ်တလင်းခရိုင်တစ်ခုလုံး။<br>ပြည်ခရိုင်တစ်ခုလုံး။ | ၈ ဦး |
| | **မကွေးတိုင်းဒေသကြီးလွှတ်တော် (အချိုးကျကိုယ်စားပြုစနစ်)** | | |
| ၁၅ | မဲဆန္ဒနယ်အမှတ် ( ၁ ) | ဂန့်ဂေါခရိုင်တစ်ခုလုံး။<br>ပခုက္ကူခရိုင်တစ်ခုလုံး။<br>ချောက်ခရိုင်တစ်ခုလုံး။ | ၁၀ ဦး |
| ၁၆ | မဲဆန္ဒနယ်အမှတ် ( ၂ ) | မင်းဘူးခရိုင်တစ်ခုလုံး။ | ၅ ဦး |
| ၁၇ | မဲဆန္ဒနယ်အမှတ် ( ၃ ) | မကွေးခရိုင်တစ်ခုလုံး။ | ၄ ဦး |
| ၁၈ | မဲဆန္ဒနယ်အမှတ် ( ၄ ) | သရက်ခရိုင်တစ်ခုလုံး။<br>အောင်လံခရိုင်တစ်ခုလုံး။ | ၆ ဦး |
| | **မန္တလေးတိုင်းဒေသကြီးလွှတ်တော် (အချိုးကျကိုယ်စားပြုစနစ်)** | | |
| ၁၉ | မဲဆန္ဒနယ်အမှတ် ( ၁ ) | ညောင်ဦးခရိုင်တစ်ခုလုံး။<br>မြင်းခြံခရိုင်တစ်ခုလုံး။ | ၅ ဦး |
| ၂၀ | မဲဆန္ဒနယ်အမှတ် ( ၂ ) | မိတ္ထီလာခရိုင်တစ်ခုလုံး။<br>ရမည်းသင်းခရိုင်တစ်ခုလုံး။ | ၆ ဦး |
| ၂၁ | မဲဆန္ဒနယ်အမှတ် ( ၃ ) | ကျောက်ဆည်ခရိုင်တစ်ခုလုံး။<br>တံတားဦးခရိုင်တစ်ခုလုံး။ | ၅ ဦး |
| ၂၂ | မဲဆန္ဒနယ်အမှတ် ( ၄ ) | ပြင်ဦးလွင်ခရိုင်တစ်ခုလုံး။<br>သပိတ်ကျင်းခရိုင်တစ်ခုလုံး။<br>အောင်မြေသာစံခရိုင်တစ်ခုလုံး။ | ၇ ဦး |
| ၂၃ | မဲဆန္ဒနယ်အမှတ် ( ၅ ) | မဟာအောင်မြေခရိုင်တစ်ခုလုံး။<br>အမရပူရခရိုင်တစ်ခုလုံး။ | ၅ ဦး |
| | **မွန်ပြည်နယ်လွှတ်တော် (အချိုးကျကိုယ်စားပြုစနစ်)** | | |
| ၂၄ | မဲဆန္ဒနယ်အမှတ် ( ၁ ) | မွန်ပြည်နယ်တစ်ခုလုံး။ | ၁၀ ဦး |
| | **ရခိုင်ပြည်နယ်လွှတ်တော် (အချိုးကျကိုယ်စားပြုစနစ်)** | | |
| ၂၅ | မဲဆန္ဒနယ်အမှတ် ( ၁ ) | စစ်တွေခရိုင်တစ်ခုလုံး။<br>မောင်တောခရိုင်တစ်ခုလုံး။<br>မြောက်ဦးခရိုင်တစ်ခုလုံး။ | ၁၀ ဦး |
| ၂၆ | မဲဆန္ဒနယ်အမှတ် ( ၂ ) | ကျောက်ဖြူခရိုင်တစ်ခုလုံး။<br>တောင်ကုတ်ခရိုင်တစ်ခုလုံး။<br>သံတွဲခရိုင်တစ်ခုလုံး။<br>အမ်းခရိုင်တစ်ခုလုံး။ | ၇ ဦး |
| | **ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် (အချိုးကျကိုယ်စားပြုစနစ်)** | | |
| ၂၇ | မဲဆန္ဒနယ်အမှတ် ( ၁ ) | ကျောက်တံတားခရိုင်တစ်ခုလုံး။<br>မရမ်းကုန်းခရိုင်တစ်ခုလုံး။<br>ကမာရွတ်ခရိုင်တစ်ခုလုံး။<br>အလုံခရိုင်တစ်ခုလုံး။ | ၁၃ ဦး |
| ၂၈ | မဲဆန္ဒနယ်အမှတ် ( ၂ ) | ဒဂုံမြို့သစ်ခရိုင်တစ်ခုလုံး။<br>သဃ်္ဃန်းကျွန်းခရိုင်တစ်ခုလုံး။ | ၈ ဦး |
| ၂၉ | မဲဆန္ဒနယ်အမှတ် ( ၃ ) | တွံတေးခရိုင်တစ်ခုလုံး။<br>အင်းစိန်ခရိုင်တစ်ခုလုံး။ | ၈ ဦး |
| ၃၀ | မဲဆန္ဒနယ်အမှတ် ( ၄ ) | သန်လျင်ခရိုင်တစ်ခုလုံး။<br>ဗိုလ်တထောင်ခရိုင်တစ်ခုလုံး။ | ၁၀ ဦး |
| ၃၁ | မဲဆန္ဒနယ်အမှတ် ( ၅ ) | တိုက်ကြီးခရိုင်တစ်ခုလုံး။<br>မှော်ဘီခရိုင်တစ်ခုလုံး။ | ၃ ဦး |
| ၃၂ | မဲဆန္ဒနယ်အမှတ် ( ၆ ) | လှည်းကူးခရိုင်တစ်ခုလုံး။<br>မင်္ဂလာဒုံခရိုင်တစ်ခုလုံး။ | ၃ ဦး |
| | **ရှမ်းပြည်နယ်လွှတ်တော် (အချိုးကျကိုယ်စားပြုစနစ်)** | | |
| ၃၃ | မဲဆန္ဒနယ်အမှတ် ( ၁ ) | ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ။<br>ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ။<br>ကလောခရိုင်တစ်ခုလုံး။<br>တောင်ကြီးခရိုင်တစ်ခုလုံး။<br>လင်းခေးခရိုင်တစ်ခုလုံး။ | ၁၃ ဦး |
| ၃၄ | မဲဆန္ဒနယ်အမှတ် ( ၂ ) | နမ့်စန်ခရိုင်တစ်ခုလုံး။<br>မိုင်းရှူးခရိုင်တစ်ခုလုံး။<br>လွိုင်လင်ခရိုင်တစ်ခုလုံး။ | ၈ ဦး |
| ၃၅ | မဲဆန္ဒနယ်အမှတ် ( ၃ ) | ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ။<br>ကျောက်မဲခရိုင်တစ်ခုလုံး။<br>တန့်ယန်းခရိုင်တစ်ခုလုံး။<br>မိုးမိတ်ခရိုင်တစ်ခုလုံး။ | ၁၀ ဦး |
| ၃၆ | မဲဆန္ဒနယ်အမှတ် ( ၄ ) | ကျိုင်းတုံခရိုင်တစ်ခုလုံး။<br>မိုင်းဆတ်ခရိုင်တစ်ခုလုံး။<br>မိုင်းတုံခရိုင်တစ်ခုလုံး။ | ၅ ဦး |

စာမျက်နှာ ၂၃ သို့

# တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ်များ သတ်မှတ်ကြေညာ

*(ယမန်နေ့မှအဆက်)*

ပူးတွဲ

**၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် သတ်မှတ်ထားသည့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ်များ**

| စဉ် | မဲဆန္ဒနယ် | တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုး မဲဆန္ဒနယ်တွင်ပါဝင်သည့် နယ်မြေများစာရင်း |
|---|---|---|
| | **ကချင်ပြည်နယ်လွှတ်တော်** | |
| ၁ | ဗမာတိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် | ကချင်ပြည်နယ် တစ်ခုလုံး။ |
| ၂ | ရှမ်းတိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် | ကချင်ပြည်နယ် တစ်ခုလုံး။ |
| ၃ | လီဆူးတိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် | ကချင်ပြည်နယ် တစ်ခုလုံး။ |
| ၄ | ရဝမ်တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် | ကချင်ပြည်နယ် တစ်ခုလုံး။ |
| | **ကယားပြည်နယ်လွှတ်တော်** | |
| ၁ | ဗမာတိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် | ကယားပြည်နယ် တစ်ခုလုံး။ |
| | **ကရင်ပြည်နယ်လွှတ်တော်** | |
| ၁ | ဗမာတိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် | ကရင်ပြည်နယ် တစ်ခုလုံး။ |
| ၂ | မွန်တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် | ကရင်ပြည်နယ် တစ်ခုလုံး။ |
| ၃ | ပအိုဝ်းတိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် | ကရင်ပြည်နယ် တစ်ခုလုံး။ |
| | **စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်** | |
| ၁ | ရှမ်းတိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် | စစ်ကိုင်းတိုင်းဒေသကြီး တစ်ခုလုံး။ |
| ၂ | ချင်းတိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် | စစ်ကိုင်းတိုင်းဒေသကြီး တစ်ခုလုံး။ |
| | **တနင်္သာရီတိုင်းဒေသကြီးလွှတ်တော်** | |
| ၁ | ကရင်တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် | တနင်္သာရီတိုင်းဒေသကြီး တစ်ခုလုံး။ |
| | **ပဲခူးတိုင်းဒေသကြီးလွှတ်တော်** | |
| ၁ | ကရင်တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် | ပဲခူးတိုင်းဒေသကြီး တစ်ခုလုံး။ |
| | **မကွေးတိုင်းဒေသကြီးလွှတ်တော်** | |
| ၁ | ချင်းတိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် | မကွေးတိုင်းဒေသကြီး တစ်ခုလုံး။ |
| | **မန္တလေးတိုင်းဒေသကြီးလွှတ်တော်** | |
| ၁ | ရှမ်းတိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် | မန္တလေးတိုင်းဒေသကြီး တစ်ခုလုံး။ |
| | **မွန်ပြည်နယ်လွှတ်တော်** | |
| ၁ | ဗမာတိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် | မွန်ပြည်နယ် တစ်ခုလုံး။ |
| ၂ | ကရင်တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် | မွန်ပြည်နယ် တစ်ခုလုံး။ |
| ၃ | ပအိုဝ်းတိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် | မွန်ပြည်နယ် တစ်ခုလုံး။ |
| | **ရခိုင်ပြည်နယ်လွှတ်တော်** | |
| ၁ | ချင်းတိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် | ရခိုင်ပြည်နယ် တစ်ခုလုံး။ |
| | **ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်** | |
| ၁ | ကရင်တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် | ရန်ကုန်တိုင်းဒေသကြီး တစ်ခုလုံး။ |
| ၂ | ရခိုင်တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် | ရန်ကုန်တိုင်းဒေသကြီး တစ်ခုလုံး။ |
| | **ရှမ်းပြည်နယ်လွှတ်တော်** | |
| ၁ | ဗမာတိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် | ရှမ်းပြည်နယ် တစ်ခုလုံး။ |
| ၂ | ကချင်တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် | ရှမ်းပြည်နယ် တစ်ခုလုံး။ |
| ၃ | လီဆူးတိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် | ရှမ်းပြည်နယ် တစ်ခုလုံး။ |
| ၄ | လားဟူတိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် | ရှမ်းပြည်နယ် တစ်ခုလုံး။ |
| ၅ | အင်းသားတိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် | ရှမ်းပြည်နယ် တစ်ခုလုံး။ |
| ၆ | အာခါတိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် | ရှမ်းပြည်နယ် တစ်ခုလုံး။ |
| ၇ | ကယန်း(ခ)ပဒေါင်တိုင်းရင်းသားလူမျိုး မဲဆန္ဒနယ် | ရှမ်းပြည်နယ် တစ်ခုလုံး။ |
| | **ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်** | |
| ၁ | ကရင်တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် | ဧရာဝတီတိုင်းဒေသကြီး တစ်ခုလုံး။ |
| ၂ | ရခိုင်တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် | ဧရာဝတီတိုင်းဒေသကြီး တစ်ခုလုံး။ |

စာမျက်နှာ ၂၂ မှအဆက်

| စဉ် | မဲဆန္ဒနယ် | မဲဆန္ဒနယ်တွင်ပါဝင်သည့် နယ်မြေများ | ရွေးကောက်တင်မြှောက်ရမည့် လွှတ်တော်ကိုယ်စားလှယ် အရေအတွက် |
|---|---|---|---|
| ၃၇ | မဲဆန္ဒနယ်အမှတ် ( ၅ ) | မိုင်းယောင်းခရိုင်တစ်ခုလုံး။ မိုင်းယန်းခရိုင်တစ်ခုလုံး။ မိုင်းလားခရိုင်တစ်ခုလုံး။ တာချီလိတ်ခရိုင်တစ်ခုလုံး။ | ၅ ဦး |
| ၃၈ | မဲဆန္ဒနယ်အမှတ် ( ၆ ) | 'ဝ'ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း။ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ။ | ၁၄ ဦး |
| | | ကွတ်ခိုင်ခရိုင်တစ်ခုလုံး။ မူဆယ်ခရိုင်တစ်ခုလုံး။ လားရှိုးခရိုင်တစ်ခုလုံး။ | |
| | **ဧရာဝတီတိုင်းဒေသကြီး (အချိုးကျကိုယ်စားပြုစနစ်)** | | |
| ၃၉ | မဲဆန္ဒနယ်အမှတ် ( ၁ ) | မြောင်းမြခရိုင်တစ်ခုလုံး။ လပွတ္တာခရိုင်တစ်ခုလုံး။ ဖျာပုံခရိုင်တစ်ခုလုံး။ | ၉ ဦး |
| ၄၀ | မဲဆန္ဒနယ်အမှတ် ( ၂ ) | ပုသိမ်ခရိုင်တစ်ခုလုံး။ | ၄ ဦး |
| ၄၁ | မဲဆန္ဒနယ်အမှတ် ( ၃ ) | ကျုံပျော်ခရိုင်တစ်ခုလုံး။ မအူပင်ခရိုင်တစ်ခုလုံး။ | ၇ ဦး |
| ၄၂ | မဲဆန္ဒနယ်အမှတ် ( ၄ ) | မြန်အောင်ခရိုင်တစ်ခုလုံး။ ဟင်္သာတခရိုင်တစ်ခုလုံး။ | ၆ ဦး |

☆ **ကျောက်ဖုံးမှအဆက်**

အလားတူ ရန်ကုန်တိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မင်္ဂလာဒုံမြို့နယ် အောင်မင်္ဂလာ အဝေးပြေးကွင်း စိန်ရတနာကားဂိတ်အနီး၌ မော်တော်ယာဉ် နှစ်စီးပေါ်မှ တရားမဝင်ကျွန်းသစ် ၁ ဒသမ ၆၁ဝ တန် ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၂ဝ၈၉၇၆ နှင့် အဆိုပါသစ်များ တင်ဆောင်လာသည့် Mitsubishi Canter Truck တစ်စီးနှင့် King Long Truck တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅ဝဝဝဝဝဝ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၇၂ဝ၈၉၇၆ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဩဂုတ် ၁၄ ရက်တွင် တောင်ငူခရိုင်အတွင်း၌ တရားမဝင်ကျွန်းသစ် ၂ ဒသမ ၈၃၉ တန် သစ်မာ ၁ ဒသမ ၅၉၈ တန် ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၉၈၇၉၇၆ ကို သစ်တောဥပဒေအရလည်းကောင်း၊ ဩဂုတ် ၁၅ ရက်တွင် ညောင်ခါးရှည် အမြဲတမ်းစစ်ဆေးရေးစခန်း၌ မော်တော်ယာဉ် နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း သုံးမျိုး၊ လူသုံးကုန်ပစ္စည်း သုံးမျိုး၊ လုပ်ငန်းသုံးပစ္စည်း တစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၈၅၄ဝဝဝ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Sung Long Bus တစ်စီး၊ Zhong Tong Bus တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄ဝဝဝဝဝဝဝ ကို အကောက်ခွန် လုပ်ထုံးလုပ်နည်းများအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၆၃၈၄၁၉၇၆ ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

အလားတူ ဩဂုတ် ၁၅ ရက်တွင် ကရင်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘားအံမြို့နယ် သာယာကုန်းကျေးရွာအနီး၌ မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၆၈ မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၇၂၅၃ဝ၂ဝဝဝ နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Nissan Diesel Truck တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅ဝဝဝဝဝဝ စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၇၆ဝ၃ဝ၂ဝဝဝ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဩဂုတ် ၁၅ ရက်တွင် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖမ်းဆီးရမိမှုစာရင်းများအရ လိုင်စင်မဲ့ မော်တော်ယာဉ် ငါးစီးနှင့် လိုင်စင်မဲ့ မော်တော်ဆိုင်ကယ် ၃၅ စီး ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဩဂုတ် ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်း အမှုတွဲ ၁၇ မှုမှ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၁၆ဝ၄၉၆၅၂ ကို ဖမ်းဆီးရမိခဲ့သည်။ နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရာတွင် တရားမဝင် ကုန်သွယ်မှုများသည် အဓိက အဟန့်အတားဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ် များစွာဆိုးကျိုးသက်ရောက်ခြင်းကြောင့် တရားမဝင် ကုန်သွယ်မှုများကို သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

❖ **စိတ်ကြွရူးသွပ်ဆေးပြားများမှ**

၎င်းတို့ လေးဦး သယ်ဆောင်လာသည့် စိတ်ကြွရူးသွပ် ဆေးပြား ၁၄ သိန်း (တစ်ပြားလျှင် ငွေကျပ် ၄ဝဝ နှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ် သိန်း ၅၆ဝဝ) ကို ဖမ်းဆီးရမိခဲ့သည်။

ထို့အတူ ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၁၅ ရက် နံနက် ၉ နာရီခွဲတွင် သတင်းအရ ဘားအံမြို့နယ် ဇွဲကပင်တံတားအနီးတွင် ဘားအံမြို့နယ် ကျားကလေးကျေးရွာဘက်မှ မော်လမြိုင်မြို့ဘက်သို့ အေးဝင်းမောင်းနှင်လာသောဆိုင်ကယ်ကို စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆ဝဝဝ (တစ်ပြားလျှင်ငွေကျပ် ၃ဝဝဝ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် သိန်း ၁၈ဝ)ကို ဖမ်းဆီးရမိခဲ့သည်။

အလားတူ ပူးပေါင်းအဖွဲ့သည် ညနေ ၅ နာရီတွင် ကျိုင်းတုံမြို့ ရပ်ကွက်(၁) ဝေါ်နိမ့်ကျေးရွာ အထွက်လမ်းပေါ်တွင် ဝေါ်နိမ့်ကျေးရွာအတွင်းမှ လမ်းလျှောက်ထွက်လာသူ အောင်ကျော်ထွန်း(ခ) မော်ချူး(ခ)အားချာအား စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃ဝဝဝ (တစ်ပြားလျှင် ငွေကျပ် ၇ဝဝ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၂၁ သိန်း)ကို ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။ **(သတင်းစဉ်)**

ဝတ္ထုတိုကဏ္ဍ

# စေတနာလက်ဖဝါးနှင့်မိုးထားသည့်ကောင်းကင်

## မောင်ခြိမ့်



ဩဂုတ် ၁၅ ရက်မှ အဆက်

ထိုရွာကလေးတွေဆီမှ ကျောင်းလာတတ်ရသည့် ကျောင်းသူ၊ ကျောင်းသားကလေးများ သွားရလာရ အဆင်ပြေစေရန် ရွာအားလုံး၏ အလယ်လောက်တွင် ကျောင်းကလေးဆောက်ထားခြင်းဖြစ်ကြောင်း နောက်မှသိရပါလေသည်။

မိုးများလျှင် ရေဝင်သည့်ဒေသပေမို့ ခြေတန်ရှည်ကလေးနှင့်ဖြစ်၏။ ကျောင်းဝန်းကျင်တစ်ခွင်တွင် ကျယ်ပြန့်သောလယ်ပြင်ကြီးက ပတ်ချာဝိုင်း၍နေသဖြင့် တိုးတိုက်ဖြတ်သန်းလာသော လေပြည်ထဲတွင် ကောက်ပင်ရနံ့တို့ လတ်ဆတ်စွာ စီးမျောပါနေကြသည်။ ကျောင်းရှေ့ခပ်လှမ်းလှမ်းတွင် ကြာပင်တောကြီးရှိသည်။ တချို့နီ၊ တချို့ဖြူ၊ တချို့က ပြာတာတာနှင့် ရေပြင်ပေါ်တွင် ကြာငုံ၊ ကြာဖူး၊ ကြာပန်းကလေးတွေ လန်းစွင့်ဖူးပွင့်လို့နေတာတွေ၊ လယ်ကန်သင်းဘေးတစ်လျှောက် ကောက်လန်းတီပန်းပွင့်ကလေးတွေ၊ ချစ်စရာကန်စွန်းပွင့်ကလေးတွေကို ကြည့်မောရင်း၊ တစ်ခါတစ်ခါတော့ ခင်မတစ်ယောက် လွမ်းသလိုလိုကြီးဖြစ်နေမိတတ်သည်။

လယ်ကွင်းပြင်တစ်ခိုမှာ မုတ်သုံမိုးတွေ ညို့လာပြီဆိုလျှင်ဖြင့် တအုန်းအုန်း တဖြုန်းဖြုန်းနှင့် အဆက်မပြတ်ရွာချတတ်သည့် အောက်မိုးအောက်လေတွေကို အစကတော့ ခင်မတစ်ယောက် ကြောက်နေမိသော်လည်း အခုတော့ ယဉ်ပါးနေခဲ့ပြီ။

တံငါရွာကလေးပေမို့ ငါးပိနံ့၊ ငါးခြောက်နံ့၊ ငါးညှီနံ့တွေ တထောင်းထောင်းထနေတတ်သည့်အတွက် ရေမွှေးဆွတ် လက်ကိုင်ပဝါလေးကို နှာခေါင်းမှာအုပ်၍ အသက်ကိုမျှဉ်းကာ ရှူတတ်သော ခင်မတစ်ယောက် အခုတော့ အသားကျသွားခဲ့ပြီ။

မကြာမကြာလာတတ်သော ဆရာလေးကိုလည်း ချောကျိကျိ အုန်းတုံးတံတားထိပ်ထိဆင်းကာ မျှော်နေတတ်ပြီ။

(၅)

ဆရာမလေးခင်မ၏ စာသင်ခန်းနံရံတွင် ချိတ်ဆွဲထားနေကျ ပြက္ခဒိန်တောင် သုံးခုပြောင်းခဲ့ပြီ။ သုံးနှစ်ဆိုသော အချိန်ကာလသည် အခြားသူတွေအတွက် ကြာညောင်းသောကာလ ဖြစ်ချင်ဖြစ်နိုင်သော်လည်း ခင်မအတွက်တော့ စာများအားပါးတရသင်ရင်း ကျောင်းသူ၊ ကျောင်းသားကလေးများ၏ အခက်အခဲများ၊ ကျောင်းသားမိဘများ၏ လူမှုရေးများ၊ ရပ်ရေးရွာရေးများကြားတွင် တက်ကြွပျော်ရွှင်စွာ ပါဝင်ဆောင်ရွက်ရင်း ဖြတ်သန်းကျော်လွှားခဲ့ရသည်ဖြစ်၍ ကုန်လွန်ခဲ့မှန်းပင် သတိမထားမိခဲ့ပေ။

တွယ်တာစရာဆို၍ ဘာမျှမည်မည်ရရမရှိသော ခင်မတစ်ယောက် ကျောင်းရှေ့ကွင်းစပ်တွင် မတ်မတ်ကလေးရပ်ရင်း အကန့်အကန့် အကွက်အကွက် လယ်ကန်သင်းတွေနှင့် တန်ဆာဆင်ထားသော လယ်ပြင်ကျယ်ကြီးနှင့် ဟိုး ... ခပ်ဝေးဝေးတစ်နေရာတွင် ပြာလွင်လွင်မိုးကုပ်စက်ဝိုင်းတို့ ထိစပ်နေသည့်နေရာဆီ ငေးရင်း တစ်ခါတစ်ခါမှာတော့ မန္တလေးအနောက်ပြင်မှာ သူငယ်စဉ်ကတည်းက နေထိုင်ခဲ့သည့် အိမ်ကြီးကိုလည်းကောင်း၊ သူငယ်ချင်းတစ်စုနှင့် စက်ဘီးတွေကိုယ်စီနင်းပြီး မြောက်ပြင်ဘက်ဆီသွား။ မြောက်ဘက် ကျုံးပတ်လမ်းတစ်လျှောက် ပျော်ရွှင်စွာဖြတ်သန်းပြီး တောင်ခြေနားက သုဓမ္မာဇရပ်တန်းမှာ တစ်ထောက်နားကြ၊ ပြီးတော့ မန္တလေးတောင်ကြီးဆီ မမောစတမ်း ပြေးတက်ကြ၊ မြေကြီးနှစ်ကောင်နားကနေ ဟိုး ... ခပ်ဝေးဝေး ရေညိုညိုတွေ ရစ်ခွေစီးဆင်းနေသည့် စစ်ကိုင်းတောင်ထိပ်က ဘုရားစေတီတွေကို လှမ်းမျှော်ငေးမောရင်း "ဇေယျာကမ်းအလှပန်းချီ"တို့ "စစ်ကိုင်းတောင်"သီချင်းတို့ကို သံပြိုင်သီဆိုပျော်မြူးခဲ့ရပုံတွေကိုလည်းကောင်း၊ သတိရလွမ်းဆွတ်မိခဲ့ရသော်လည်း။

ခင်မဘွဲ့ရပြီးနောက်တစ်နှစ်မှာပင် အဖေနှင့် အမေ ပြင်ဦးလွင်အဆင်းတွင် ကားမှောက်ဆုံးသွားခဲ့ရသည်။ ထုပ်ထုပ်ထည်ထည် အတွင်းပစ္စည်းများနှင့် တစ်ဦးတည်းသောသမီးကလေး ခင်မ အားငယ်ညှိုးနွမ်းနေရချိန်တွင် ဆွေမျိုးသံယောဇဉ်ကို အကြောင်းပြပြီး ပစ္စည်းရောလူပါ အပိုင်စီးချင်ကြသည့် ဆွေမျိုးနီးစပ် အဒေါ်ဝမ်းကွဲ၊ ဦးလေးဝမ်းကွဲ၊ မောင်၊ ညီမဝမ်းကွဲတွေကို ရွံ့လည်းရွံ့ ကြောက်လည်းကြောက်လှသဖြင့်-

ပစ္စည်းတွေကိုထုခွဲကာ ဘဏ်မှာအပ်ပြီး အိမ်ကြီးပေါ်လူငှားတွေ အမြန်တင်ကာ သူငယ်စဉ်ကတည်းက ဝါသနာပါလှသည့် ဆရာမဘဝကို ရဲရဲကြီးလျှောက်လှမ်းခဲ့သည်ဖြစ်၍ အတိတ်ဆိုတာကြီးက ပြန်လည်တွေး၍ ဆွေးချင်စရာတော့ ကောင်းလှသည် မဟုတ်ပေ။

(၆)

တစ်လလျှင်တစ်ခါက် မြို့ကလေးဆီ လစာထုတ်သွားရင်း တစ်မြို့နယ်ထဲမှ လုပ်ဖော်ကိုင်ဖက်တွေ တဖြည်းဖြည်းနည်းလာသည်ကို မြင်နေကြားနေရသည်။

တချို့လည်း မြို့ကြီးပြကြီးတွေဆီ တချို့လည်း မိမိတို့မွေးရပ်မြေဆီ ရေကြည်ရာမြက်နုရာ အဆင်ပြေရာဒေသတွေဆီ ပြန်လည်ပြောင်းရွှေ့သွားကုန်ကြပြီ။

"ဘယ်နှယ့်လဲ ဆရာမကော မန္တလေးပြန်မပြောင်းသေးဘူးလား၊ ဆရာမလုပ်သက်နဲ့ဆို အပြောင်းအရွှေ့တင်ရင် ရလောက်ပြီနော်"

ဆရာလေးက သတိပေးလျှင် ခင်မတစ်ယောက် ဘာမျှပြန်မပြောဘဲ ပြုံး၍နေတတ်မြဲဖြစ်သည်။

ဆရာလေးကတော့ ဘဝမှာရည်မှန်းချက်ကြီးသူ ပီပီ မြို့ကြီးဆီချဉ်းကပ်၍ ဘွဲ့လွန်တွေ၊ ပညာရေးဘွဲ့တွေ ထပ်ခါထပ်ခါယူ၍ သူ့ဘဝကို အနေမြင့်အောင် ကြံစည်နေသူဖြစ်သည်။ ထို့ကြောင့် ဆရာလေးနှင့် အေးအေးဆေးဆေး ဆွေးနွေးရန်လိုနေပြီဟု ခင်မ တွေးနေမိသည်။

ခင်မကို ချစ်ပါသည်ဟုဆိုကာ ဘဝတစ်သက်တာ လုံးလက်တွဲရမဲ့ ခင်မ၏ချစ်သူသည် ခင်မ၏စိတ်သဘောထားကို နားလည်သဘောပေါက်ရန် အမှန်ပင်လိုအပ်သည်။

မြို့ကြီးပြကြီးဆီ ဘယ်တော့မှပြန်လည်၍ ခြေဦးပင်မလှည့်တော့ဘဲ ခင်မတစ်ယောက် တောမှာ ပျော်မွေ့သွားဖို့ ဆုံးဖြတ်ပြီးသည့်အကြောင်းကိုလည်း ပြောပြသင့်သည်ဟု ထင်မိသည်။

ခင်မ၏ချစ်သူသည် ခင်မပျော်ပိုက်သည့် တောရွာကလေးမှာ ခင်မနှင့်အတူ ပျော်မွေ့နိုင်ရန် လိုအပ်ပါလိမ့်မည်။ တောကျောင်းမှာ စာသင်ပေးနေသည့် တောကျသည့် တောကဆရာမလေးပေမို့ လက်တွဲရန် နောက်တွန့်ခဲ့လျှင်လည်း ခင်မကတော့ တုန်လှုပ်ဝမ်းနည်းနေမည်မဟုတ်ပါပေ။

- ကလေးတစ်အုပ်ရယ်နဲ့
  အရေးမရှုပ်ပါဟု
  တေးတစ်ပုဒ်လောက် အော်ချင်အော်...
- စာရွတ်လျှင် ဌာန်တျာနပ်ပါဘိ
  ကဗျာလွတ်တွင် ပန်တျာဇာတ်ပေလ
  သဒ္ဒါအထွတ်တင် စံဆရာအတတ်ကဖြင့်
  တိုင်းရပ်ပြည်ကျော်
- စ...လုံးကို မျက်ဆံလှည့်ကာပ
- င ... တစ်လုံးကို အထက်ပြန်တည့်ပါလို့
  ဝ...နှစ်လုံးကို မျက်မှန်ဖွဲ့ရုံမက
  နက်ဖြန်တွေ ချဲ့ချဲ့ပြီး ပီတိနဲ့ပျော်
  သီရိ မဟော်တွေပ အသစ်တိုးတက်ပွား
  ပီတိ အကျော်ဇေယျ အစစ်မျိုးဆက်များ
- ရှုကြည့်ပါ သူ့လိပ်ပြာ
  သူ့သိက္ခာ သူစောင့်မြဲဟာမို့
  သူ့စိတ်သဒ္ဓါမှာ သူ့ရိက္ခာ သူရောင့်ရဲပါလို့
  ဘဝ အမွဲအတေ သုညပြောသော်လည်း
  ရခဲပေ ဒုလ္လဘစောသူမို့
  သဘောအမှန်၊ မနောကံနှလုံးရယ်နှင့်
  လောကဓံ အကြောင်းမခံရှုန်းပါဘိ
  "ဘုန်း"ရှိလူသား။

ပညာတန်ဆောင်မဂ္ဂဇင်းမှာ ဖတ်လိုက်ရသည့် ဆရာမထီလာဝင်းယုမာ၏ကဗျာကလေးကို ခင်မ ကြိုက်နှစ်သက်လွန်းလှ၍ ဒိုင်ယာရီပထမစာမျက်နှာမှာ ကူးထားမိရုံမက အလွတ်ရအောင် ကျက်ထားလိုက်မိသေးတော့၏။

ရံဖန်ရံခါ ခင်မတစ်ယောက် အခက်အခဲတွေနှင့် ကြုံတွေ့ရလေတိုင်း ခင်မ၏စိတ်တွေ တွေဝေမိလေတိုင်း ထိုကဗျာကလေးကိုဖတ်၍ လောကဓံကိုအကြောမခံဘဲ အားမာန်အပြည့်နှင့် ခေါင်းကိုမော့၊ ရင်ကိုကော့ကာ တောကျောင်းဆရာမလေးဘဝကို တန်ဖိုးထားပြီး မြဲမြဲကြီး ဖက်တွယ်ထားမိခဲ့ပါပြီ။

(၇)

အနောက်တောင်ဆီမှာ မုတ်သုံမိုးစက်ပွင့်တို့ကို ထွေးပွေ့ သယ်ဆောင်လာကြသည့် တိမ်ဆိုင်တိမ်လိပ်၊ တိမ်ရိပ်မည်းမည်းကြီးတွေ၊ ပြာလွင်မှိုင်းညို့ ကောင်းကင်တစ်ခိုမှာ တရွေ့ရွေ့လွင့်မျောပါလာကြပြီဆိုလျှင်ဖြင့် ခင်မတို့ကျောင်းကလေးဝန်းကျင်မှာရှိသည့် လယ်ကွင်းတွေထဲက စပါးပင်အပျိုမတို့ လည်တမော့မော့၊ ခေါင်းတစ်ခါခါ ခါးကလေးတနွဲ့နွဲ့နှင့် မိုးစက်မိုးပွင့်တို့ကို ပန်ဆင်ရန် ငံ့လင့်လို့နေကြလေပြီ။

ဘယ်သူတွေ တန်ဖိုးထားထား မထားထား၊ ဘယ်သူတွေ ပန်ဆင်ဆင်၊ မဆင်ဆင်၊ ကြာဖြူ၊ ကြာနီ၊ ကြာပြာတွေကတော့ လယ်တောတစ်ခွင်မှာ ဝေလွင်လွင် ပွင့်ဖူးနေကြပြီ။

ထိုကဲ့သို့ မိုးသက်တွေဆင်၊ လယ်ပြင်မှာ ရေတွေဖွေးလေတိုင်း ကျောင်းကလေး၏ပြတင်းပေါက်မှာ လက်ထောက်ငေးမျှော်ရင်း၊ စိမ်းမြရီဝေလယ်ကွင်းတွေကြားမှာ ဖြတ်၍ဖောက်ထားသည့် ရွာလမ်းကလေးရဲ့အပေါ်မှာ ခြေကလေးတွေ မြဲမြဲကုပ်တွယ်၊ လွယ်အိတ်ကလေးတွေကို ကိုယ်စီလွယ်ပြီး ကျောင်းသွားဖော်သူငယ်ချင်းများနှင့် ပျော်ခင်းဖွဲ့ကာကျောင်းတက်လာကြသည့် တပည့်ကလေးများကို ငေးမျှော်နေမိရင်း ရင်တွင်းမှာတော့ စေတနာတွေ ဝေဖြာနေမိသေးသည်။

သူတို့လေးတွေ၏အပေါ်မှာ သဲသဲမဲမဲကြဲပက်၍ ကျလာမည့်မိုးစက် မိုးပွင့်တွေကို မလုံနိုင်မှန်းသိပေသော်ငြား သူ့လက်ဖဝါးလေးတွေဖြန့်ကာ မိုး၍ကာ၍ ပေးထားချင်စိတ်တွေက တားမရဆီးမနိုင် လှိုင်လှိုင်ကြီးပေါ်လာမိလေသည်။

ခင်မကဲ့သို့ စေတနာလက်ဖဝါးတွေ၊ အကြင်နာလက်ဖဝါးကလေးတွေ၊ ကရုဏာလက်ဖဝါးပိုင်ရှင်တွေ တစ်ယောက်နှစ်ယောက်ကနေ တစ်ရာ၊ နှစ်ရာ၊ တစ်ထောင်၊ နှစ်ထောင်၊ တစ်သောင်း၊ နှစ်သောင်းမက များလာခဲ့လျှင်ဖြင့်။

# ကောလင်းခရိုင်တွင် လာမည့်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ဧက ၆၉၈၀ စိုက်ပျိုးမည်


ယခင်နှစ်က ကုလားပဲစိုက်ခင်းကို တွေ့ရစဉ်။

**ကောလင်း ဩဂုတ် ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းခရိုင်တွင် လာမည့် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကုလားပဲဧက ၆၉၈၀ စိုက်ပျိုးမည်ဖြစ်ကြောင်း ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကောလင်းခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ စိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ကောလင်းမြို့နယ်တွင် ၆၆၁၄ ဧက၊ ဝန်းသိုမြို့နယ်တွင် ၃၄၁ ဧက၊ ပင်လည်ဘူးမြို့နယ်တွင် ၂၅ ဧက စုစုပေါင်း ဧက ၆၉၈၀ တို့ဖြစ်ကြောင်း သိရသည်။

"ကောလင်းခရိုင် လာမဲ့ ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ ကုလားပဲ ဧက ၆၉၈၀ စိုက်ပျိုးဖို့ အတွက် လျာထားပါတယ်။ လျာထားဧက ပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားမှာပါ။ ကုလားပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ ကုလားပဲ အထွက်နှုန်းနဲ့ အရည်အသွေး ကောင်းမွန်ဖို့အတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ စိုက်ပျိုးနည်းစနစ် စတာတွေကို တောင်သူတွေနဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက်ပေးသွားမှာပါ"ဟု ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းသိန်းက ပြောပြသည်။

ကောလင်းခရိုင်၌ ကုလားပဲ စိုက်ပျိုးရာတွင် ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းမွန်သည့် ရေဆင်း (၈)နှင့် ရေဆင်း (၁၁) မျိုးများကို ရွေးချယ်စိုက်ပျိုးကြကြောင်း၊ ကုလားပဲ တစ်ဧကစိုက်ပျိုးပါက ငွေကျပ် သုံးသိန်းခန့် ကုန်ကျကြောင်း သိရသည်။

ကောလင်းခရိုင်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကုလားပဲ စိုက်ပျိုးရာတွင် အထွက်နှုန်းနှင့် အရည်အသွေး ကောင်းမွန်ရေး၊ မျိုးကောင်း မျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရေး စသည့် တောင်သူအသိပညာပေးလုပ်ငန်းများကို ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ကုလားပဲကို အထွက်နှုန်း ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာမည်ဖြစ်သောကြောင့် မြန်မာနိုင်ငံ တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးတွင် ကုလားပဲကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းသိန်းက ပြောပြ၍ သိရသည်။

(၂၀၆)

# ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း နှံကားစပါးတင်းရေ ၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ဝါးခယ်မ ဩဂုတ် ၁၆**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း နှံကားစပါးတင်းရေ ၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဝါးခယ်မမြို့နယ် ဆန်စပါး ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စန်းစန်းမော်က ပြောပြသည်။

ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်းက နှံကားစပါးတင်းရေ ၅၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လအတွင်း နှံကားစပါးတင်းရေ ၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ နှံကားစပါးတင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၅၅၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"ဝါးခယ်မမြို့နယ်ကနေ နှံကားစပါးတွေကို ရန်ကုန်ဈေးကွက်ထဲ အဓိကထား တင်ပို့ရောင်းချနေတာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ဇွန်လကထက် ဇူလိုင်လအတွင်းမှာ စပါးတင်းရေ ပိုမိုတင်ပို့ရောင်းချနိုင်ခဲ့ပါတယ်။ လက်ရှိ ဩဂုတ်လထဲမှာလဲ နှံကားစပါးတွေ အများအပြား ဝယ်ယူဖို့ ချိတ်ဆက်မှုတွေရှိပါတယ်။ အခုလို စပါးတွေ၊ ဆန်တွေ အရောင်းအဝယ် ကောင်းလာတော့ လယ်ယာထွက်ကုန် တင်ပို့တဲ့ လုပ်ငန်းနဲ့ ဆက်စပ်တဲ့သူတွေ အလုပ်အကိုင် အခွင့်အလမ်းရရှိပြီး အဆင်ပြေလာပါတယ်"ဟု ဝါးခယ်မမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စန်းစန်းမော်က ပြောပြသည်။



ဝါးခယ်မမြို့နယ်မှ ထွက်ရှိသည့် နှံကားစပါးများ အရောင်းအဝယ်ကောင်းလာခြင်းကြောင့် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များ၊ ကုန်သည်များ အလုပ်အကိုင် အဆင်ပြေလျက်ရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# ကြာအင်းဆိပ်ကြီးမြို့နယ် ဝင်းထောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကြာအင်းဆိပ်ကြီး ဩဂုတ် ၁၆**

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးခရိုင် ကြာအင်းဆိပ်ကြီး မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဝင်းထောင်ကျေးရွာ၌ အငှမအကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဩဂုတ် ၁၅ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကြာအင်းဆိပ်ကြီး မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောဟိန်းမင်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အနေဖြင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြား မိသားစုဝင်ငွေ တိုးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ အကောင်အထည်ဖော် ဆောင်ရွက်ရခြင်းဖြစ်ကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် ကြာအင်းဆိပ်ကြီး မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ဝင်းထောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကြီးကြပ်မှု ကော်မတီဝင်များနှင့်အတူ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အငှမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၂၄ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၆၈ ဦး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ငါးဦး၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၇ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၄၉၈ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ကိုသက်**

## အနေမြတ်စွာ ရပ်တည်ရာ

\- ဘဝတာ ထိုခဏ
နေခွင့်ရ အချိန်လေးမှာ၊
ယှဉ်တွဲလာ သောက သုခတို့
အလှည့်ကျစွာ၊
ဖြစ်ပျက်မှု စေပါးရာ
စုန်တစ်ခါ ဆန်တစ်ရစ်၊
လမ်းသွေဖီ
လှမ်းခြေမညီ ညွန့်ဝဲအတွင်း
လွန်ဆွဲရင်း နစ်။

\- ကိုယ့်လိုအင် စိတ်ဆန္ဒကြောင့်
အတ္တလွှမ်း ကြိုးကိုင်ရာ၊
လောဘယှဉ် ဒေါသလိုက်
ဇောမြိုက်ရင်းသာ၊
မောဟဖုံး နိဂုံးမှာ
အမှားခြေရာနဲ့ လမ်းဆုံး၊
အသိမဝင်
သတိမယှဉ် လမ်းလွဲသမျှ
ကျွမ်းမြဲ ညှိုးချုံး။

\- ကံရိပ်ခို ရပ်တည်မြန်း
ဘဝလမ်း အစီအမံ၊
ကြောင်းကျိုးတည် အတိမ်အနက်
ဖြစ်ပျက် အခြေခံ၊
ကိုယ်ပြုတဲ့ အကျင့်အကြံ
မှားမှန်အပေါ် တုံ့ပြန်ညွှန်း၊
ကောင်းစိတ်တည်
ကြောင်းရိပ်ညီ ထပ်လောင်းမှ
ရလဒ်ကောင်းထွန်း။

\- ကိုယ်ရပ်တည် ဘဝလမ်း
မြင့်အောင်လှမ်း တင့်အောင်ရွယ်၊
စိတ်ဖြူစင် နှလုံးလှနဲ့
မုန်းစ ရှောင်ဖယ်၊
မေတ္တာဖက်လို့ လက်ကမ်းသွယ်
ရန်မီးနွယ် ငြိမ်းအောင်တား၊
ချစ်စရှည်ကာ
အနှစ်ဓမ္မညီစွာ ကျင့်ကြံရပ်လို့
ဘဝတဏှာ အမွှေဇာတ်မှာ
ခဏတာ အနေမြတ်အောင်
ကိုယ်ရပ်တည် ကိုယ့်မှတ်တမ်း
စိမ်းလန်းဝေ ငြိမ်းချမ်းခြင်းတွေနဲ့
ကောင်းသတင်းဆောင် ဘဝတစ်ကွေ့
မွေ့ကြစေသား။ ။

**မင်းသွေးနွယ်(ဇီးကုန်း)**

**ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ ဖတ်ကြစို့**

# ကိုယ်ဝန်ဆောင်နှင့်နို့တိုက်မိခင်များအာဟာရဖွံ့ဖြိုးရေး အလေးထားဆောင်ရွက်ပေး

ကျန်းမာရေးဝန်ကြီးဌာနသည် ၂၀၂၅ ခုနှစ် ဩဂုတ်လ တတိယသီတင်းပတ်ကို ကိုယ်ဝန်ဆောင်နှင့်နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်အဖြစ်သတ်မှတ်ကာ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် ဆောင်ရွက်လျက်ရှိသည်။ စင်စစ်အားဖြင့် ပုခက်လွှဲသောလက်များဖြစ်ကြသည့် မိခင်များသည် တိုင်းပြည်အနာဂတ်ကို ပခုံးပြောင်းတာဝန်ထမ်းဆောင်ကြမည့် ရင်သွေးငယ်များကိုပြုစုပျိုးထောင်ရာ၌ များစွာအရေးပါလျက်ရှိသည်။ ကိုယ်ဝန်ဆောင်မိခင်တစ်ဦးသည် အာဟာရပြည့်ဝနေမှသာလျှင် ကျန်းမာကြံ့ခိုင်သော ရင်သွေးငယ်တစ်ဦးကိုမွေးဖွားနိုင်မည်ဖြစ်သည်။ ထို့ပြင် ရင်သွေးငယ်များအတွက် မရှိမဖြစ်လိုအပ်သောနို့ချိုအာဟာရကိုလည်း တိုက်ကျွေးနိုင်မည်ဖြစ်သည်။

**ကျန်းမာရေးအတွက်အာဟာရ**

အာဟာရဓာတ်ဟူသည် သက်ရှိသတ္တဝါတိုင်း အသက်ရှင်သန်ကျန်းမာရေးအတွက် လိုအပ်သောဩဇာဓာတ်ပင်ဖြစ်သည်။ ခန္ဓာကိုယ်ဖွံ့ဖြိုးရေး၊ လှုပ်ရှားသွားလာနိုင်ရေး၊ မျိုးဆက်ပွားရေး၊ ခွန်အားနှင့်ရောဂါဘယကာကွယ်ရေးအတွက် လိုအပ်သည့် အာဟာရကို အစားအစာများစားသုံးရာမှရရှိခြင်းဖြစ်သည်။ ခန္ဓာကိုယ်အတွက်လိုအပ်သည့် အာဟာရ ရရှိရန် အစားအစာကို ဝဝလင်လင်လုံလောက်စွာမစားရလျှင်ဖြစ်စေ၊ စားသည့်အစာမှအာဟာရလုံလောက်စွာမရရှိလျှင်ဖြစ်စေ အာဟာရချို့တဲ့မှုဖြစ်ပေါ်လာသည်။ မကြိုက်သည့်အစားအစာဖြစ်၍ မစားခြင်း၊ ကြိုက်သည့်အစားအစာအနည်းငယ်မျှကိုသာစားနေခြင်း၊ အစားရှောင်ခြင်း စသည်တို့ကြောင့် အစားအစာကို အမည်စုံအောင်မစားဖြစ်သည့်အခါ အာဟာရဓာတ်တစ်ခုခုချို့တဲ့ခြင်းတို့လည်းဖြစ်စေသည်။

**ကိုယ်ဝန်ဆောင်စဉ် အာဟာရပြည့်ဝစေရန်**

မြန်မာနိုင်ငံတွင် ကိုယ်ဝန်ဆောင်စဉ်နှင့်မွေးဖွားစဉ်မိခင်သေဆုံးမှုနှုန်းမြင့်မားလျက်ရှိသဖြင့် ကိုယ်ဝန်ဆောင်မိခင်နှင့်မွေးဖွားမိခင် ကျန်းမာရေးစောင့်ရှောက်မှုတွင် မိခင်များအာဟာရပြည့်ဝရေးသည် များစွာအရေးပါလျက်ရှိသည်။ ကိုယ်ဝန်ဆောင်မိခင်နှင့်နို့တိုက်မိခင်တို့ အာဟာရချို့တဲ့ပါက မိခင်ရောကလေးပါကျန်းမာရေးထိခိုက်နိုင်ပြီး တစ်ခါတစ်ရံတွင် သေဆုံးသည်ထိဖြစ်နိုင်သည်။ ထို့ကြောင့် လိုအပ်သည့်အာဟာရရရှိရန် အစားအစာကို ဝဝလင်လင်လုံလောက်စွာစားသုံးရန် လိုအပ်ပေသည်။

ကိုယ်ဝန်ဆောင်မိခင်တချို့သည် ကလေးထွားမည်စိုးသဖြင့်ဟူသောအကြောင်းပြချက်ဖြင့် အစားလျှော့ခြင်း၊ ရှောင်ခြင်းတို့သည် မှားယွင်းသောအယူအဆပင်ဖြစ်သည်။ ကိုယ်ဝန်ဆောင်မိခင်များသည် သာမန်အချိန်ထက် တစ်နပ်ပို၍စားရန်နှင့် အာဟာရဓာတ်အစုံအလင်ပါဝင်အောင် နေ့စဉ်စားသုံးရန် ပညာရှင်များကတိုက်တွန်းထားသည်။ ဖောလစ်အက်စစ်၊ ကယ်လ်စီယမ်၊ သံဓာတ်၊ ဗီတာမင်ဒီ၊ ဗီတာမင်စီ၊ ဘီဝမ်း၊ ဘီတူး၊ ဘီတွဲလ်၊ ဇင့်ဓာတ်ပါဆေးဝါးတို့ကို ဆရာဝန်များ၏လမ်းညွှန်ချက်ဖြင့် သောက်ရန်လည်း လိုအပ်သည်။

မွေးရာပါကိုယ်အင်္ဂါချို့တဲ့မှုများ (ဥပမာ-နှုတ်ခမ်းကွဲ၊အာခေါင်ကွဲ) ဖြစ်ခြင်းမှ ကာကွယ်ရန် ကိုယ်ဝန်ရှိကြောင်းစတင်သိရှိချိန်မှစ၍ သံဓာတ် ၆၀ မီလီဂရမ်နှင့်ဖောလစ်အက်စစ် (၄၀၀ မိုက်ခရိုဂရမ်) ဆေးပြားကို တစ်နေ့တစ်ပြား နေ့စဉ်သောက်ပေးရန် လိုအပ်သည်။ ကိုယ်ဝန် ၃ လနောက်ပိုင်းတွင် သန်ချဆေးပြား (Mebendazole 500 mg) တစ်ကြိမ်သောက်သုံးရန်လိုအပ်သည်။ ကိုယ်ဝန် ၉ လမှစ၍ ကလေးမွေးဖွားပြီး ၃ လထိ ဗီတာမင်ဘီဝမ်းဆေးပြားကို သတ်မှတ်ထားသောပမာဏအတိုင်း နေ့စဉ်သောက်သုံးရန်လိုအပ်သည်။

**နို့တိုက်မိခင်များအာဟာရပြည့်ဝစေရန်**

နို့တိုက်မိခင်သည်လည်း မိမိအတွက်ရော ကလေးအတွက်ပါ အာဟာရဓာတ်လုံလောက်စွာရရှိစေရန် အစားကိုပိုစားရန်နှင့် အစားမရှောင်ရန်၊ မီးဖွားပြီးတစ်လအတွင်း အင်အားပြည့်ဗီတာမင်အေယူနစ်နှစ်သိန်းပါသော ဆေးလုံးတစ်လုံး တစ်ကြိမ်သောက်ရန်နှင့် မီးဖွားပြီးသုံးလထိ ဗီတာမင်ဘီဝမ်းအားဆေးနေ့စဉ်သောက်ရန်လည်း ကျန်းမာရေးဆိုင်ရာပညာရှင်များက တိုက်တွန်းထားရှိသည်။

ကိုယ်ဝန်ဆောင်မိခင်နှင့် နို့တိုက်မိခင်များသည် အစာပို၍စားသုံးရန်လိုအပ်သည်။ အစားလုံးဝရှောင်ရန်မလိုဘဲ ထမင်းနှင့်ဟင်းတစ်နပ်ပိုစားရန်လိုအပ်သည်။ နို့တိုက်မိခင်သည် ငန်လွန်းသောအစာမှလွဲ၍ အစားလုံးဝရှောင်ရန်မလိုပေ။ မိခင်နို့တွင် ကလေးငယ်အတွက်လိုအပ်သော အာဟာရများပြည့်စုံလုံလောက်သော ပမာဏရရှိစေရန် နို့တိုက်မိခင်ဘဝတွင် ကိုယ်ဝန်ဆောင်ဘဝထက်ပိုစားရန် လိုအပ်သည်။ အင်အားဖြစ်စေသောအစာ၊ ခန္ဓာကိုယ်ကြီးထွားစေသောအစာနှင့် ရောဂါကာကွယ်စေသောအစာ စသည့်အစာအုပ်စု ၃ မျိုးစလုံးပါအောင် စားသောက်ရမည်ဖြစ်သည့်အပြင် ပမာဏအားဖြင့်လည်းပိုစားရန်လိုအပ်သည်။

**❖ကိုယ်ဝန်ဆောင်မိခင်နှင့် နို့တိုက်မိခင်များသည် အစာပို၍စားသုံးရန်လိုအပ်သည်။ အစားလုံးဝရှောင်ရန်မလိုဘဲ ထမင်းနှင့်ဟင်းတစ်နပ်ပိုစားရန်လိုအပ်သည်။ နို့တိုက်မိခင်သည် ငန်လွန်းသောအစာမှလွဲ၍ အစားလုံးဝရှောင်ရန်မလိုပေ။ မိခင်နို့တွင် ကလေးငယ်အတွက် လိုအပ်သော အာဟာရများပြည့်စုံလုံလောက်သော ပမာဏရရှိစေရန် နို့တိုက်မိခင်ဘဝတွင် ကိုယ်ဝန်ဆောင်ဘဝထက်ပိုစားရန် လိုအပ်သည်။ အင်အားဖြစ်စေသောအစာ၊ ခန္ဓာကိုယ်ကြီးထွားစေသော အစာနှင့် ရောဂါကာကွယ်စေသောအစာ စသည့်အစာအုပ်စု ၃ မျိုးစလုံးပါအောင် စားသောက်ရမည်ဖြစ်သည့်အပြင် ပမာဏအားဖြင့်လည်းပိုစားရန်လိုအပ်သည်။ ❖**

**မိခင်များအတွက်အာဟာရ**

ကိုယ်ဝန်ဆောင်မိခင်များ သွေးအားနည်းလျှင် ကိုယ်ဝန်ဆောင်နေစဉ်၊ မွေးဖွားစဉ်နှင့်မွေးဖွားပြီး ကာလများအတွင်း အသက်အန္တရာယ်ကြုံတွေ့နိုင်သည်။ လမစေ့၊ ပေါင်မပြည့်သော ကလေးမွေးဖွားတတ်သည်။ ထို့ကြောင့် သံဓာတ်ချို့တဲ့မှုကြောင့် သွေးအားနည်းရောဂါဖြစ်ခြင်းမှကာကွယ်ရန် သံဓာတ်အာဟာရကြွယ်ဝသော အစားအစာများကို နေ့စဉ်စားသုံးရန်လိုအပ်သည်။ အသား၊ အသည်းနှင့် သွေးခဲတို့သည် သံဓာတ်အထူးကြွယ်ဝသဖြင့် တတ်နိုင်သမျှစားသုံးသင့်သည်။ ဟင်းနုနယ်ရွက်၊ မုန်ညင်းရွက်၊ ကန်စွန်းရွက်၊ ကင်းပုံရွက်၊ ချဉ်ပေါင်ရွက် စသည့် အစိမ်းရင့်ရောင်ဟင်းသီးဟင်းရွက်များနှင့် ပဲအမျိုးမျိုးသည် သံဓာတ်အတော်အတန်ကြွယ်ဝသဖြင့် နေ့စဉ်စားသုံးသင့်သည်။ အသားဓာတ်နှင့်အချဉ်ဓာတ် (ဗီတာမင်စီ)သည် ဟင်းသီးဟင်းရွက်များနှင့် ပဲအမျိုးမျိုးမှ သံဓာတ်ကိုအစာလမ်းကြောင်းမှ လွယ်ကူစွာစုပ်ယူနိုင်အောင်ကူညီသည်။

အိုင်အိုဒင်းသည်လည်း သံဓာတ်၊ ထုံးဓာတ်တို့ကဲ့သို့ပင် သတ္တုအာဟာရဓာတ်တစ်မျိုးဖြစ်သည်။ ခန္ဓာကိုယ်ပုံမှန်ကြီးထွားရေး၊ ဦးနှောက်ဖွံ့ဖြိုး၍ ဉာဏ်ရည်ထက်မြက်ရေး၊ ခန္ဓာကိုယ်၏ဇီဝကမ္မလုပ်ငန်းများပုံမှန်လည်ပတ်ရေးတို့အတွက် အိုင်အိုဒင်းအာဟာရကို လုံလောက်စွာစားသုံးရန်လိုအပ်သည်။ ကိုယ်ဝန်ဆောင်မိခင်တစ်ဦးသည် အိုင်အိုဒင်းအာဟာရချို့တဲ့လျှင် ကိုယ်ဝန်ပျက်ကျတတ်သည်။ ကလေးအသေမွေးတတ်သည်။ လမစေ့၊ ပေါင်မပြည့်သောကလေး၊ ဆွံ့အနားမကြားသောကလေး၊ ဉာဏ်ရည်နိမ့်သောကလေး၊ ခြေလက်မသန်စွမ်းသောကလေးမွေးတတ်သည်။ ကလေးငယ်များ အိုင်အိုဒင်းအာဟာရချို့တဲ့လျှင် ခန္ဓာကိုယ်စံချိန်မီမကြီးထွားနိုင်ဘဲ သေးကွေးပုညှက်နေတတ်သည်။ ဉာဏ်ထိုင်းပြီး လည်ပင်းကြီးရောဂါဖြစ်တတ်သည်။ သွက်လက်ဖျတ်လတ်မှုမရှိ ထုံထိုင်းနေးကွေးနေမည်ဖြစ်သည်။ ထို့ကြောင့် အိုင်အိုဒင်းအာဟာရကို လုံလောက်စွာရရှိရန် အိုင်အိုဒင်းဆားကိုနေ့စဉ်စားသုံးရန် လိုအပ်သည်။ သန္ဓေသားဘဝမှစ၍ သက်ကြီးရွယ်အိုဘဝထိ အိုင်အိုဒင်းအာဟာရကို လုံလောက်စွာမှီဝဲသွားရန် လိုအပ်သည်။

**မိခင်နို့ရည်**

စင်စစ်အားဖြင့် မိခင်နို့ရည်သည် ကလေးငယ်ကျန်းမာစွာကြီးထွားပြီး ဖွံ့ဖြိုးမှုအတွက် အကောင်းဆုံးအာဟာရပင်ဖြစ်သည်။ နို့ဦးရည်နှင့် မိခင်နို့သည် ကလေးငယ် ရောဂါမဖြစ်ပွားစေရန်အတွက် မိခင်မှကလေးကိုပေးနိုင်သည့် ပထမဆုံးနှင့် တန်ဖိုးအရှိဆုံးကာကွယ်ဆေးပင်ဖြစ်သည်။ မိခင်နို့တိုက်ကျွေးခြင်းဖြင့် မိခင်နှင့်ကလေးငယ်တို့ကြား သံယောဇဉ်တွယ်တာမှု ပိုမိုခိုင်မာစေသည်။

မိခင်တစ်ဦးသည် ရင်သွေးငယ်ကိုနို့တိုက်ခြင်းဖြင့် နောက်တစ်ကြိမ်ကိုယ်ဝန်ဆောင်ခြင်းကို နှောင့်နှေးကြန့်ကြာစေနိုင်သည်။ မိခင်တွင် မမျိုးဥအိမ်ကင်ဆာ၊ ရင်သားကင်ဆာတို့ဖြစ်ပွားမည့်အန္တရာယ်ကို လျှော့ချပေးနိုင်သည်။ မိခင်သည် အာဟာရပြည့်ဝစွာ စားသုံးပါက အမြွှာကလေးများအတွက်လည်း မိခင်နို့လုံလောက်စွာတိုက်ကျွေးနိုင်ပါသည်။

**ဗီတာမင်အေအာဟာရ**

ဗီတာမင်အေသည် ကလေးများ ပုံမှန်ကြီးထွားဖွံ့ဖြိုးရေးနှင့် ကျန်းမာကြံ့ခိုင်ရေး၊ မျက်စိကျန်းမာရေးနှင့် အမြင်အာရုံကောင်းမွန်ရေးအတွက်လည်း အရေးကြီးသည်။ နို့တိုက်မိခင်များသည် မလိုအပ်ဘဲ အစားရှောင်လျှင် ဗီတာမင်အေအလုံအလောက် မရရှိနိုင်တော့ဘဲ ထိုမိခင်များ၏ နို့ကိုစို့ရသောကလေးများသည် ဗီတာမင်အေချို့တဲ့တတ်သည်။ ဗီတာမင်အေချို့တဲ့သောကလေးများသည် ပုံမှန်ကြီးထွား ဖွံ့ဖြိုးမှုမရှိဘဲ ကူးစက်ရောဂါအမျိုးမျိုးကြောင့် မကြာခဏဖျားနာတတ်သည်။

နို့တိုက်မိခင်များသည် ဗီတာမင်အေ ကြွယ်ဝသည့်အစာများကို လုံလောက်စွာ စားသုံးရန်လိုအပ်သည်။ မီးဖွားပြီး ပထမတစ်ရက်၊ နှစ်ရက်တွင် ထွက်သည့် နို့ဦးရည်သည် ဗီတာမင်အေ အလွန်ကြွယ်ဝသည်။ ထို့ကြောင့် ကလေးကို နို့ဦးရည် တိုက်ဖြစ်အောင် တိုက်ပေးရန်လိုအပ်သည်။ အသက် ၆ လမှစ၍ ထမင်းခွံ့သည့်အခါ ဗီတာမင်အေကြွယ်ဝသည့် အသည်းအမျိုးမျိုး၊ ဥအမျိုးမျိုး၊ နို့အမျိုးမျိုး၊ အစိမ်းရင့်ရောင် ဟင်းရွက်များ၊ နီဝါရောင် သစ်သီးများ၊ အဝါရောင်သစ်သီးများ၊ အဝါရောင်နှင့် အနီရောင် သစ်ဥသစ်ဖုများကို အသက်အရွယ်အလိုက် ထည့်ကျွေးပေးရန်လိုအပ်သည်။

**ကိုယ်ဝန်ဆောင်နှင့်နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေး အလေးထားဆောင်ရွက်ပေး**

စင်စစ်အားဖြင့် အရည်အသွေးမြင့်မားသော လူ့စွမ်းအားအရင်းအမြစ်များသည် နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအရေးပါလျက်ရှိသည်။လူ့စွမ်းအားအရင်းမြစ်များ ပြုစုပျိုးထောင်ရာတွင် အာဟာရဖွံ့ဖြိုးရေးကိုလည်း အလေးထားလုပ်ဆောင်သွားရန်လိုအပ်ပေသည်။ အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများ စဉ်ဆက်မပြတ်အောင်မြင်မှုရရှိရေးအတွက် လွှမ်းခြုံဆောင်ရွက်နိုင်သည်နှင့်အမျှ ကိုယ်ဝန်ဆောင်မိခင်နှင့် နို့တိုက်မိခင်များ၊ ကလေးငယ်များ၏ ကျန်းမာသန်စွမ်းမှုနှင့် ဉာဏ်ရည်ဖွံ့ဖြိုးမှုတို့အပေါ် အကျိုးသက်ရောက်မှုများရရှိလာမည်ဖြစ်သည်။ ထိုမှတစ်ဆင့် ပညာတတ်နိုင်ငံသားများ တစ်နည်းအားဖြင့် တန်ဖိုးမြင့်လူ့စွမ်းအားအရင်းအမြစ်များ ပိုမိုရရှိလာနိုင်မည်ဖြစ်သည်။

ဆိုရလျှင် ကလေးငယ်များ ကျန်းမာပျော်ရွှင် ရောဂါကင်းစင်စေရန်အတွက် မိခင်များကိုယ်ဝန်ဆောင်ကာလနှင့် မီးဖွားပြီးနို့တိုက်မိခင်ကာလတို့မှာပါအာဟာရပြည့်ဝရန်လိုအပ်သည်။ အာဟာရပြည့်ဝစွာရရှိစေရန်အတွက် အင်အားဖြစ်စေသောအစာ၊ ခန္ဓာကိုယ်ကြီးထွားစေသောအစာနှင့် ရောဂါကာကွယ်စေသောအစာ စသည့်အစာအုပ်စု ၃ မျိုးစလုံးကို နေ့စဉ်မျှတစွာစားသုံးနိုင်ရန်နှင့် မိမိတို့ဝင်ငွေနှင့် ကိုက်ညီသော အာဟာရပြည့်အစားအစာများကို ကျန်းမာရေးအသိပညာဗဟုသုတဖြင့် စားသောက်နေထိုင်သွားသင့်ပါကြောင်း ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်အတွက် အလေးထားတိုက်တွန်းရေးသားလိုက်ရပါသည်။

**ကိုးကား**

**(၁) နေ့စဉ်ထုတ်သတင်းစာများ။**

**(၂) ကိုယ်ဝန်ဆောင်နှင့်နို့တိုက်မိခင်အာဟာရ Standardized Health Messages (myanmarhealth.info)**

**မောင်သောင်းဝင်း(တမန်ဟောင်း)**

# မော်လိုက်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာကေ ၈၀၀၀ စိုက်ပျိုးမည်


ယခင်နှစ်က နေကြာစိုက်ခင်းကို တွေ့ရစဉ်။

**မော်လိုက် ဩဂုတ် ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာကေ ၈၀၀၀ စိုက်ပျိုးမည်ဖြစ်ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြ၍ သိရသည်။

မော်လိုက်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ နေကြာစိုက်ပျိုးရန် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် မော်လိုက်မြို့နယ်တွင် ၅၅၆၄ ဧက၊ ဖောင်းပြင်မြို့နယ်တွင် ၂၄၃၆ ဧက စုစုပေါင်းဧက ၈၀၀၀ ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ မော်လိုက်ခရိုင်အတွင်း နေကြာဧက ၈၀၀၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ဆောင်ရွက်ပေးသွားမှာပါ။ ပြည်ပက တင်သွင်းတဲ့စားအုန်းဆီကို လျှော့ချနိုင်ဖို့အတွက် ဆီထွက်သီးနှံဖြစ်တဲ့ နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးသွားမှာပါ။ ဆီထွက်သီးနှံဖြစ်တဲ့ နေကြာ တစ်ဧက ဆီထွက်ရှိမှုက ကျန်တဲ့ မြေပဲ၊ နှမ်းတွေထက် ပိုများပါတယ်"ဟု မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြသည်။

မော်လိုက်ခရိုင်တွင် နေကြာ တိုးချဲ့ စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နေကြာစိုက်ပျိုးမည့် တောင်သူများ စွမ်းဆောင်ရည်မြင့်မားရေးအတွက် ပညာပေးသင်တန်းများကို အရှိန်မြှင့်တင်ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

နေကြာကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြ၍ သိရသည်။

(၂၀၆)

# လှိုင်ကော်မြို့ နဒီလမ်း၌ ကတ္တရာခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**လှိုင်ကော် ဩဂုတ် ၁၆**

ကယားပြည်နယ် လှိုင်ကော်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက လှိုင်ကော်မြို့ နဒီလမ်း၌ ကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ဩဂုတ် ၁၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကယားပြည်နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးသင်းမင်းလတ်နှင့် တာဝန်ခံအင်ဂျင်နီယာများက သက်ဆိုင်ရာကုမ္ပဏီမှ တာဝန်ရှိသူများနှင့်အတူ လှိုင်ကော်မြို့ နဒီလမ်း၌ ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ညွှန်ကြားရေးမှူး (မြို့ပြ) ဦးသင်းမင်းလတ်က လုပ်ငန်းများ သတ်မှတ် စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ လှိုင်ကော်မြို့ နဒီလမ်း၌ လမ်းအရှည်ပေ ၂၃၀၀၊ အကျယ် ၁၆ ပေ၊ အမြင့် ခြောက်လက်မရှိ ကျောက်သားလမ်းပေါ်တွင် အမြင့် သုံးလက်မရှိ ကတ္တရာခင်းခြင်းလုပ်ငန်းကို ပြည်နယ်အစိုးရ ခွင့်ပြုရန်ပုံငွေကျပ် ၁၈၆ ဒသမ ၁၅၂ သန်းဖြင့် မြင့်မြတ်အောင်စည်ကုမ္ပဏီက ဇွန်လမှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၈၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ နဒီလမ်း၌ ကတ္တရာခင်းခြင်းလုပ်ငန်းပြီးစီးပါက မြို့ပေါ်ရှိ ဒေသခံပြည်သူများအတွက် ရာသီမရွေး လမ်းပန်းဆက်သွယ်ရေး အဆင်ပြေမည်ဖြစ်ကြောင်း ကယားပြည်နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ သိရသည်။

သန်းလွင်(မကွေး)

# ဘားအံမြို့နယ် ကော့ဒါန်းမယ်ကျေးရွာ၌ RBF စီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ဘားအံ ဩဂုတ် ၁၆**

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကော့ဒါန်းမယ်ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း စီမံကိန်း (RBF) ရန်ပုံငွေဖြင့် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို ဩဂုတ် ၁၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိဒေါ်တင်ဇာလီထွန်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာလုပ်ငန်းအသင်းအဖွဲ့များနှင့်အတူ ကော့ဒါန်းမယ်ကျေးရွာ၌ RBF စီမံကိန်းရန်ပုံငွေများဖြင့် မွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှု၊ လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ စနစ်တကျ ဖြည့်သွင်းထားခြင်း ရှိ မရှိနှင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ထားရှိမှုအခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး ဦးစီးအရာရှိဒေါ်တင်ဇာလီထွန်းက RBF စီမံကိန်းနှင့် ပတ်သက်၍ လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

ကော့ဒါန်းမယ်ကျေးရွာ၌ RBF စီမံကိန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ငွေကျပ်သိန်း ၃၀ ဖြင့် စတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ နွားမွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ သုံးဖွဲ့နှင့် ဆိတ်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ တစ်ဖွဲ့ စုစုပေါင်း အသင်းအဖွဲ့ လေးဖွဲ့ကို တစ်ဖွဲ့လျှင် ငွေကျပ် ၇၅ သိန်းစီထုတ်ချေးပေးထားကြောင်း ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။ ကိုသက်



# မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ငါးရံ့ပိဿာချိန် ၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**မော်လမြိုင်ကျွန်း ဩဂုတ် ၁၆**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ငါးရံ့ ပိဿာချိန် ၇၀၀၀၀ ထိတင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း မော်လမြိုင်ကျွန်းမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးလတ်က ပြောပြ၍ သိရသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ငါးရံ့များ အပါအဝင် ဒေသရေထွက်ကုန်များကို တင်ပို့ရောင်းချလျက်ရှိရာ ဇွန်လအတွင်းက ငါးရံ့ပိဿာချိန် ၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လအတွင်း ငါးရံ့ ပိဿာချိန် ၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ဇူလိုင်လအတွင်း ငါးရံ့တွေကို ရန်ကုန်ဈေးကွက်ထဲ သိသိသာသာ တင်ပို့အားကောင်းခဲ့ပါတယ်။ ငါးရံ့တွေ တင်ပို့အားတက်ခဲ့တာကလဲ ရန်ကုန်ဈေး



ကွက်က ဝယ်လိုအား ကောင်းနေတာကြောင့်ဖြစ်ပါတယ်။ ဒေသထွက် ငါးရံ့တွေအပါအဝင်ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိကတင်ပို့တာပါ။ အခုလို ဝယ်ယူအား ကောင်းလာတော့ ငါးရံ့မွေးမြူရေး လုပ်ငန်းရှင်တွေနဲ့ ရေလုပ်သားတွေ၊ သဘာဝအတိုင်း ငါးရံ့ရှာဖွေဖမ်းဆီးသူတွေ အဆင်ပြေလာပါတယ်"ဟု မော်လမြိုင်ကျွန်းမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးလတ်က ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇူလိုင်လအတွင်း တင်ပို့ရောင်းချခဲ့သည့် ငါးရံ့အလတ် ၁၀ ပိဿာလျှင် ငွေကျပ် ၁၆၅၀၀၀၊ ငါးရံ့အသေး ၁၀ ပိဿာလျှင် ငွေကျပ် ၁၄၅၀၀၀၊ ငါးရံ့အကြီး ၁၀ ပိဿာလျှင်ငွေကျပ် ၂၅၀၀၀၀ ထိ ဈေးပေါက်နေကြောင်း သိရသည်။

ကျော်ကျော်လင်း

# ပူတာအိုမြို့နယ် ဂျူဗလီကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**ပူတာအို ဩဂုတ် ၁၆**

ကချင်ပြည်နယ် ပူတာအိုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယခုဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ဆောင်ရွက်ရန်အတွက် ဆာရ်ခွမ်ဒမ်း ကျေးရွာအုပ်စု ဂျူဗလီကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဩဂုတ် ၁၅ ရက်က အဆိုပါ ကျေးရွာ၌ ကျင်းပပြုလုပ်သည်။

ရှေးဦးစွာ ပူတာအိုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်လင်းက ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများ ဦးစားပေးရွေးချယ်ရာတွင် ကျေးရွာ၌ အမှန်တကယ်လိုအပ်သည့် လုပ်ငန်းများကို ရွေးချယ်ကြရန်နှင့် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စီမံကိန်းလက်စွဲစာစောင်ပါအတိုင်း ဆောင်ရွက်သွားကြရန် မိတ်ဆက်ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံက ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ စီမံကိန်းမှရရှိလာမည့်အကျိုးကျေးဇူးများ ပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကျေးရွာသူ၊ ကျေးရွာသားများ၏ သဘောဆန္ဒနှင့်အညီ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင် ၁၁ ဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

ဂျူဗလီကျေးရွာ၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် VDP စီမံကိန်းရန်ပုံငွေကျပ် ၁၅ သန်းဖြင့် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပူတာအိုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။ ကိုပြည့်

# ကုန်သွယ်ခွန် ၅၀ ရာခိုင်နှုန်းတိုးမြှင့်မှုကြောင့် ယိုယွင်းလာခဲ့သည့် အမေရိကန်-အိန္ဒိယကာကွယ်ရေးမိတ်ဖက်ဖြစ်မှု

အိန္ဒိယနိုင်ငံ၏ ဒေသတွင်းအင်အားကြီးထွားလာမှုသည် ကာကွယ်ရေးနှင့် သံတမန်ရေးဆိုင်ရာဆက်ဆံမှုများ ခိုင်မာအားကောင်းခြင်း၏ အသီးအပွင့်တစ်ခုလည်းဖြစ်သည်။ အမေရိကန်နှင့် အိန္ဒိယတို့၏ ကာကွယ်ရေးဆိုင်ရာဆက်ဆံရေးသည် မကြာသေးသည့်နှစ်များအတွင်း သိသိသာသာခိုင်မာအားကောင်းလာခဲ့သည်။ အထူးသဖြင့် ၂၁ ရာစု မဟာဗျူဟာမြောက်ပူးပေါင်းဆောင်ရွက်မှု၏ အဓိကမှတ်တိုင်အဖြစ် ချီးကျူးလျက်ရှိသော အမေရိကန်-အိန္ဒိယ ကာကွယ်ရေးဆိုင်ရာ ဆက်ဆံရေးသည် နှစ်နိုင်ငံသံတမန်ရေးဆိုင်ရာ ဆက်ဆံရေးများကို စတင်တည်ထောင်ပြီးကတည်းက ပဋိပက္ခအဖြစ်ဆုံးကာလသို့ ရောက်ခဲ့သည်။

အိန္ဒိယနိုင်ငံအပေါ်သတ်မှတ်သည့် သမ္မတဒေါ်နယ်ထရန့်၏ ကုန်သွယ်ခွန်သည် ယခုအခါ ၅၀ ရာခိုင်နှုန်းထိရောက်ရှိခဲ့ပြီး ၎င်းတွင် ရုရှားထံမှ ရေနံဝယ်ယူမှုအတွက် ပြစ်ဒဏ်ပေးသည့်ကုန်သွယ်ခွန်တိုးမြှင့်မှုလည်း ပါဝင်သည်။ ထိုသို့ ကုန်သွယ်ခွန်တိုးမြှင့်မှုအခြေအနေတွင် ယခင်က အပြန်အလှန်အကျိုးဖြစ်ထွန်းစေသည့် ကာကွယ်ရေးမိတ်ဖက်အဖြစ် ယူဆထားသောအခြေအနေကို အနှောင့်အယှက်ဖြစ်စေကြောင်း သိရသည်။

**ကာကွယ်ရေးဆိုင်ရာကုန်သွယ်မှု ဆက်ဆံရေးပြိုလဲခြင်း**

ကာကွယ်ရေးဆိုင်ရာကုန်သွယ်မှု ဆက်ဆံရေးပြိုလဲခြင်းနှင့်ပတ်သက်၍ အဓိကအချက်မှာ F-35 ဂျက်တိုက်လေယာဉ်များဝယ်ယူရေး သဘောတူညီချက်ကို အိန္ဒိယက ပယ်ချခဲ့ခြင်းဖြစ်သည်။ အဆိုပါရောင်းချရေးသဘောတူညီချက်ကို ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလအတွင်းက အမေရိကန်သို့သွားရောက်သည့် အိန္ဒိယဝန်ကြီးချုပ် နာရင်ဒရာမိုဒီ၏ ခရီးစဉ်အတွင်း သမ္မတဒေါ်နယ်ထရန့်က အဆိုပြုကမ်းလှမ်းခဲ့ခြင်းဖြစ်သည်။ ပဉ္စမမျိုးဆက်တိုက်လေယာဉ်များနှင့်ပတ်သက်၍ အမေရိကန်အနေဖြင့် မူဝါဒများပြန်လည်သုံးသပ်ရန် ဆန္ဒရှိနေသည်ဟု ထုတ်ဖော်ပြသသည့်တိုင် အိန္ဒိယက F-35 ဂျက်တိုက်လေယာဉ်များဝယ်ယူရေးအတွက် သိသိသာသာနှုတ်ဆိတ်နေခဲ့သည်။ အဓိကအားဖြင့် အသုံးပြုမှုဆိုင်ရာကန့်သတ်ချက်များနှင့် မကြာသေးမီက ကုန်သွယ်ရေးဆိုင်ရာတင်းမာမှုများနှင့်ပတ်သက်၍ စိုးရိမ်မှုများကြောင့်ဖြစ်သည်။ အမေရိကန်အနေဖြင့် ရောင်းချရေးအခွင့်အလမ်းဆုံးရှုံးမှုထက် အိန္ဒိယ၏ ယုံကြည်ခြင်းကို အကဲဖြတ်မှုဖြစ်စေသည်။ အိန္ဒိယက အမေရိကန်ကို အဓိက ကာကွယ်ရေးမိတ်ဖက်အဖြစ် သတ်မှတ်ထားမှုကို အခြေခံကျကျအကဲဖြတ်ရန် အချက်ပြလျက်ရှိသည်။

တိုက်လေယာဉ်များဝယ်ယူရေး ပယ်ဖျက်မှုက ပိုမိုကျယ်ပြန့်သည့်ဝယ်ယူရေးဆိုင်ရာဆုံးဖြတ်ချက်များထက် ကျော်လွန်လျက်ရှိသည်။ အိန္ဒိယသည် Boeing P-8I Poseidon ရေကြောင်းကင်းလှည့်လေယာဉ်ခြောက်စင်းအတွက် အမေရိကန်ဒေါ်လာ ၃ ဒသမ ၆ ဘီလီယံတန်ဖိုးရှိ ရောင်းဝယ်ရေးသဘောတူညီချက်ကိုလည်း ဆိုင်းငံ့ခဲ့သည်။ အဓိကအားဖြင့် သမ္မတဒေါ်နယ်ထရန့်ချမှတ်ခဲ့သော ပြင်းထန်သည့် ကုန်သွယ်ခွန်များနှင့် ကနဦးစေ့စပ်ညှိနှိုင်းမှုများ စတင်ပြုလုပ်ကတည်းက ရှိခဲ့သည့်ဈေးနှုန်းထက် ၅၀ ရာခိုင်နှုန်း တိုးမြှင့်လာခြင်းကြောင့်ဖြစ်သည်။ ဤဆိုင်းငံ့မှုက အိန္ဒိယကာကွယ်ရေးထုတ်လုပ်သူများအတွက် P-8I သည် အောင်မြင်သည့် အမေရိကန်-အိန္ဒိယ ကာကွယ်ရေးပူးပေါင်းဆောင်ရွက်မှုတွင် အဓိကအချက်ဖြစ်သည်ဟူသောအချက်အပေါ် နာကြည်းမှုကိုဖြစ်ပေါ်စေပြီး အိန္ဒိယနိုင်ငံသည် လက်ရှိတွင် အိန္ဒိယသမုဒ္ဒရာအတွင်း ရေကြောင်းဆိုင်ရာစောင့်ကြည့်မှုအတွက် အဆိုပါ လေယာဉ် ၁၂ စင်းကို အသုံးပြုလျက်ရှိသည်။

**မဟာဗျူဟာမြောက်မိတ်ဖက်များ အစားထိုးမှုအတွက် ချိန်ညှိမှု**

မဟာဗျူဟာမြောက် မိတ်ဖက်များအတွက် ချိန်ညှိမှုနှင့်ပတ်သက်၍ အိန္ဒိယ၏ ကာကွယ်ရေးပစ္စည်းဝယ်ယူမှုမဟာဗျူဟာသည် အမေရိကန်၏ ယုံကြည်စိတ်ချရမှုမရှိသည့်အခြေအနေကို တုံ့ပြန်မှုအဖြစ် လျင်မြန်သည့်ကူးပြောင်းမှုကို ပြုလုပ်လျက်ရှိသည်။ အိန္ဒိယနိုင်ငံသည် ပြင်သစ်နိုင်ငံထုတ်လေယာဉ်တင်သင်္ဘောသုံး Rafale တိုက်လေယာဉ် ၂၆ စင်းအတွက် ယူရို ၇ ဒသမ ၄ ဘီလီယံတန်ဖိုးရှိ ကာကွယ်ရေးပစ္စည်းဝယ်ယူမှုမှတစ်ဆင့် ပြင်သစ်နိုင်ငံနှင့် ဆက်ဆံရေးကို ခိုင်မာအားကောင်းစေခဲ့သည်။ ၎င်းတွင် ပြည်တွင်းထုတ်လက်နက်များပေါင်းစည်းမှုနှင့် ပြည်တွင်းလုပ်ထုတ်လုပ်ရေး လုပ်ငန်းစဉ်များအတွက် နည်းပညာလွှဲပြောင်းမှုပါဝင်သည်။ ၂၀၂၅ ခုနှစ် ဧပြီလက အပြီးသတ်ခဲ့သော ဤသဘောတူညီချက်သည် နည်းပညာဆိုင်ရာ ကိုယ်ပိုင်လုပ်ဆောင်ခွင့်နှင့် နိုင်ငံရေးဆိုင်ရာ ထိန်းချုပ်မှုနည်းပါးခြင်းကို အဆိုပြုကမ်းလှမ်းသည့်မိတ်ဖက်များဆီသို့ အိန္ဒိယ၏ အဓိကရှေးရှုမှုကို သရုပ်ပြလျက်ရှိသည်။




**အနောက်နိုင်ငံများ၏ ဖိအားများကြားမှ ရုရှား-အိန္ဒိယ ဆက်ဆံရေးခိုင်မာမှု**

အနောက်နိုင်ငံများ၏ ပိတ်ဆို့အရေးယူမှုများနှင့် အမေရိကန်၏ ဖိအားများကြားမှ အိန္ဒိယသည် ရုရှားနိုင်ငံနှင့် ခိုင်မာသောကာကွယ်ရေးဆိုင်ရာ ဆက်ဆံရေးကို ဆက်လက်ထားရှိကာ နိုင်ငံ၏ သွင်းကုန်စုစုပေါင်း၏ ၃၆ ရာခိုင်နှုန်းတွင် အကြီးဆုံးကာကွယ်ရေးပေးသွင်းသူအဖြစ် ဆက်လက်တည်ရှိနေသည်။ အဆိုပါဆက်နွယ်မှုတွင် S-400 လေကြောင်းရန်ကာကွယ်ရေးစနစ်များ၊ BrahMos ဒုံးကျည်တည်ဆောက်မှုနှင့် Su-57E တိုက်လေယာဉ်များအတွက် အလားအလာရှိသောအနာဂတ်ပူးပေါင်းဆောင်ရွက်မှုများအပါအဝင် ဆက်လက်လုပ်ဆောင်နေသောစီမံကိန်းများပါဝင်သည်။ Su-57E တိုက်လေယာဉ်အတွက် အရင်းအမြစ်ကုတ်အပြည့်အစုံအသုံးပြုခွင့်ပေးရန် ရုရှား၏ မကြုံစဖူးကမ်းလှမ်းမှုသည် အမေရိကန်ထုတ် F-35 ဂျက်တိုက်လေယာဉ်နှင့် သက်တမ်းတိုးရန်ဆန္ဒမရှိသော နည်းပညာဆိုင်ရာ မိတ်ဖက်အမျိုးအစားကို အတိအကျကိုယ်စားပြုသည်။

အမေရိကန်၏ စီးပွားရေးအရ ဖိအားများရှိနေသော်လည်း ၂၀၂၅ ခုနှစ် ပထမနှစ်ဝက်တွင် အိန္ဒိယက ရုရှားရေနံကို နေ့စဉ် စည်ပေါင်း ၁ ဒသမ ၇၅ သန်းထိ ဆက်တိုက်ဝယ်ယူနေခြင်းသည် မဟာဗျူဟာမြောက် ကိုယ်ပိုင်ဆုံးဖြတ်လုပ်ဆောင်ခွင့်အတွက် ၎င်း၏ကတိကဝတ်ကို ပြသနေသည်။ နှစ်စဉ် အမေရိကန်ဒေါ်လာ ၅၂ ဘီလီယံတန်ဖိုးရှိသော ဤစွမ်းအင်ဆိုင်ရာဆက်ဆံရေးသည် စွမ်းအင်ပံ့ပိုးမှုပေးနေစဉ်တွင် ရုရှားနိုင်ငံက ၎င်း၏စီးပွားရေးကြီးထွားမှုအတွက် အခွင့်အလမ်းရရှိရန် အရေးကြီးသောဝင်ငွေကို ရရှိစေသည်။

**အမေရိကန်၏မဟာဗျူဟာတွင် ပါဝင်သည့် ပါကစ္စတန်၏ အခန်းကဏ္ဍ**

အမေရိကန်မဟာဗျူဟာတွင် ပါကစ္စတန်၏ အခန်းကဏ္ဍနှင့်ပတ်သက်၍ သမ္မတဒေါ်နယ်ထရန့်က ပါကစ္စတန်ကို တစ်ပြိုင်နက်တည်းထိတွေ့ဆက်ဆံခြင်းသည် အမေရိကန်-အိန္ဒိယ ဆက်ဆံရေးတွင် ထိခိုက်စေသည့် မထီမဲ့မြင်ပြုမှုကို တိုးစေသည်။ အိမ်ဖြူတော်တွင် နှစ်နာရီကျော်ကြာတွေ့ဆုံခဲ့သည့် အမေရိကန်သမ္မတဒေါ်နယ်ထရန့်နှင့် ပါကစ္စတန်တပ်မတော်အကြီးအကဲ Field Marshal Asim Munir တို့ကြား မကြုံစဖူးတွေ့ဆုံမှုသည် ဒေသတွင်းဦးစားပေးလုပ်ငန်းများတွင် သိသိသာသာပြောင်းလဲမှုကို အချက်ပြနေသည်။ အိန္ဒိယ-ပါကစ္စတန် အပစ်အခတ်ရပ်စဲရေးကို ပြင်းပြင်းထန်ထန်ငြင်းဆိုထားသည့် ၂၀၂၅ ခုနှစ် မေလတွင် အိန္ဒိယ-ပါကစ္စတန် အပစ်အခတ်ရပ်စဲရေးနှင့်ပတ်သက်၍ အမေရိကန်၏ ကြားဝင်ဖျန်ဖြေမှုကို ပါကစ္စတန်မှ အသိအမှတ်ပြုမှုသည် အမေရိကန်-အိန္ဒိယဆက်ဆံရေးတွင် နောက်ထပ်သဘောထားကွဲလွဲမှုများကို ဖြစ်စေသည်။

အလားအလာရှိသော နှစ် ၄၀ သက်တမ်းရှိ မဟာဗျူဟာမြောက် ကာကွယ်ရေးသဘောတူညီချက်ကို ဆွေးနွေးမှုများအပါအဝင် ပေါ်ပေါက်လာသော အမေရိကန်-ပါကစ္စတန် ကာကွယ်ရေးပူးပေါင်းဆောင်ရွက်မှုသည် အိန္ဒိယ၏ ဒေသတွင်းလုံခြုံရေးအကျိုးစီးပွားများကို တိုက်ရိုက်စိန်ခေါ်သည့် အခြေခံပြန်လည်ချိန်ညှိမှုကို ကိုယ်စားပြုသည်။

**စီးပွားရေးနှင့် မဟာဗျူဟာမြောက်သက်ရောက်မှုများ**

ကုန်သွယ်ရေးစစ်ပွဲ၏ အကျိုးသက်ရောက်မှုသည် ကာကွယ်ရေးဝယ်ယူမှုထက် ပိုမိုကျယ်ပြန့်သောစီးပွားရေးဆက်ဆံရေးဆီသို့ သက်ရောက်မှုရှိသည်။ အမေရိကန်သို့ အိန္ဒိယ၏ ပို့ကုန်သည် နှစ်စဉ် အမေရိကန်ဒေါ်လာ ၆၄ ဘီလီယံတန်ဖိုးရှိပြီး GDP ၏ နှစ်ရာခိုင်နှုန်းကို ကိုယ်စားပြုကာ ၅၀ ရာခိုင်နှုန်းအကောက်ခွန်စနစ်အောက်တွင် ပြိုင်ဆိုင်မှုပြင်းထန်သော စိန်ခေါ်မှုများနှင့်ရင်ဆိုင်နေရသည်။ ကာကွယ်ရေးကဏ္ဍသည် အမေရိကန်ပံ့ပိုးရေး ကွင်းဆက်များနှင့် နည်းပညာလွှဲပြောင်းမှုများနှင့် တိုးမြှင့်ပေါင်းစပ်မှုကိုမြင်တွေ့ခဲ့ရပြီး ယခုအခါ အိန္ဒိယသည် အစားထိုးမိတ်ဖက်များကို ရှာဖွေနေသောကြောင့် အခြေခံပြန်လည်ဖွဲ့စည်းမှုကို ရင်ဆိုင်နေရသည်။

ပြည်တွင်းကာကွယ်ရေးထုတ်လုပ်မှုကို မြှင့်တင်ရန်ဒီဇိုင်းထုတ်ထားသည့် အိန္ဒိယ၏ Make in India အစီအစဉ်သည် အမေရိကန်၏ မူဝါဒမတည်ငြိမ်မှုကြောင့်ထွက်ပေါ်လာသော ပံ့ပိုးရေးကွင်းဆက်အားနည်းချက်များကို တုံ့ပြန်ရန်အတွက် အရှိန်မြှင့်လျက်ရှိသည်။ အိန္ဒိယနိုင်ငံ၏ ကာကွယ်ရေးထုတ်လုပ်မှုသည် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ၁၇၄ ရာခိုင်နှုန်းတိုးမြှင့်ခဲ့ပြီး စာချုပ်အသစ်များ၏ ၈၂ ရာခိုင်နှုန်းသည် ပြည်တွင်းစက်မှုလုပ်ငန်းသို့သွားရန်ဖြစ်သည်။ ပြည်တွင်းထုတ်လုပ်မှုဖြစ်စေသည့် တွန်းအားသည် မိမိကိုယ်ကိုရေရှည်အားကိုးမှုအတွက် မဟာဗျူဟာမြောက်အကျိုးရှိသော်လည်း အမေရိကန်- အိန္ဒိယ စက်မှုပူးပေါင်းဆောင်ရွက်မှုအတွက် ဆုံးရှုံးသွားမည့် အခွင့်အရေးကို ကိုယ်စားပြုနေသည်။

**အနာဂတ်ကိုမျှော်ကြည့်ခြင်း**

အခြားပူးပေါင်းဆောင်ရွက်မှုများနှင့် မဟာဗျူဟာမြောက်သက်ရောက်မှုများအနေဖြင့် အိန္ဒိယ၏ ကာကွယ်ရေးဆိုင်ရာ မတူကွဲပြားသည့်မဟာဗျူဟာသည် ယခုအခါ နိုင်ငံရေးအခြေအနေများမပါဘဲ ပိုမိုကောင်းမွန်သော နည်းပညာပူးပေါင်းဆောင်ရွက်မှုများကို ပေးဆောင်နေသည့် ဥရောပမိတ်ဖက်များအပေါ် အာရုံစိုက်ထားသည်။ ဆွီဒင်၊ ဂျာမနီ၊ အီတလီနှင့် အခြားဥရောပနိုင်ငံများကို အစဉ်အလာအရ ရောင်းချသူများ၏အစားထိုးရွေးချယ်မှုအဖြစ် အကဲဖြတ်လျက်ရှိသည်။ အိန္ဒိယနိုင်ငံသည် ကာကွယ်ရေးပစ္စည်းထုတ်လုပ်မှုတွင် ရူပီးကုဋေ သုံးသိန်းရှိပြီး ၂၀၂၉ ခုနှစ်တွင် ကာကွယ်ရေးပစ္စည်းတင်ပို့မှုမှ ရူပီးကုဋေ ၅၀၀၀၀ ရရှိရန်ရည်မှန်းထားသည်။ အဓိက အားဖြင့် ပြည်တွင်းစက်မှုစွမ်းရည်ကို တည်ဆောက်ရာတွင် နိုင်ငံခြားငွေသုံးစွဲမှုကို လျှော့ချရန် ရည်မှန်းထားသည်။

အချုပ်အားဖြင့်ဆိုရလျှင် အမေရိကန်-အိန္ဒိယ ကာကွယ်ရေးဆက်ဆံမှု၏ လက်ရှိအခြေအနေသည် နှစ်နိုင်ငံ၏ ရေရှည်အကျိုးစီးပွားကို ဖော်ဆောင်နိုင်ခြင်းမရှိသော မဟာဗျူဟာမြောက် မှားယွင်းသောတွက်ချက်မှုကို ကိုယ်စားပြုနေသည်။ အမေရိကန်သမ္မတဒေါ်နယ်ထရန့်၏ အကောက်ခွန်ဗဟိုပြုချဉ်းကပ်မှုသည် ရေတိုစီးပွားရေးအကျိုးအမြတ်များအတွက် ဆယ်စုနှစ်များစွာ ဂရုတစိုက်တည်ဆောက်ထားသောယုံကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုကို ပျက်စီးဆုံးရှုံးစေခဲ့သည်။ အိန္ဒိယအတွက် အကျပ်အတည်းသည် ကာကွယ်ရေးဆိုင်ရာ မတူကွဲပြားမှုနှင့် ပြည်တွင်းထုတ်စွမ်းရည်များ ဖွံ့ဖြိုးတိုးတက်မှုကို အရှိန်မြှင့်ပေးခဲ့ပြီး ပေးသွင်းသည့် နိုင်ငံတစ်နိုင်ငံတည်းအပေါ်မှီခိုအားထားမှုကို အနာဂတ်တွင် လျှော့ချနိုင်ခြေရှိသည်။ အိန္ဒိယသည် အခြားလုပ်ဖော်ကိုင်ဖက်များနှင့် ပြည်တွင်းထုတ်လုပ်မှုဆီသို့ ဦးတည်နေသောကြောင့် အနောက်နိုင်ငံများ၏ ပိတ်ဆို့အရေးယူမှုများကြားမှ အိန္ဒိယက ရုရှားနှင့် ပိုမိုနီးကပ်စေရန် တွန်းအားပေးလုပ်ဆောင်နေချိန်တွင် တရုတ်၏ အင်အားကြီးထွားလာမှုကို ဟန်ချက်ညီစေရန်အတွက် အမေရိကန်သည် အရေးပါသောမဟာမိတ်ကို ဆုံးရှုံးသွားမည်ဖြစ်သည်။ ကာကွယ်ရေးမိတ်ဖက်ပူးပေါင်းဆောင်ရွက်မှု ယိုယွင်းလာခြင်းသည် အိန္ဒိယကဲ့သို့ ဂုဏ်ယူလွတ်လပ်သောနိုင်ငံများနှင့် ဆက်ဆံရာတွင် နှစ်နိုင်ငံဆက်ဆံရေးကို ပို၍ထိခိုက်လာဖွယ်ရှိကြောင်း တင်ပြလိုက်ရပါသည်။

**ကိုးကား**

- The Deteriorating US-India Defence Partnership: Trump's Tariffs Challenge Strategic Cooperation, Indian Defence News , August, 2025.

**မောင်ဝေလွှမ်း(သုတေသီ)**

# ချစ်စရာ့အရွယ် စာဖတ်မယ်

ကလေး စာပေကဏ္ဍ

## စည်းကမ်းအစ မိမိကိုယ်တိုင်က

ကလေးတို့ရေ ဒီတစ်ပတ် တီလေးပြောပြချင်တဲ့ပုံပြင်ကလေးက စည်းကမ်းအစ မိမိကိုယ်တိုင်က ဆိုတဲ့ ပုံပြင်လေးပဲဖြစ်ပါတယ်ကွယ်။

ပုံပြင်လေးကတော့ ဒီလိုကွဲ့။ တစ်ခါက စာသင်ကျောင်းလေးတစ်ကျောင်းမှာ စာလုပ်ရမှာ သိပ်ပျင်းတဲ့ မောင်ဖိုးချစ်ဆိုတဲ့ ကျောင်းသားကလေးတစ်ယောက်ရှိသတဲ့။ မောင်ဖိုးချစ်ကလေးဟာ အဖေနဲ့အတူ မနက်တိုင်းကျောင်းကို လာလေ့ရှိသတဲ့ကွယ်။ မောင်ဖိုးချစ်ရဲ့ အဖေနဲ့အမေဟာ မောင်ဖိုးချစ်ကလေးကို အသက်ကြီးမှရလာတဲ့ ကလေးလေးဖြစ်တာကြောင့် သိပ်ကိုချစ်ကြသတဲ့ကွယ်။ မောင်ဖိုးချစ်ကလေး ပူဆာသမျှကိုလဲ အလိုလိုက်အကြိုက်ဆောင်ပြီး ဖြည့်ဆည်းပေးတာပေါ့ကွယ်။ မောင်ဖိုးချစ်ကလေးဟာ မိဘတွေအလိုလိုက်တာကြောင့် ပစ္စည်းဥစ္စာတွေ တန်ဖိုးမထားဘူးပေါ့ကွယ်။ ကျောင်းကိုလာတဲ့အချိန် စာအုပ်၊ ခဲတံတွေပါလာပြီး အိမ်ကိုပြန်ရောက်ရင် ပါမလာဘူးတဲ့ကွယ်။ မောင်ဖိုးချစ်ရဲ့အဖေဟာ မနက်တိုင်းအလုပ်သွားရင်း မောင်ဖိုးချစ်ကလေးကို ကျောင်းပို့ပြီး ညနေကျောင်းဆင်းချိန်ရောက်ရင်တော့ မောင်ဖိုးချစ်ကလေးဟာ တစ်ယောက်ထဲ အိမ်ပြန်လေ့ရှိသတဲ့ကွယ်။ အိမ်အပြန်လမ်းတစ်လျှောက်မှာတော့ ကျောင်းစာအုပ်တွေကိုဖြဲပြီး စက္ကူစွန်လေးလုပ် ကောင်းကင်ကိုပစ်လွှတ်တမ်းကစားကာ ပြန်လာလေ့ရှိသတဲ့ကွယ်။ ဆရာမသင်လိုက်တဲ့၊ ရေးမှတ်ထားတဲ့စာအုပ်ကိုဖြဲပြီး ဆော့ကစားသတဲ့။ အိမ်ကထည့်ပေးလိုက်တဲ့ ခဲတံတွေကိုလဲ ချိုးပစ်ပြီး စာရေးဖို့ခဲတံလိုလာရင် သူငယ်ချင်းတွေဆီက ငှားလေ့ရှိသတဲ့ကွယ်။ ကြာလာတော့ သူငယ်ချင်းတွေဟာ မောင်ဖိုးချစ်ကလေးကို ဘာပဲငှားငှား ပြန်မပေးတော့တာကြောင့် မငှားဖို့ဆုံးဖြတ်လိုက်ကြ သတဲ့ကွယ်။ မောင်ဖိုးချစ်ကလေးက သူငယ်ချင်းရေလို့ခေါ်လိုက်တာနဲ့ အားလုံးဟာ ရှောင်ဖယ်သွားကြတော့တာပေါ့။

ကလေးတို့ရေ မောင်ဖိုးချစ်ကလေးဟာ အမည်ကသာ ချစ်စရာကောင်းပြီး အဆော့လဲမက်၊ ကတိလဲမတည်၊ အပျင်းကြီးပြီး စည်းကမ်းမရှိဘူးဆိုကာ သူငယ်ချင်းတွေက ရှောင်ဖယ်သွားကြတာပေါ့ကွယ်။ မောင်ဖိုးချစ်ကလေးဟာ အချိန်တွေကြာလာတာနဲ့ အမျှ သူငယ်ချင်းအပေါင်းအသင်းမရှိတာကြောင့် အားငယ်ပြီး ဝမ်းနည်းလာသတဲ့ကွယ်။ မောင်ဖိုးချစ်ကလေး နေမကောင်းလို့ ကျောင်းပျက်ရင်တောင် စည်းကမ်းမရှိတဲ့သူဆိုပြီး စာအုပ်တွေမငှားကြဘူးတဲ့ကွယ်။ အဖော်အပေါင်းမရှိတော့တဲ့ မောင်ဖိုးချစ်ကလေးဟာ စိတ်ပျက်လာပြီး အားငယ်လာတာပေါ့ကွယ်။ တစ်နေ့မှာတော့ ဆရာမဟာ ကလေးတွေကို အခုလိုပဲမှာလိုက်သတဲ့ကွယ်။

"ကလေးတို့ရေ စာမေးပွဲရက်နီးလာပြီ။ သီတင်းကျွတ်ကျောင်းတွေလဲ ပိတ်တော့မယ်ကွယ်။ ကျောင်းတွေပိတ်လို့ ဆရာမမြို့ကိုပြန်တဲ့အခါ အရုပ်ခဲတံ၊ အရုပ်ခဲဖျက်လှလှလေးတွေဝယ်လာပြီး အတန်းထဲမှာ စာမေးပွဲဖြေတဲ့အခါ အမှတ်အများဆုံး၊ စာအတော်ဆုံးလူကိုဆုချမယ်"လို့ ပြောလိုက်သတဲ့ကွယ်။ ဆရာမရဲ့ အရုပ်ခဲတံလှလှလေးဆိုတဲ့စကားကြောင့် မောင်ဖိုးချစ်ကလေးလဲ အခြားကလေးတွေလို လိုချင်သွားတော့တာပေါ့ကွယ်။ မောင်ဖိုးချစ်ကလေးဟာ ဆရာမပေးမဲ့ဆုလေးကို လိုချင်တာကြောင့် သူဘယ်လိုလုပ်ရမလဲဆိုတာ သူငယ်ချင်းတွေကို မေးသတဲ့ကွယ်။ မောင်ဖိုးချစ်ရဲ့စကားကိုကြားတော့ သူငယ်ချင်းတွေက ဝိုင်းရယ်ကြတော့တာပေါ့။ ဆရာမ စာသင်ရင်အပျင်းကြီးပြီး စာမလုပ်ချင်၊ ဆရာမက ရိုက်မယ်လို့ ကြိမ်းလိုက်တဲ့အချိန်ပဲ စာရေးတဲ့သူ၊ စာအုပ်တွေကို စည်းကမ်းမရှိ ဆုတ်ဖြဲတတ်သူမို့ အခုလိုဆရာမပေးတဲ့ဆုကို ရချင်တယ်ကြားတော့ သူငယ်ချင်းတွေရဲ့ ဝိုင်းလှောင်တာကို ခံရတာပေါ့ကွယ်။ မောင်ဖိုးချစ်ကလေးလဲ သူငယ်ချင်းတွေ ဝိုင်းလှောင်ပြီး ရယ်မောကြတာကိုမြင်တော့ ရှက်ရှက်နဲ့ ဘယ်သူ့ကိုမေးရမှန်း မသိတော့ဘဲ အိမ်ကိုပြန်လာတော့တာပေါ့ကွယ်။ မောင်ဖိုးချစ်ကလေးလဲ သူဘယ်လိုလုပ်ရမလဲဆိုတာ အိမ်ကိုပြန်ရောက်တဲ့အခါ အဖေနဲ့အမေကို မေးမြန်းသတဲ့ကွယ်။ မောင်ဖိုးချစ်ရဲ့ မိဘနှစ်ပါးဟာ သားဖြစ်သူရဲ့စကားကိုကြားတော့ အခုလို အကြံပေးလိုက်သတဲ့ကွယ်။

"သားလေးဖိုးချစ်ရေ အခုချိန်ကစပြီး ဆရာမသင်သမျှစာတွေကို သေသေချာချာရေးမှတ်ပါ။ စာအုပ်တွေကိုဖြဲပြီး မဆော့နဲ့။ သူငယ်ချင်းတွေကိုလဲ ချစ်ချစ်ခင်ခင်နဲ့ ကူညီရိုင်းပင်းတတ်တဲ့သူငယ်ချင်းကောင်းဖြစ်အောင်နေရမယ်။ ကျောင်းပိတ်ရက်တွေမှာ ဆရာမသင်တဲ့စာတွေကို သူငယ်ချင်းတွေဆီက ပြန်ကူးပြီး ညတိုင်း စာမှန်မှန်ကျက်မယ်ဆိုရင် သားလေးဟာ ဆရာမပေးတဲ့ဆုကို ရနိုင်ပါတယ်" လို့ ရှင်းပြလိုက်သတဲ့ကွယ်။

မောင်ဖိုးချစ်လဲ အဖေနဲ့အမေပြောတဲ့အတိုင်း လိုက်နာပြီး ဆရာမသင်သမျှစာတွေကို သေသေချာချာသင်ယူကာ စာကိုကြိုးစားလာသတဲ့ကွယ်။ ဒီလိုနဲ့ စာမေးပွဲဖြေတဲ့နေ့ကို ရောက်လာတော့ မောင်ဖိုးချစ်ကလေးဟာ အကောင်းဆုံးဖြေဆိုနိုင်သတဲ့ကွယ်။ ဆရာမပေးတဲ့ဆုကိုလဲ မောင်ဖိုးချစ်ကလေးက ရသွားတော့တာပေါ့။ မောင်ဖိုးချစ်ကလေးဟာ လိမ္မာယဉ်ကျေးပြီး စည်းကမ်းလိုက်နာတတ်သူလို့ သတင်းမွှေးလာတော့တာပေါ့ကွယ်။

ကလေးတို့ရေ မောင်ဖိုးချစ်ကလေးဟာ စည်းကမ်းရဲ့တန်ဖိုးကို နားလည်သဘောပေါက်လာတာကြောင့် သူငယ်ချင်းတွေဖြစ်ဖြစ်၊ ငယ်ရွယ်တဲ့ကလေးတွေဖြစ်ဖြစ် စည်းကမ်းချိုးဖောက်တာကို မြင်ရင် စည်းကမ်းရှိရှိနဲ့နေတတ်အောင် သွန်သင်ဆုံးမသတဲ့ကွယ်။ တကယ်တော့ စည်းကမ်းဆိုတာကို နားလည်သဘောပေါက်လာတဲ့အခါ မိမိကိုယ်တိုင်လိုက်နာကျင့်သုံးရင် အကျိုးကျေးဇူးတွေများလာမှာဆိုတာကို မောင်ဖိုးချစ်ကလေးဟာ နားလည်သဘောပေါက်သွားတော့တာပေါ့ကွယ်။

ကလေးတို့ရေ မိမိကိုယ်တိုင် စည်းကမ်းတကျလိုက်နာမယ်ဆိုရင် စနစ်တကျ နေထိုင်တတ်လာပြီး အများအတွက်သာမက တိုင်းပြည်အတွက်ပါ အားကိုးရတဲ့၊ ထက်မြက်တဲ့ လူတော်လူကောင်းလေးတွေ ဖြစ်လာအောင် ကြိုးစားကျင့်ကြံနေထိုင်သွားကြရမယ်နော်။ စည်းကမ်းသေဝပ်ပြီး ထူးချွန်လိမ္မာတဲ့ ကလေးလေးတွေဖြစ်ကြပါစေကွယ်။

**မယ်လေးခင်(မနော‌မြေ)**



## သွားကျန်းမာရေး အလေးပေး



- နံနက်ထတိုင်း သွားတိုက်ပါ
  သွားကျန်းမာဖို့ရာ၊
  မာကျောအရာ မကိုက်ရ
  သတိထားပါဗျ။

- ပူလောင်ပြင်းလှ စားသောက်ဖွယ်
  ရှောင်ကြဉ်ကြပါကွယ်၊
  အိပ်ရာဝင်မယ် အစဉ်တွေး
  သွားတိုက်ပါစို့လေး။ ။

**စိုင်းနေဝန်း(ဟုမ္မလင်း)**

## တို့အိမ်ထဲက ဥယျာဉ်ကလေး



- ကမ္ဘာမြေအား အလှဆင်
  စိုက်ပျိုးကြသစ်ပင်၊
  အိမ်နားဝန်းကျင် ဥယျာဉ်
  အမှန်ဝင်ငွေတိုး။

- ဖြိုးမောက်ပါတဲ့ ဘူးဖရုံ
  ချဉ်ပေါင်သခွားအစုံ၊
  မွေးပျိုးသင်းထုံ ရောင်စုံပန်း
  တို့အိမ်ဥယျာဉ်နန်း။
  စိမ်းစိုစိတ်ရွှင်လန်း။

**ပန်းမာလာ**

## ဆွီဒင်နိုင်ငံတွင် အပူချိန်မြင့်မားကာ မြစ်ရေလျော့နည်းလာမှုကြောင့် သောက်သုံးရေအကန့်အသတ်ဖြင့်သာ ပေးဝေသွားမည်



**စတော့ဟုမ်း ဩဂုတ် ၁၆**

ဆွီဒင်နိုင်ငံတွင် အပူချိန်မြင့်မားကာ စတော့ဟုမ်းမြို့နှင့်အနီးပတ်ဝန်းကျင်ရှိမြို့များသို့ ရေပေးဝေနေသည့် မြေအောက်ရေခန့်မြစ်ရေများ လျော့နည်းလာမှုကြောင့် လာမည့်ရက်သတ္တပတ်မှစတင်၍ သောက်သုံးရေကို အကန့်အသတ်ဖြင့်သာ ပေးဝေသွားမည်ဖြစ်ကြောင်း Stockholm Water and Waste အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

စတော့ဟုမ်းမြို့နှင့်အနီးပတ်ဝန်းကျင်မြို့များသို့ ရေပေးဝေနေသည့် မာလာရင်ကန်တွင်ရေလျော့နည်းလာပြီး ၎င်းကန်မှာ လူဦးရေ နှစ်သန်းကျော်အတွက် သောက်သုံးရေကို အဓိကပေးဝေလျက်ရှိကြောင်း၊ မြေအောက်ရေခန်းခြောက်မှုနှင့် မြစ်ချောင်း၊ ကန်များအတွင်း ရေလျော့နည်းကျဆင်းလာမှုကြောင့် ရေကူးကန်များတွင် ရေဖြည့်ခြင်းကို ရပ်ဆိုင်းထားသကဲ့သို့ မော်တော်ယာဉ်များ ရေဆေးခြင်းနှင့် ပန်းဥယျာဉ်များတွင် ရေဖြန်းခြင်းတို့ကိုလည်း ယာယီရပ်ဆိုင်းထားကြောင်း သိရသည်။

"အနာဂတ်မှာ သောက်သုံးရေ ဖူလုံဖို့အတွက် ရေစုဆောင်းဖို့ လိုအပ်နေပါတယ်။ ဆွီဒင်ရဲ့ရာသီဥတုပြောင်းလဲမှုဟာ တော်တော်ကို မြန်ဆန်နေပါတယ်။ ဆောင်းရာသီရောက်ရင်လဲ ဆောင်းရာသီကာလဟာ ပုံမှန်ထက် တိုတောင်းသွားနိုင်တယ်။ အပူချိန်မြင့်တက်မှုကြောင့် မြေအောက်ရေခန်းခြောက်မှုတွေ မြစ်ချောင်း၊ ကန်တွေမှာ ရေလျော့နည်းကျဆင်းမှုတွေ ဖြစ်ပေါ်နေတယ်။ ဒါကြောင့် သောက်သုံးရေကိုလဲ အကန့်အသတ်နဲ့ ပေးဝေသွားတော့မှာဖြစ်ပါတယ်။ ရာသီဥတု ဖောက်ပြန်မှုကြောင့် သောက်သုံးရေပြဿနာဟာ တော်တော်လေးကို ကြီးမားလာနိုင်ပါတယ်"ဟု Stockholm Water and Waste အဖွဲ့အစည်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Sputnik News
Trs : Sai Sat

## နိုင်ဂျီးရီးယားနိုင်ငံတွင် ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်နေရသော ဒေသခံများကို ဘေးလွတ်ရာရွှေ့ပြောင်းရန် ထုတ်ပြန်ထား

**အဘူဂျာ ဩဂုတ် ၁၆**

နိုင်ဂျီးရီးယားနိုင်ငံတွင် မိုးသည်းထန်စွာ ရွာသွန်းမှုဖြစ်ပေါ်နေပြီး မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်နေရသောကြောင့် ဒေသခံများကို ယနေ့မှစတင်၍ ဘေးလွတ်ရာရွှေ့ပြောင်းရန် နိုင်ဂျီးရီးယားဖက်ဒရယ်အစိုးရက ထုတ်ပြန်ထားကြောင်း ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ရေကြီးရေလျှံမှုသည် ယနေ့မှစ၍ ဩဂုတ် ၂၀ ရက်အတွင်း ဆိုးရွားစွာဖြစ်ပေါ်လာနိုင်ပြီး တာဝန်ရှိသူများက မြေပြင်တွင် ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်နေရသည့် ဧရိယာများကိုသွားရောက်စစ်ဆေးပြီးနောက် ဒေသခံများကိုဘေးလွတ်ရာ ရွှေ့ပြောင်းရန်ထုတ်ပြန်ထားခြင်းဖြစ်ကြောင်း၊ ဖက်ဒရယ်အစိုးရ၏ထုတ်ပြန်ချက်အရ ရေဘေးဒဏ်သင့် ပြည်နယ်ပေါင်းများစွာ ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်နေရကြောင်း သိရသည်။

"မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဘီနူမြစ်ရေလျှံတက်မှုတွေဖြစ်ပေါ်နေပါတယ်။ ဘီနူမြစ်ကြောင်းတစ်လျှောက်မှာရှိတဲ့ နေရာအများစုဟာ ရေဘေးအန္တရာယ်နဲ့ ရင်ဆိုင်နေရတယ်။ နေရာပေါင်း ၆၆ နေရာထိ ရေဘေးအန္တရာယ်နဲ့ ရင်ဆိုင်နေရပြီးတော့ နေရာပေါင်း ၅၅ နေရာမှာတော့ စိုးရိမ်ရတဲ့ ရေကြီးရေလျှံမှု ဖြစ်ပါတယ်။ စိုးရိမ်ရတဲ့နေရာတွေမှာ နေထိုင်တဲ့ဒေသခံတွေကို ဘေးလွတ်ရာ ရွှေ့ပြောင်းဖို့လဲ ထုတ်ပြန်ထားပါတယ်"ဟု ဖက်ဒရယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူ အုစမန်က ပြောကြားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

## တူကီယဲနိုင်ငံ အနောက်မြောက်ပိုင်းတွင် တောမီးအန္တရာယ်ကြောင့် ဒေသခံများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရ

**အစ္စတန်ဘူလ် ဩဂုတ် ၁၆**



တူကီယဲနိုင်ငံ အနောက်မြောက်ပိုင်းရှိ Kocaeli ပြည်နယ်တွင် ဩဂုတ် ၁၅ ရက်က တောမီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ပြီး လေပြင်းတိုက်ခတ်ကာ တောမီးလောင်ကျွမ်းမှု ပြင်းထန်သဖြင့် တောမီးအန္တရာယ်ကြောင့် ဒေသခံများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း အာဏာပိုင်များက ယနေ့တွင် ပြောကြားခဲ့ သည်။

Karamursel ခရိုင် Kocaeli ပြည်နယ်တွင် ဩဂုတ် ၁၅ ရက် နေ့လယ်ပိုင်းက တောမီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ပြီး လေပြင်းတိုက်ခတ်မှုကြောင့် တောမီးကူးစက်လောင်ကျွမ်းမှု လျင်မြန်စွာပျံ့နှံ့ခဲ့ကြောင်း၊ လေတိုက်နှုန်းမှာ တစ်နာရီလျှင် ကီလိုမီတာ ၆၀ မှ ၈၀ ထိရှိကြောင်း Kocaeli အုပ်ချုပ်ရေးမှူးရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

တောမီးကြောင့် နေအိမ်အများအပြားပျက်စီးခဲ့ကြောင်း၊ တောမီးလောင်ကျွမ်းမှုအရှိန်ပြင်းထန်သောကြောင့် အင်အားသုံးငြိမ်းသတ်နေသည့်အပြင် လေကြောင်းအကူအညီပါရယူထားရကြောင်း၊ တောမီးငြိမ်းသတ်ရန် လေယာဉ်ခြောက်စီး၊ ရဟတ်ယာဉ် ၁၀ စီး၊ မီးသတ်ယာဉ် ၇၃ စီးနှင့်မီးသတ်တပ်ဖွဲ့ဝင်အင်အား ၂၀၀ ဖြင့် တောမီးငြိမ်းသတ်ရန် ကြိုးပမ်းခဲ့ကြောင်း သိရသည်။

လက်ရှိအချိန်ထိ တောမီးကို ရာနှုန်းပြည့် မထိန်းချုပ်နိုင်သေးကြောင်း၊ လေပြင်းတိုက်ခတ်မှုကြောင့် တောမီးအရှိန်ပြန်လည်ပြင်းထန်လာမည်ကို စိုးရိမ်နေကြောင်း ပြည်နယ်အာဏာပိုင်များက ပြောကြားခဲ့သည်။

Ref : Russia Today
Trs : KZ

## ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးမှုကြောင့် လူ ၃၀၀ ခန့် သေဆုံးခဲ့

**အစ္စလာမ်မာဘတ် ဩဂုတ် ၁၆**

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်းတွင် ဩဂုတ် ၁၄ ရက်ကစ၍ မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးမှုကြောင့် ဩဂုတ် ၁၄ ရက်မှ ယနေ့ထိ လူဦးရေ ၃၀၀ ခန့် သေဆုံးခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

ပါကစ္စတန်နိုင်ငံတွင် ရာသီဥတုဆိုးရွားမှုကြောင့် ဝေဟင်မှ ကယ်ဆယ်ရေး ဆောင်ရွက်နေသောရဟတ်ယာဉ်တစ်စီး ပျက်ကျခဲ့ကြောင်း၊ အဆိုပါရဟတ်ယာဉ်တွင် ကယ်ဆယ်ရေးပစ္စည်းများပါပြီး ယာဉ်မှူးအပါအဝင် အမှုထမ်းငါးဦး သေဆုံးခဲ့ကြောင်း၊ ထိုသို့ မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ ရေကြီးခြင်း၊ မိုးကြိုးပစ်ခြင်းနှင့် အဆောက်အအုံ ပြိုကျခြင်းတို့ကြောင့် Khyber Pakhtunkhwa ပြည်နယ်တွင် လူဦးရေ ၂၀၀ ခန့်လည်း သေဆုံးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ထို့ပြင် Buner နယ်မြေတွင်လည်း လူဦးရေ ၁၀၀ ခန့်သေဆုံးခဲ့ကြောင်း အမျိုးသားဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု အာဏာပိုင်အဖွဲ့မှ ဒေသဆိုင်ရာ တာဝန်ရှိသူများက ပြောကြားခဲ့သည်။

"Swat ခရိုင်ရှိ မြစ်၊ ချောင်းတွေမှာ ရေကြီးမှုကြောင့် ရေမျက်နှာပြင် အတော်လေးမြင့်တက်ကာ စိုးရိမ်ရေမှတ်ရောက်နေတဲ့အတွက် ဒေသခံအယောက် ၂၀၀၀ ကျော်ကို ရေဘေးကင်းလွတ်ရာကို ရွှေ့ပြောင်းပေးထားပါတယ်။ ဒါ့ပြင် လတ်တလော မိုးရွာသွန်းမှုကြောင့် ရေလွှမ်းမိုးမှုအခြေအနေကို ပြန်လည်သုံးသပ်ဖို့ ကယ်ဆယ်ရေးလုပ်ငန်းတွေကို ထိရောက်မြန်ဆန်စွာဆောင်ရွက်နိုင်ရေး အရေးပေါ်အစည်းအဝေးကို ဩဂုတ် ၁၅ရက်မှာ ကျင်းပခဲ့ပါတယ်"ဟု ပြည်နယ်ဝန်ကြီးချုပ် ဆာဟတ် အလီရှဟ်က ပြောကြားခဲ့သည်။

ပါကစ္စတန်နိုင်ငံသည် လက်ရှိ မုတ်သုံရာသီအတွင်း ပုံမှန်ထက် မိုးပိုမိုရွာသွန်းသဖြင့် ရေကြီးရေလျှံမှုများဖြစ်ကာ လမ်းများနှင့် အဆောက်အအုံများ ရေစီးကြောင်းကြောင့် ပျက်စီးခဲ့ကြောင်း၊ ထို့ကြောင့် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အမြန်ဆုံးဆောင်ရွက်နိုင်ရန် လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

Ref : Sputnik News
Trs : KZ

## ဝေလနိုင်ငံအရှေ့တောင်ဘက်ပိုင်းကောင်တီတချို့ကို မိုးခေါင်မှုအရေးပေါ်အခြေအနေ သတ်မှတ်

**ကာဒစ် ဩဂုတ် ၁၆**

ဝေလနိုင်ငံအရှေ့တောင်ဘက်ပိုင်းတွင် ပူပြင်းခြောက်သွေ့သည့် ရာသီဥတုဖြင့် ခြောက်လတိုင်တိုင် ရင်ဆိုင်ခဲ့ရပြီးနောက် ဩဂုတ် ၁၅ ရက်မှစတင်၍ မိုးခေါင်မှုအရေးပေါ်အခြေအနေအဖြစ် သတ်မှတ်ကြောင်း ဝေလနိုင်ငံ Natural Resources Wales (NRW) က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

မိုးခေါင်မှုအရေးပေါ်အခြေအနေ သတ်မှတ်လိုက်သည့် ကောင်တီများမှာ ဖေးလ်အော့ဂလာမော်ဂန်ကောင်တီ၊ ရွှန်ဒါကန်ညွှန်တက်ဖ်ကောင်တီတို့ဖြစ်ပြီး ၁၉၇၆ ခုနှစ်နောက်ပိုင်း ခြောက်သွေ့မှုနှုန်းအပြင်းထန်ဆုံး အခြေအနေဖြင့် ရင်ဆိုင်နေရခြင်းဖြစ်ကြောင်း၊ ပြည်သူများ တစ်နေ့တာအခြေခံအသုံးပြုရမည့်ရေပမာဏကို ရရှိရန်ခက်ခဲနေသကဲ့သို့ စီးပွားရေးလုပ်ငန်းတချို့လည်း သောက်သုံးရေများလိုအပ်နေသည့် အခြေအနေဖြင့် ရင်ဆိုင်နေရသည့်အတွက် သောက်သုံးရေထောက်ပံ့ပေးနိုင်ရေးအတွက် Natural Resources Wales (NRW) က စီစဉ်ပေးမည်ဖြစ်ကြောင်း သိရသည်။

"ဝေလနိုင်ငံ အရှေ့တောင်ဘက်ပိုင်း ကောင်တီတွေမှာဖြစ်ပေါ်နေတဲ့ပူပြင်းခြောက်သွေ့မှုဟာ ၁၉၇၆ ခုနှစ်နောက်ပိုင်းအဆိုးရွားဆုံးပူပြင်းခြောက်သွေ့မှုတစ်ရပ်ပဲဖြစ်ပါတယ်။ မြစ်ချောင်းတွေမှာလဲ ရေပမာဏ သိသိသာသာကျဆင်းလာခဲ့ပြီးတော့ မိုးရေအနည်းငယ်သာရရှိခဲ့ပါတယ်။ မြေအောက်ရေခန်းခြောက်မှုကြောင့်လဲ သောက်သုံး ရေအကျပ်အတည်းနဲ့ရင်ဆိုင်ရနိုင်တဲ့ အခြေအနေဖြစ်နေတယ်။ ဒါကြောင့် မိုးခေါင်မှုအခြေအနေဆိုးရွားနေတဲ့ ဖေးလ်အော့ဂလာမော်ဂန်ကောင်တီ၊ ရွှန်ဒါကန်ညွှန်တက်ဖ်ကောင်တီတွေမှာ မိုးခေါင်မှုအရေးပေါ် အခြေအနေအဖြစ် သတ်မှတ်လိုက်ပါတယ်။ အရေးပေါ်အခြေအနေသတ်မှတ်လိုက်ပြီဖြစ်တဲ့အတွက် သောက်သုံးရေရရှိရေးအတွက် NRW က စီစဉ်ပေးသွားမှာပါ"ဟု Natural Resources Wales (NRW) မှ ပြောရေးဆိုခွင့်ရှိသူ သောမတ်စ်က ပြောကြားခဲ့သည်။

Ref : Sputnik News
Trs : Sai Sat

သစ်ပင်စိုက်ပါ တို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ








## ဖခင်အမည်မှန်

မန္တလေးမြို့၊ သူရိန်နန်းကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-12 တွင် ပညာသင်ကြားနေသော မမေသန္တာဆွေ၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးမြင့်သန်းဆွေ ဖြစ်ပါကြောင်း။

**ဦးမြင့်သန်းဆွေ(၅/မကန(နိုင်)၀၄၉၇၉၈)**

## ဖခင်အမည်မှန်

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ Ever Top Private High School Grade-12 တွင် ပညာသင်ကြားနေသော မရွှေရည်ဖူးပွင့်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးမောင်မောင်ဖြစ်ပါကြောင်း။ **ဦးမောင်မောင်(၉/ခမစ(နိုင်)၀၇၄၅၄၆)**

## ပျောက်ဆုံးကြောင်း

ကျောက်ဆည်မြို့နယ်၊ ခတ်တော်သပြေဝန်းကျေးရွာနေ မောင်မင်းရှိန် (ဘ) ဦးခင်မောင်ကျော်(၉/စကတ(နိုင်)၀၉၂၉၂၃)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-675887266**

## ဖခင်အမည်မှန်

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ မစိုးရိမ်ဘုန်းတော်ကြီးသင်အလယ်တန်းကျောင်း၊ Grade-5 တွင် ပညာသင်ကြားနေသော မပြည့်မှူးခင်၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **ဦးမောင်မောင်** ဖြစ်ပါကြောင်း။

**ဦးမောင်မောင်(၉/ခမစ(နိုင်)၀၇၄၅၄၆)**

## မွေးသက္ကရာဇ်အမှန်

ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်၊ အထက စဉ့်ကိုင် Grade-10(B) မှ မောင်ဇွဲရန်နိုင်(၃၀၉၉)၏ မွေးသက္ကရာဇ်အမှန်မှာ နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုလူဦးရေစာရင်းအရ ၂၇-၄-၂၀၀၉ ဖြစ်ပါကြောင်း။ **မောင်ဇွဲရန်နိုင်(၂၇-၄-၂၀၀၉)**

## ပျောက်ဆုံးကြောင်း

ညောင်ဦးမြို့နယ်၊ ငါ့သရောက်ဆည်ရွာနေ မောင်မျိုးဇော်နိုင် (ဘ) ဦးမိုးကောင်း(၉/ညဥန(နိုင်)၁၅၃၃၃၄)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-445551423**

## ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဘဒ္ဒန္တ တေဇနိယ
## သက်တော် (၇၀) သိက္ခာတော် (၅၀)ဝါ

ရွှေဘိုမြို့နယ်၊ ကော့ရွာဘုရားကြီးကျောင်းတိုက် နယက ဆရာတော် မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးရန်လုံရပ်ကွက် နေထွက်ဂူတိုက်ငါးမည်ရ မဇ္ဈိမကျောင်း ဆရာတော်ဘုရားသည် ၁၃၈၇ ခုနှစ် ဝါခေါင်လပြည့်ကျော်(၇)ရက် ၁၅-၈-၂၀၂၅ သောကြာနေ့ ည ၇ နာရီ မိနစ် ၅၀ တွင် ဘဝနတ်ထံပျံလွန်တော်မူပါသောကြောင့် မန္တိမအဂ္ဂိစျာပနပူဇာအား ၁၃၈၇ ခုနှစ် ဝါခေါင်လပြည့်ကျော် (၁၁)ရက် ၁၉-၈-၂၀၂၅ အင်္ဂါနေ့ ၁၂ နာရီတွင် အေးရိပ်ငြိမ်သုသာန်သို့ပင့်ဆောင်ပြီး ၂ နာရီတွင် မီးပူဇော်မည်ဖြစ်ပါသဖြင့် ရပ်ဝေးရပ်နီး တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

**ဆရာတော်၏ တပည့်ဒါယကာ၊ ဒါယိကာမများ**

“အဂတိပယ်ခွာ ပြည်သာယာ”

Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ ဖြစ်စေ သက်ဆိုင်ရာ အစိုးရ ဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျသုခ နိလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

❖ မိမိတို့စုစည်းညီညွတ်မှုမရှိသမျှ မည်သည့်စီးပွားရေးစနစ်မျှ အောင်မြင်မည်မဟုတ်...

❖ မည်သည့်နိုင်ငံရေးစနစ်မျှ ခိုင်ခိုင်မာမာဦးဆောင်နိုင်မည်မဟုတ်...

❖ မည်သည့်လူမှုရေးစနစ်မျှ သာယာဝပြောစိတ်ချမ်းသာမှုကို ဆောင်ကြဉ်းပေးနိုင်မည်မဟုတ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် မတ် ၂၁ ရက်တွင် ပြုလုပ်သော ၂၀၂၅ အလွန် ဗဟုဝင်ရိုးကမ္ဘာတွင် မြန်မာနိုင်ငံကြုံတွေ့လာရမည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများသုံးသပ်ဆွေးနွေးပွဲသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်း၊ လူသုံးကုန်ပစ္စည်း၊ စားသောက်ကုန်ပစ္စည်း၊ လိုင်စင်မဲ့မော်တော်ယာဉ်၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင် ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ











နေပြည်တော် ဩဂုတ် ၁၆

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ဩဂုတ် ၁၄ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သီလဝါဆိပ်ကမ်း၌ ကုန်သေတ္တာငါးလုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ငါးမျိုး စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၄၀၁၃၆၇၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ကံတလူပူးပေါင်းစစ်ဆေးရေးဂိတ်နှင့် ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်တို့၌ တရားမဝင်ရှောင်တိမ်းဖော်ရာတွင် အသုံးပြုသည့် ၁၀ လက်မ လည်ချောင်းပိုက် ၂၂ လုံးအပါအဝင် ဆက်စပ်ပစ္စည်း ၅၇ မျိုး စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၀၆၆၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး မြန်မာ့သတ္တုတွင်းဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။ စာမျက်နှာ ၂၃ ကော်လံ ၁ ☆

## မယ်ဆိုင်ချောင်းရေ တာချီလိတ်မြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

နေပြည်တော် ဩဂုတ် ၁၆

ယနေ့နံနက် ၈ နာရီအချိန်တိုင်းထွာချက်အရ မယ်ဆိုင်ချောင်းရေသည် တာချီလိတ်မြို့(လွယ်တော်ခမ်းကျေးရွာ)တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခန့်ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း တစ်ပေခွဲခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ တာချီလိတ်မြို့နယ်အတွင်းရှိ ချောင်းကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ရန် သတိပေးနှိုးဆော်ထားကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

## မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်း ဆောင်ရွက်

စာမျက်နှာ - ၁၈

## မြို့နယ်အချို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

နေပြည်တော် ဩဂုတ် ၁၆

မြို့နယ်အချို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများဖမ်းဆီးရမိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၁၄ ရက် နံနက် ၆ နာရီခွဲတွင် မိုင်းဖြတ်မြို့နယ် မိုင်းဟဲကျေးရွာအုပ်စု ဘူရှီးကျေးရွာအနီးတွင် လော်စေး မောင်းနှင်လာသော ဆိုင်ကယ်၊ ကျဖီး မောင်းနှင်လာသော ဆိုင်ကယ်၊ ကျပေါ မောင်းနှင်လာသော ဆိုင်ကယ်နှင့် မောင်ရှည်(ခ)မောရှည် မောင်းနှင်လာသော ဆိုင်ကယ်တို့ကို စစ်ဆေးရှာဖွေရာ

စာမျက်နှာ ၂၃ ကော်လံ ၄ ❖



ပြစ်မှုကျူးလွန်သူ ကျပေါ၊ မောင်ရှည်(ခ)မောရှည်၊ ကျဖီးနှင့် လော်စေးတို့အား ဖမ်းဆီးရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

